အရှင်သံဝရာလင်္ကာရ

ဓမ္မပီယဆရာတော်



# အောင်မြင်မှုနှင့် ပထမမဏ္ဍိုင်

၃
၇

ဓမ္မလက်ဆောင်

သို့...............

...............

...............

မှ...............

...............

...............

ရက်စွဲ..............

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ-**

အလှူအားလုံးတွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။

(မြတ်ဗုဒ္ဓ)

စကြဝဠာအပြည့်ရှိတော်မူကြသော ဘုရား ရဟန္တာ အရှင်မြတ်တို့အား ပစ္စည်းလေးပါး ပေးလှူရခြင်းထက် လေးပါဒရှိသော ဂါထာတစ်ပုဒ်ကို ဟောပြောပို့ချကြားနာရခြင်းက ပိုမြတ်၏။ (အရှင်မဟာဗုဒ္ဓဃောသ)

## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၆၀၀၄၆၈၀၆၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၆၀၀၄၃၁၀၇၁၁ |
| ထုတ်ဝေသည့်ကာလ | - ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ |
| ထုတ်ဝေသည့်အကြိမ် | - ပထမအကြိမ် |
| ထုတ်ဝေသူ | - ဒေါ်ခင်မာချို (ပန်းဝေဝေစာပေ) |
| ပုံနှိပ်သူ | - ဦးကျော်ရင် ရွှေခြင်္သေ့ပုံနှိပ်တိုက် အမှတ်(၂၂၅)၊ အခန်း(၂) (၁၀)ရပ်ကွက်၊ ပန်းဘဲတန်း |
| မျက်နှာဖုံးဒီဇိုင်း | - တင်မိုးအောင် (Empire) |
| ပင်မဖြန့်ချိရေး | - ဓမ္မပိယစာပေ |
| တိုက်ရိုက်ဖြန့်ချိရေး | - ဦးရဲမြင့် ဖုန်း ၅၆၂၁၃၉ |
| အုပ်ရေ | - ၁၀၀၀ |
| တန်ဖိုး | - ၁၀၀၀ိ/- |



ထုတ်ဝေသည့်အကြိမ်း ပြန်ပွားရေး ... သန်စာကြည့်တိုက်
အမှတ် ၂၄၃၄၅၅
ရက်စွဲ ...



၂၄၉·၇

သံဝရာလင်္ကာရ၊ အရှင်(ဓမ္မပိယဆရာတော်)
အောင်မြင်မှုနှင့်ပထမကျော်ကြိုင်။ (ဓမ္မပိယဆရာတော်)။
-ရန်ကုန်
ပန်းဝေဝေစာပေ ၊ ၂၀၁၁ ။
၁၂၉ - စာ ၊ ၁၂. ၅ × ၁၈. ၅ စင်တီ။
(၁) အောင်မြင်မှုနှင့်ပထမကျော်ကြိုင်

ဓမ္မပိယစာစဉ် (၄၄)

# အောင်မြင်မှုနှင့် ပထမမဏ္ဍိုင်


## အရှင်သံဝရာလင်္ကာရ

ဓမ္မပိယဆရာတော်

ဓမ္မပိယသာသနာ့ရိပ်သာ

သုမင်္ဂလလမ်း၊သင်္ဃန်းကျွန်းမြို့နယ်

ရန်ကုန်မြို့။

သည့်စာဖတ်ရှ
မမြတ်သော်နေ
မရှုံးစေသား။
သုတ ရသ
တစ်ခုခုရရှ
စာပေသစ္စာ
တွေ့ရှိပါမူ
စာပေတာဝန်
ဝတ်ကျေပွန်ပြီ။
ငါသာလျှင်သိ
ငါသာလျှင်တော်
ငါသာလျှင်တတ်
ငါသာမြတ်ဟု
စာဖတ်သူအား
ကလေးပမာထား၍
ဆရာလုပ်တာ
မဟုတ်ပါတည်း။

# မာတိကာ


| | | |
|---|---|---|
| ၁။ | ရိုးသား နိုးကြား ကြိုးစား၊ ထို့အပြင် . . . (ELEVEN) | ၁ |
| ၂။ | အဆင်းမရှိသောလမ်းမှ အဆင်းရှိသောပန်း (ELEVEN) | ၁၀ |
| ၃။ | မကျွတ်မလွတ်သေးသော ဝိညာဉ်များ (ဓမ္မဒူတ) | ၁၆ |
| ၄။ | ပေးသူ မှန်လား၊ မှားလား (အတွေးသစ်) | ၂၃ |
| ၅။ | မပြီးဆုံးသော ပန်းချီကားတစ်ချပ် (ELEVEN) | ၃၀ |
| ၆။ | မြဝတီမင်းကြီးနှင့် ပညတ်သွားရာ (ELEVEN) | ၃၇ |
| ၇။ | သည်ကမ်းသောင်ယံ (ဓမ္မဒူတ) | ၄၄ |
| ၈။ | စုပေါင်းညီညာ အောင်ကြောင်းဖြာ (ELEVEN) | ၅၀ |
| ၉။ | ပေါ့ဆမီး (အတွေးသစ်) | ၅၈ |
| ၁၀။ | မနာလိုကင်း၊ ဝန်တိုရှင်း (ELEVEN) | ၆၅ |
| ၁၁။ | သစ္စာကို မဏ္ဍိုင်ပြု၍ (ELEVEN) | ၇၂ |
| ၁၂။ | စိတ်ရှည်၊ ဇွဲသန် (ELEVEN) | ၈၀ |
| ၁၃။ | နီဝရဏ-ပိတ်ဆို့ခြင်း (ELEVEN) | ၈၉ |
| ၁၄။ | ပညာသည်သာ မြတ်နိုးအပ်သောအရာ (ELEVEN) | ၉၆ |
| ၁၅။ | လူသစ် စိတ်သစ် နှစ်သစ် (ELEVEN) | ၁၀၃ |
| ၁၆။ | အောင်မြင်မှုနှင့် ပထမမဏ္ဍိုင် (ELEVEN) | ၁၁၂ |
| ၁၇။ | စာလုံးပေါင်းသတ်ပုံ (အတွေးသစ်) | ၁၂၂ |

နမတ္ထု ဗုဒ္ဓါနံ နမတ္ထု ဗောဓိယာ
နမော ဝိမုတ္တာနံ နမော ဝိမုတ္တိယာ။

## ရိုးသား နိုးကြား ကြိုးစား၊ ထို့အပြင် . . .

ဥဋ္ဌာနသမ္ပဒါ-
ရိုးသား နိုးကြား ကြိုးစား။
အာရက္ခသမ္ပဒါ-
စောင့်ရှောက်ရေး
ကာကွယ်ရေး
လုံခြုံရေး အထူးအလေးပေး။

သမ္ပဒါလေးပါးကို လူသိများသည်၊ အဘယ်ကြောင့်ဆိုသော် ဓမ္မကထိကတိုင်းကလည်း ဤသမ္ပဒါလေးပါးကို ဟောကြသည်၊ စာရေးဆရာတိုင်းလိုလိုကလည်း ဤသမ္ပဒါလေးပါးအကြောင်း ရေးကြသည်၊ သို့ဖြစ်၍ တရားနာသူအများစု၊ စာဖတ်သူအများစု၊ ဗုဒ္ဓစာပေနှင့် နီးစပ်သူအများစု ဤသမ္ပဒါလေးပါးနှင့် ရင်းနှီးမှုရှိကြသည်။

သို့ရာတွင် တွေးပုံ၊ မြင်ပုံ၊ ယူဆပုံချင်းတော့ တူချင်မှတူပေမည်၊ တွေးသူ၊ မြင်သူ၊ ယူဆသူ၏ လေ့လာမှု၊ ဆည်းပူးမှု၊ ရင့်ကျက်မှု၊ အတွေးနယ်ချဲ့နိုင်မှု၊ အမြင်ကျယ်ပြန့်မှုစသည်တို့အပေါ် မူတည်၍ ကျယ်ဝန်းသွားနိုင်သည်၊ နက်ရှိုင်းသွားနိုင်သည်၊ မှန်ပါသည်၊ ဘုရားဟောတရားတော်သည် တစ်လုံးဆိုတစ်လုံး၊ တစ်ခွန်းဆိုတစ်ခွန်း၊ တစ်ပုဒ်ဆိုတစ်ပုဒ်၊ တစ်ပါဒဆိုတစ်ပါဒ ထိထိရောက်ရောက်ရှိလှသည်။

ပထမဦးဆုံး "ဥဋ္ဌာနသမ္ပဒါ-ဥဋ္ဌာနနှင့် ပြည့်စုံရမည်" ဟု ဘုရားမိန့်သည်၊ ဥဋ္ဌာနပုဒ်ကို တိပိဋကပါဠိမြန်မာအဘိဓာန်၌ ကြည့်တော့ "ဥဋ္ဌာန-(၁)(က) ထခြင်း၊ (အိပ်ရာ၊ ထိုင်ရာစသည်မှ ထခြင်း)၊ (ခ) အထက်သို့တက်ခြင်း၊ (ဂ) ရေမှပေါ်လာခြင်း၊ (ဃ) ဖြစ်ခြင်း၊ ပေါ်ကွဲလာခြင်း၊ (င) ဝမ်းလေပွ၍ ခေတ်လျှောခြင်း၊ ဝမ်းသွားခြင်း၊ (၂) လုံ့လဝီရိယ၊ တက်တက်ကြွကြွအားထုတ်ကြောင်းတရား၊ (၃)(က) လယ်ယာထွက်သီးနှံ၊ (ခ) တိုင်းပြည်မှထုတ်သော အခွန်ဘဏ္ဍာ"ဟု ဖွင့်သည်။

ဤ၌ ဥဋ္ဌာနအနက်ကို လုံ့လဝီရိယနှင့် တက်ကြွမှုဟူသော အနက်နှစ်မျိုးကို လိုအပ်သည်၊ ဥဋ္ဌာနနှင့်စပ်၍ မြန်မာဝေါဟာရလိုက်ကာ သုံးပိုင်းခွဲလိုသည်၊ သက်ဆိုင်ရာလုပ်ရပ်တိုင်း၌ ကြိုးကြိုးတင်တင် ပြင်ပြင်ဆင်ဆင်ရှိခြင်းသည် ဝီရိယဟုဆိုနိုင်သည်၊ ထိုလုပ်ရပ်မျိုးရှိသူကို ဝီရိယကောင်းသူဟု ဆိုကြသည်၊ ပြီးမြောက်သည်အထိ မရမက၊ မရမနေကြိုးစားမှု (နောက်ပိုင်းဆွဲမှု)သည် ဇွဲဖြစ်သည်၊ ထိုသူမျိုးကို ဇွဲကောင်းသူဟု ဆိုကြသည်၊ အစနှင့်အဆုံးကြား အားသွန်ခွန်စိုက် ကြိုးပမ်းမှုကို အားထုတ်မှု၊ ကြိုးစားမှုဟု ဆိုရသည်၊ ယင်းကား လုံ့လဖြစ်သည်။

ဤဥဋ္ဌာနနှင့်စပ်၍ လုံ့လဝီရိယ၊ လုံ့လဥဿာဟဟု အသီးသီးခေါ်ကြသည်၊ လုံ့လဟူသည် ဝီရိယ၊ လုံ့လဟူသည် ဥဿာဟ၊ ဝီရိယကို "ဝီရာနံ ကမ္မံ ဝီရိယံ" ဟု ဝိဂြိုဟ်ပြုသည်၊ အဓိပ္ပာယ်က ရဲရင့်သူတို့၏ အလုပ်ဟူ၍ဖြစ်သည်၊ ရဲရင့်ကို အစွမ်းသတ္တိထက်မြက်သည်ဟု မြန်မာအဘိဓာန်က ဖွင့်သည်၊ ဝီရိယရှိသူသည် ရဲရင့်သည်၊ ရဲစွမ်းသတ္တိရှိသည်၊ လုပ်ရဲကိုင်ရဲသည်၊ ပြောရဲဆိုရဲသည်။

လုံ့လဥဿာဟဟု တွဲဆိုရာ၌ ဥဿာဟဟူသည် "ဥ ဒုက္ခလာဘေ သတိ သဟနံ ဥဿာဟော" ဟု ဝိဂြိုဟ်ပြုမှုအရ ဒုက္ခကို သည်းခံနိုင်ခြင်းသည် ဥဿာဟဖြစ်သည်၊ အဖြောင့်ပြောလျှင် ဆင်းရဲခံနိုင်ခြင်း၊ ပင်ပန်းခံနိုင်ခြင်းသည် ဥဿာဟဖြစ်သည်၊ ဝီရိယသမားသည် ဆင်းရဲမှာကို မကြောက်၊ ပင်ပန်းမှာကို မကြောက်၊ အဆင်းရဲခံနိုင်သည်၊ အပင်ပန်းခံနိုင်သည်၊ "အလုပ်ဟူသမျှ ဂုဏ်ရှိစွ" ဟု အဆိုရှိသော်လည်း သေချာတာကတော့ "အလုပ်ဟူသမျှ ပင်ပန်းစွ" ဖြစ်သည်၊ မည်သည့် အလုပ်ပဲဖြစ်စေ တကယ်လုပ်လျှင် တကယ်ပင်ပန်းသည်၊ ထိုပင်ပန်းမှု၊ ဆင်းရဲမှုကို မမှုဘဲ ပင်ပန်းမှု၊ ဆင်းရဲမှုကို ခံနိုင်ရည်ရှိခြင်း၊ ခံနိုင်ခြင်းသည် ဥဿာဟ-လုံ့လ-ဝီရိယဖြစ်သည်။

ဥဋ္ဌာနကို မြန်မာမှုဆီလျော်အောင်ပြုလျှင် နိုးကြားခြင်း၊ ကြိုးစားခြင်းဟုလည်း ဆိုနိုင်သည်၊ နိုးကြားခြင်း၏ ဆန့်ကျင်ဘက်က အိပ်ပျော်ခြင်းဖြစ်သည်၊ ကြိုးစားခြင်း၏ဆန့်ကျင်ဘက်က ပျင်းရိခြင်းဖြစ်သည်၊ ဥဋ္ဌာနနှင့်ပြည့်စုံလိုသူသည် အိပ်နေ၍ မရ၊ အအိပ်မက်၍ မရ၊ အအိပ်ပျက်လည်း ခံနိုင်ရမည်၊ အစားပျက်လည်း ခံနိုင်ရမည်၊ ဝီရိယသမားသည် ပျင်းရိနေ၍ မရ၊ အပျင်းထူနေ၍ မရ၊ လက်ကြောလည်း တင်းရမည်၊ စိတ်ကြောလည်း တင်းရမည်၊ အချိန်တိုင်း နိုးနိုး

ကြားကြားရှိရမည်၊ ကြိုးကြိုးစားစားရှိရမည်။

လောကဓာတ်ပညာရှင်တို့က ပါရမီတစ်ပိဿာထဲ၌ ချွေးကိုးဆယ့်ကိုးကျပ်သား ပါဝင်သည်၊ ဝီရိယကိုးဆယ့်ကိုးကျပ်သားထဲတွင် ဉာဏ်တစ်ကျပ်သားရောထည့်၍ မွှေလိုက်လျှင် အောင်မြင်မှုအထွတ်အထိပ်ကို ရောက်ပါလိမ့်မည်ဟု ဝီရိယကို အမွှမ်းတင်ပြောကြသည်၊ ဘုရားရှင်ကလည်း ဥဋ္ဌာနသမ္ပဒါ၊ ဥဋ္ဌာနဖလူပဇီဝီ၊ ဥဋ္ဌာနဝတော စသည်ဖြင့် လုံ့လဝီရိယ၊ လုံ့လဥဿာဟဟူသော ဥဋ္ဌာနကိုသာ အမြဲရှေ့တန်းတင်၍ မိန့်ခဲ့သည်၊ အောင်မြင်မှု၏ အဓိကဒေါက်တိုင်သည် ဥဋ္ဌာနဟူသည်မှာ ထင်ရှားသည်၊ နိုးကြားနေရမည်၊ ကြိုးစားနေရမည်၊ တက်ကြွနေရမည်။

ပညာရေးသမားသည် ပညာရေး၌ အောင်မြင်လိုပါက ဥဋ္ဌာနသမ္ပဒါဖြစ်ရမည်၊ စီးပွားရေးသမားသည် စီးပွားရေး၌ အောင်မြင်လိုပါက ဥဋ္ဌာနသမ္ပဒါဖြစ်ရမည်၊ နိုင်ငံရေးသမားသည် နိုင်ငံရေး၌ အောင်မြင်လိုပါက ဥဋ္ဌာနသမ္ပဒါဖြစ်ရမည်၊ ဤ၌ နိုင်ငံရေးဟူသည် နိုင်ငံသားအားလုံး၏ အရေးဖြစ်သည်၊ နိုင်ငံသားအားလုံးတို့၏အရေးကား စားဝတ်နေရေး ကျန်းမာရေး ပညာရေးစသော လူမှုအရေးကိစ္စများပင်ဖြစ်သည်။

နိုင်ငံရေးသည် နိုင်ငံသားတို့၏အရေးသာဖြစ်သဖြင့် နိုင်ငံသားတိုင်းက မိမိတို့နိုင်ငံ အောင်မြင်စေလိုလျှင်၊ ကောင်းစေလိုလျှင် ဥဋ္ဌာနသမ္ပဒါဖြစ်ရမည်၊ နိုင်ငံသားတိုင်းသည် နိုင်ငံရေး၌ နိုးကြားဖို့လိုသည်၊ နိုးနိုးကြားကြားရှိရမည်၊ "နိုင်ငံရေးက ငါတို့နှင့် မဆိုင်ပေါင်၊ အစိုးရ၊ သို့မဟုတ် နိုင်ငံရေးသမားတွေနှင့်သာ ဆိုင်သည်" ဟုသဘောမထားရ၊ စင်စစ် ထိုသို့သဘောထားခြင်းသည် နိုင်ငံရေးကို မသိနား

မလည်သူများသာဖြစ်သည်၊ "နိုင်ငံရေးဟာ ငါတို့အရေးပါလား" ဟု သဘောမပေါက်သူများသာဖြစ်သည်။

ပဲပြုတ်သည်၏အရေးလည်း နိုင်ငံရေးဖြစ်သည်၊ ဆိုက်ကားသမား၊ မြင်းလှည်းသမား၏အရေးလည်း နိုင်ငံရေးဖြစ်သည်၊ လမ်းဘေးဈေးသည်၏အရေးလည်း နိုင်ငံရေးဖြစ်သည်၊ တောင်သူလယ်သမား၊ ကုန်သည်ပွဲစား၊ လခစားဝန်ထမ်း စသည်စသည် အလွှာအသီးသီးရှိ နိုင်ငံသားအားလုံးတို့၏အရေးသည် နိုင်ငံရေးဖြစ်သည်၊ သို့ဖြစ်၍ နိုင်ငံသားအားလုံးသည် နိုင်ငံရေးကို စိတ်ပါဝင်စားရမည်။

တစ်ခါတစ်ခါ နိုင်ငံရေးသည် နိုင်ငံသားတို့နှင့် မဆိုင်သလိုအခါမျိုးလည်းရှိတတ်သည်၊ နိုင်ငံရေးသည် နိုင်ငံသားတို့အဖို့ စိတ်ဝင်စားစရာမကောင်း၊ စိတ်ဝင်စားစရာလည်း အမှန်တကယ် ဘာမျှမရှိဖြစ်တတ်သည်၊ ထိုအခါမျိုး၌ နိုင်ငံသားတို့သည် နိုင်ငံရေး၌ စိတ်ဝင်စားမှုမရှိကြ၊ စိတ်မဝင်စားသည့်အပြင် နိုင်ငံရေးကို သရဲသဘက်အလား အလွန်ကြောက်ကြသည်၊ နိုင်ငံရေးဆိုလျှင် နှုတ်ကတောင်မဟရဲ၊ နိုင်ငံရေးဆိုလျှင် ဝေါင်ဝေါင်ရှေး၊ ဝေးဝေးရှောင်သည်၊ ထိုအနေအထားမျိုးသည် နိုင်ငံတစ်ခုအတွက် လုံးဝမကောင်းသော အနေအထားဖြစ်သည်။

နိုင်ငံသားတို့နှင့် ကင်းကွာနေသော နိုင်ငံရေးသည် ပျက်စီးတတ်သည်၊ နိုင်ငံသားတို့စိတ်ဝင်စားခြင်းမခံရသော နိုင်ငံရေးသည် ပျက်စီးတတ်သည်၊ နိုင်ငံသားတို့ ပါဝင်ပတ်သက်ခွင့်မရှိသော နိုင်ငံရေးသည် ပျက်စီးတတ်သည်၊ သို့ဖြစ်၍ နိုင်ငံတစ်ခု ကောင်းစေချင်လျှင် နိုင်ငံသားနှင့် နိုင်ငံတော် ကင်းကွာမနေရ၊ တစ်သားတည်းကျနေရမည်၊ နိုင်ငံတစ်ခု ကောင်းစေချင်လျှင် နိုင်ငံရေးကို နိုင်ငံသားတို့

စိတ်ဝင်စားရမည်၊ စိတ်ဝင်စားမှုဖြစ်မည်၊ နိုင်ငံသားတို့ စိတ်ဝင်စားဖွယ်ကောင်းသော နိုင်ငံရေးဖြစ်အောင် ပြုလုပ်ရခြင်းသည်ပင် နိုင်ငံရေးသမားတို့၏ ပင်မတာဝန်ဖြစ်သည်၊ နိုင်ငံသားတို့ စိတ်ပါဝင်စားစွာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ပတ်သက်မှုရှိသော နိုင်ငံရေးဖြစ်အောင်လည်း ဦးစီးဦးဆောင်တို့က စေတနာရိုးသားစွာဖြင့် စီစဉ်ပေးရမည်၊ နိုင်ငံသားတို့စိတ်ဝင်စားသော နိုင်ငံရေးဆိုသည်ကား ထူးထူးထွေထွေတော့ မဟုတ်၊ နိုင်ငံသားတို့၏ အကျိုးစီးပွားပင်ဖြစ်သည်၊ နိုင်ငံသားတို့၏ အကျိုးစီးပွားကို သယ်ပိုးဆောင်ရွက်သော နိုင်ငံရေးဖြစ်လျှင် ထိုနိုင်ငံရေးကို နိုင်ငံသားတိုင်းက စိတ်ပါဝင်စားကြလိမ့်မည်။

နိုင်ငံတစ်ခု ကောင်းစားဖို့ ကြီးပွားဖို့ ဖွံ့ဖြိုးတိုးတက်ဖို့ သေချာသော အကြောင်းတစ်ချက်သည် မိမိတို့နိုင်ငံ၏အရေးကို မိမိတို့နိုင်ငံသားတိုင်း စိတ်တိုင်းကျစီမံခန့်ခွဲနိုင်ခွင့် ရှိရမည်၊ နိုင်ငံတော်၏ကံကြမ္မာသည် နိုင်ငံသားတိုင်း၏လက်ထဲ၌ ရှိရမည်၊ ဤကား လုံးဝမလွဲမှားနိုင်သော တစ်ခုတည်းသော အကြောင်းအချက်ဖြစ်သည်။

နိုင်ငံသားတိုင်းသည် မိမိတို့နိုင်ငံကို ကောင်းစေလိုကြသူချည်းပင်ဖြစ်သည်၊ မိမိတို့နိုင်ငံကို ပျက်စီးနေသောအသွင်၊ ဆင်းရဲတွင်းနက်နေသော အနေအထားမျိုးနှင့် မည်သူမျှမမြင်လိုကြ၊ အကြောင်းမညီညွတ်၍သာ ဖြစ်သင့်သလိုမဖြစ်ဘဲ ဖြစ်နေသည်၊ ဖြစ်သင့်သလောက် မဖြစ်ဘဲဖြစ်နေသည်၊ သို့အတွက် မည်သူကိုမျှ အပြစ်တင်နေဖို့ အချိန်မရှိ၊ မိမိတို့နိုင်ငံ ကောင်းစေလိုခြင်း၌ တူညီသောစေတနာကိုသာ ရိုးသားစွာ အကောင်အထည်ဖော်ကြဖို့ဖြစ်သည်၊ နိုင်ငံရေးသည် ငါတို့နိုင်ငံသားအားလုံး၏အရေးပါလားဟု သိမြင်၍ ထိုနိုင်ငံ၏ အရေးအားလုံး၌ နိုးနိုးကြားကြား၊ ကြိုးကြိုးစားစား၊ ထို့အပြင် ရိုးရိုး

သားသား၊ တိုင်တိုင်ပင်ပင် ဝိုင်းဝန်းအကောင်အထည်ဖော်ကြဖို့သာ ဖြစ်သည်၊ ဤကား ဥဋ္ဌာနသမ္ပဒါဖြစ်သည်။

ကိုယ်ပိုင်ဘဝတစ်ခု၊ သို့မဟုတ် မိသားစုအသိုက်အမြုံတစ်ခု၊ သို့မဟုတ် လူမှုအဖွဲ့အစည်းတစ်ခုကို ဥဋ္ဌာနသမ္ပဒါဖြင့် နိုးနိုးကြားကြား၊ ကြိုးကြိုးစားစား၊ ရိုးရိုးသားသားဖြင့် တည်ဆောက်ကြ၊ ထူထောင်ကြ၊ အကောင်အထည်ဖော်ကြရာ၌ အရေးတကြီးလိုအပ်တာက "အာရက္ခသမ္ပဒါ" ဖြစ်သည်၊ အာရက္ခဟူသည် စောင့်ရှောက်မှုဖြစ်သည်၊ စက္ကဝတ္တိသုတ်၌ ရက္ခာဝရဏဂုတ္တိ (ရက္ခ+အာဝရဏ+ဂုတ္တိ)-စောင့်ရှောက်မှု၊ ကာကွယ်မှု၊ လုံခြုံမှုဟူ၍ တွဲလျက်ဆိုသည်။

စကြာမင်းသည် တိုင်းသူပြည်သားတို့နှင့် သားငှက်တို့အပေါ်၌ စောင့်ရှောက်၏၊ ကာကွယ်၏၊ လုံခြုံမှုကိုပေး၏၊ အဘယ်သို့နည်းဟူမူ တရားကို မှီ၍၊ တရားကို အရိုအသေပြုလျက်၊ လေးစားလျက်၊ တုပ်ဝပ်လျက်၊ အကြီးအမျူးပြုလျက် စောင့်ရှောက်၏၊ ကာကွယ်၏၊ လုံခြုံမှုကို ပေး၏၊ ပါဠိတော်၌ ဤသို့ဆို၏၊ စကြာမင်းသည် အားလုံးအပေါ်၌ တရားလမ်းကြောင်း မတိမ်းစောင်းစေဘဲ တရားနှင့်အညီ ပြုကျင့်ခြင်းသည် အားလုံးအပေါ် အကောင်းဆုံးစောင့်ရှောက်ခြင်း၊ အကောင်းဆုံးအကာအကွယ်ပေးခြင်း၊ အကောင်းဆုံးလုံခြုံမှုကို ပေးခြင်းဟူ၍ အဓိပ္ပာယ်ထွက်သည်၊ တိုင်းပြည်တစ်ခုကို ဦးဆောင်သူအနေနှင့် တရားစောင့်ခြင်းသည် တိုင်းပြည်အပေါ် အကောင်းဆုံး စောင့်ရှောက်ခြင်း၊ ကာကွယ်ခြင်း၊ လုံခြုံစေခြင်းဖြစ်သည်ဟု ဘုရားရှင်မိန့်တော်မူလိုခြင်းဖြစ်သည်။

ထို့အပြင် ဓမ္မပဒ၌ ဘုရားမိန့်သည်မှာ "မိမိကိုယ်ကို ချစ်လျှင် မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်ပါ" ဟူ၍ မိန့်သည်၊

ကောင်းစွာစောင့်ရှောက်ဟူသည် အပါယ်မကျအောင် စောင့်ရှောက်ဖို့၊ ငရဲမကြီးအောင် စောင့်ရှောက်ဖို့၊ အကုသိုလ်မဖြစ်အောင် စောင့်ရှောက်ဖို့ဖြစ်သည်၊ ထို့အပြင် လူချင်းတူအောင်၊ လူစွမ်းလူစရှိအောင်၊ လူကောင်းသူကောင်းဖြစ်အောင်၊ ကျန်းမာအောင်၊ ချမ်းသာအောင်၊ အသက်ရှည်အောင်၊ အဘက်ဘက်မှ စောင့်ရှောက်ဖို့လည်း လိုအပ်သည်။

သူငယ်ချင်းတစ်ပါး ပြည်ပမှာနေသည်၊ ရွာက သူ့မယ်တော်ကြီးကို အလွန်စိတ်ပူသည်၊ သူ့မယ်တော်ကြီးက ဆွေရေးမျိုးရေး၊ ရပ်ရေးရွာရေး အလွန်စိတ်အားထက်သန်သည်၊ အများတကာအပူကို သူ့အပူလုပ်သည်၊ ဒါက သူ့စေတနာဖြစ်ပါသည်၊ ကောင်းသောလက္ခဏာဟုလည်း ဆိုရမည်၊ သို့သော် တစ်ခါတစ်ခါ သူ့ကျန်းမာရေး၊ သူ့ဘဝရှေ့ရေးအတွက် မေ့လျော့နေသည်၊ လစ်ဟင်းနေသည်များ တွေ့ရသည်၊ သူ့ကိုယ်သူ ယုံကြည်မှုလွန်ကဲတာလည်း ပါကောင်းပါမည်၊ သူ့ရပ်ရွာ ပတ်ဝန်းကျင်အနေအထားက အရာရာမှာ စိတ်ချယုံကြည်ဖို့အတွက် လုံလောက်မှုမရှိ၊ ရာသီဥတုက ပြင်းထန်သည်၊ အပူအအေးက မျှတမှုမရှိ၊ ထို့ကြောင့် ပြည်ပ၌နေသော သူ့သားရဟန်းက သူ့မယ်တော်ကြီးကို ပူရှာသည်။

သို့ဖြစ်၍ သူ့သားရဟန်းက သူ့မယ်တော်ကြီးကို ဖုန်းနှင့်တစ်မျိုး၊ စာနှင့်တစ်ဖုံ ကိုယ့်ကိုယ်ကိုယ်အဓိကစောင့်ရှောက်ဖို့ မကြာခဏ မှာကြားနေသံကြားရသည်၊ "မယ်တော်ကြီး . . . မယ်တော်ကြီးက ပရဟိတကို အလွန်ပဲထက်သန်တယ်၊ သူများကို စောင့်ရှောက်ချင်တဲ့သူဟာ မိမိကိုယ်ကို အဓိကစောင့်ရှောက်ဖို့လိုတယ်၊ သတိမလစ်ဟင်းနဲ့၊ ယုံကြည်မှုမလွန်ကဲနဲ့၊ ဒီခေတ်ထဲက သဘာဝအနေအထားက

အရာရာဘာမှစိတ်ချရတာမဟုတ်ဘူး၊ ဘယ်ဒူးလည်း မယုံနဲ့၊ ညာဒူးလည်း မယုံနဲ့ဆိုတာ ဒီနေ့ခေတ်ကာလပဲ၊ မိမိကိုယ်တိုင်က ကျန်းမာမှ၊ အသက်ရှည်မှ သူများကို စောင့်ရှောက်နိုင်မှာမဟုတ်လား၊ ဒါကြောင့် ကိုယ့်ရုပ်၊ ကိုယ့်နာမ်၊ ကိုယ့်ဇီဝိတကို အထူးစောင့်ရှောက်ပါ၊ ဦးပဥ္စင်းတို့ဗုဒ္ဓမြတ်စွာကလည်း- အတ္တာနံ စေ ပိယံ ဇညာ-မိမိကိုယ်ကိုချစ်ရင်၊ ရက္ခေယျ နံ သုရက္ခိတံ-ထိုမိမိကိုယ်ကို ကောင်းကောင်းစောင့်ရှောက်ပါလို့ မိန့်ခဲ့တယ်၊ ဘာမှယုံကြည်စိတ်ချမထားပါနဲ့၊ ဘာမှလျှော့မတွက်ပါနဲ့၊ အသက်ဉာဏ်စောင့်လို့ဆိုတယ်မဟုတ်လား၊ စဉ်းစားဉာဏ်၊ ဆင်ခြင်ဉာဏ် အထူးပဲလိုအပ်ပါတယ်"၊ ဒါကတော့ ပြည်ပကသူ့သားရဟန်းက သူ့မယ်တော်ကြီးကို အာရက္ခသမ္ပဒါဖြစ်ဖို့အတွက် အမြဲတစေ မှာကြားနေသော စကားများဖြစ်သည်။

စီးတဲ့ရေ ဆည်တဲ့ကန်သင်းဆိုရာ၌ စီးတဲ့ရေက ဥဋ္ဌာသမ္ပဒါ၊ ဆည်တဲ့ကန်သင်းက အာရက္ခသမ္ပဒါ၊ ရှေ့က ဥဋ္ဌာနသမ္ပဒါကို နောက်က အာရက္ခသမ္ပဒါနှင့် ထိန်းထိန်းသိမ်းသိမ်းရှိပါမှ ဥဋ္ဌာနသမ္ပဒါ၏ အကျိုးရလဒ်ကို ခံစားရမည်ဖြစ်သည်၊ အရာရာတိုင်း၌ အာရက္ခသမ္ပဒါ အရေးကြီးပါသည်၊ အရာရာတိုင်း၌ လိုအပ်ပါသည်၊ အာရက္ခသမ္ပဒါမဖြစ်ဘဲနှင့် ဥဋ္ဌာနသမ္ပဒါ လုပ်နေလျှင် သဲထဲရေသွန်၊ အိတ်ပေါက်နှင့် ဖားကောက်ဆိုသကဲ့သို့ ဘာမျှအဖတ်တင်မည်မဟုတ်၊ ဘာမျှအရာထင်မည်မဟုတ်၊ လိုချင်သည့်ပန်းတိုင် ရောက်ရှိမည်မဟုတ်၊ အာရက္ခသမ္ပဒါ အရာကျယ်ကြောင်း၊ အရေးတကြီးလိုအပ်လျက်ရှိကြောင်း ယခုတလော တွေးနေမိသည်။ ။

# အဆင်းမရှိသောလမ်းမှ
# အဆင်းရှိသောပန်း

ဗုဒ္ဓံ-မြတ်စွာဘုရားကို
သရဏံ-ဆင်းရဲပယ်ခွာ
ချမ်းသာဆောင်တတ်
အမြတ်ရတနာ ကိုးကွယ်ရာဟူ၍
ဂစ္ဆာမိ-မှီဝဲဆည်းကပ် သိမှတ်ပါ၏။
ဓမ္မံ-တရားတော်မြတ်ကို
သရဏံ-ဆင်းရဲပယ်ခွာ
ချမ်းသာဆောင်တတ်
အမြတ်ရတနာ ကိုးကွယ်ရာဟူ၍
ဂစ္ဆာမိ-မှီဝဲဆည်းကပ် သိမှတ်ပါ၏။
သံဃံ-သံဃာတော်မြတ်ကို
သရဏံ-ဆင်းရဲပယ်ခွာ
ချမ်းသာဆောင်တတ်
အမြတ်ရတနာ ကိုးကွယ်ရာဟူ၍
ဂစ္ဆာမိ-မှီဝဲဆည်းကပ် သိမှတ်ပါ၏။

သရဏဂုံအစ အရဟတ္တဖိုလ်ကျ
ဗုဒ္ဓလမ်းစဉ်ဆုံး။
ဗုဒ္ဓလမ်းစဉ် လျှောက်နေလျှင်
လူတွင်အမြတ်ဆုံး။

## အတက်အဆင်း လမ်းနှစ်စင်း

ဓမ္မဟူသောလမ်းက တစ်လမ်း၊ အဓမ္မဟူသောလမ်းက တစ်လမ်း၊ ဤသို့ လမ်းနှစ်သွယ်ရှိ၏၊ ဓမ္မဟူသည် သုစရိုက်တရားဆယ်ပါး၊ သို့မဟုတ် မဂ္ဂင်ရှစ်ပါးမြတ်တရားဖြစ်၏၊ အဓမ္မဟူသည် ဒုစရိုက်တရားဆယ်ပါး၊ သို့မဟုတ် မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါယာမ၊ မိစ္ဆာသမာဓိဟူသော မိစ္ဆာမဂ္ဂင်လေးပါးဖြစ်၏၊ ဓမ္မက အတက်လမ်းဖြစ်၏၊ အဓမ္မက အဆင်းလမ်းဖြစ်၏၊ ဓမ္မလမ်းကလျှောက်လျှင် အပေါ်သို့တက်သွား၏၊ အဓမ္မလမ်းကလျှောက်လျှင် အောက်သို့ဆင်းသွား၏။

ကုသိုလ်လေရှက် အထက်ကိုဆန်။
အကုလေရှက် အောက်ဖက်စုန်ပြန်။
စုန်လမ်း ဆန်လမ်း နှစ်လမ်းနှစ်တန်။
ပညာရှိ သတိပြုဖို့ရန်။

ဓမ္မလမ်းဟူသည် ကုသိုလ်လမ်းဖြစ်၏၊ အဓမ္မလမ်းဟူသည် အကုသိုလ်လမ်းဖြစ်၏၊ ကုသိုလ်ဟူသည် အပြစ်ကင်း၏၊ ကောင်းကျိုးပေး၏၊ အကုသိုလ်ဟူသည် အပြစ်မကင်း၊ ဒုက္ခပေး၏၊ ကုသိုလ်လမ်းက အဆန်လမ်းဖြစ်၏၊ အကုသိုလ်လမ်းက အစုန်လမ်းဖြစ်၏၊ ကုသိုလ်ဖြစ်ဖို့ ဆန်၍တက်ရ၏၊ အကုသိုလ်ကား စုန်ဆင်းရ၏၊ ကုသိုလ်က အဆန်ဖြစ်သဖြင့် အားစိုက်ရ၏၊ အကုသိုလ်ကား အစုန်ဖြစ်သဖြင့်

အားစိုက်ဖို့မလို၊ မျှော၍လိုက်ရုံသာ၊ အတက်က ပင်ပန်း၏၊ အဆင်းက သက်သာ၏၊ လူများစုသည် အားမစိုက်ချင်၊ မျှော၍သာ လိုက်ချင်ကြ၏။

ပါပသ္မိံ ရမတိ မနော ဟူသော ဒေသနာအရ စိတ်၏ ပင်ကိုသဘောကိုက အစုန်စိတ်ဖြစ်၏၊ အဆင်းစိတ်ဖြစ်၏၊ အဆန်စိတ်၊ အတက်စိတ်မဟုတ်၊ မိမိ၏အသိဉာဏ်ဆင်ခြင်တုံတရားဖြင့် မိမိစိတ်ကို တွန်းတင်ပေးနေရ၏၊ အသိဉာဏ်ဆင်ခြင်တုံတရားဦးစီးနိုင်မှသာ အဆန်စိတ်ဖြစ်၏၊ အတက်စိတ်ဖြစ်၏၊ ထို့ကြောင့် ဆန်ဖို့ တက်ဖို့အတွက် အသိတရားလိုအပ်၏၊ ဉာဏ်ပညာလိုအပ်၏၊ ဆင်ခြင်တုံတရား လိုအပ်၏၊ အသိတရားရှိသူတို့သာ အဆန်အလုပ်ကို လုပ်နိုင်ကြ၏၊ ဉာဏ်ပညာရှိသူတို့သာ အတက်အလုပ်ကို လုပ်နိုင်ကြ၏၊ ဆင်ခြင်တုံတရားအားကောင်းသူတို့သာ ရိုးရိုးကျင့်ကာ မြင့်မြင့်ကြံနိုင်ကြ၏။

## အဆင်းမရှိသောလမ်း

သူတပါးအသက်သတ်ခြင်း၊ ထိုနှင့်နွယ်၍ သူတပါးကို နှိပ်စက်ခြင်း၊ ညှဉ်းပန်းခြင်း၊ အနိုင်ကျင့်ခြင်း၊ ဒုက္ခပေးခြင်းတို့ကို ရှောင်ကြဉ်၍ သူတပါးအသက်အိုးအိမ်စည်းစိမ်တည်မြဲရေး၊ ရှည်ကြာရေးအတွက် အထောက်အကူပြုခြင်း၊ အကူအညီပေးခြင်းသည် အဆင်းမရှိသောလမ်းဖြစ်၏။

သူတပါးဥစ္စာ၊ ထိုနှင့်စပ်၍ ရပိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ ခံစားခွင့်တို့ကို ခိုးယူခြင်း၊ ထိုနှင့်စပ်၍ အနိုင်ကျင့်ယူခြင်း၊ လိမ်ညာယူခြင်း၊ မတော်မတရားရယူခြင်းမျိုးကို ရှောင်ကြဉ်၍ သူတပါးဥစ္စာ၊ ရပိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ ခံစားခွင့်တို့ ရရှိပိုင်ဆိုင်ရေးအတွက် အထောက်အကူပြုခြင်း၊ အကူအညီပေးခြင်းသည် အဆင်းမရှိသောလမ်းဖြစ်၏။

ဝတ္ထုကာမတို့နှင့်စပ်၍ ဖောက်ပြန်မှု၊ မှားယွင်းမှု၊ သစ္စာမဲ့မှုတို့ကို ရှောင်ကြဉ်၍ မှန်မှန်ကန်ကန်ကျင့်ခြင်း၊ သစ္စာစောင့်ခြင်းသည် အဆင်းမရှိသောလမ်းဖြစ်၏၊ လိမ်ညာလှည့်ပတ်ခြင်းကို ရှောင်ကြဉ်၍ သစ္စာစကားကိုသာဆိုခြင်းသည် အဆင်းမရှိသောလမ်းဖြစ်၏၊ ကုန်းချောစကား၊ တစ်ဦးနှင့်တစ်ဦး အထင်အမြင်လွဲမည့်စကား၊ သွေးကွဲမည့်စကားမျိုးကို ရှောင်ကြဉ်၍ သွေးစည်းညီညွတ်စည်းလုံးစေမည့်စကားမျိုးကို ဆိုခြင်းသည် အဆင်းမရှိသောလမ်းဖြစ်၏။

ကြမ်းတမ်းသောစကား၊ ခက်ထန်သောစကား၊ မောက်မာသောစကား၊ ရိုင်းစိုင်းသောစကား၊ နာခံခက်သောစကား၊ နားခါးသောစကားမျိုးကို ရှောင်ကြဉ်၍ နူးညံ့သောစကား၊ သိမ်မွေ့သောစကား၊ ပြေပြစ်သောစကား၊ ယဉ်ကျေးသောစကား၊ လိမ္မာသောစကား၊ နားဝင်ချိုသောစကားမျိုးကို ပြောခြင်းသည် အဆင်းမရှိသောလမ်းဖြစ်၏၊ အကျိုးမဲ့သောစကားမျိုးကို ရှောင်ကြဉ်၍ အကျိုးရှိမည့်စကားမျိုးကို ပြောခြင်းသည် အဆင်းမရှိသောလမ်းဖြစ်၏။

သူတပါးဥစ္စာ၊ ရပိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ ခံစားခွင့်တို့ကို မတော်မတရားလိုချင်မှုကို ရှောင်ကြဉ်၍ တရားမျှတစွာလိုချင်မှုသည် အဆင်းမရှိသောလမ်းဖြစ်၏၊ သူတပါးပျက်စီးရာပျက်စီးကြောင်းကြံစည်မှုမျိုးကို ရှောင်ကြဉ်၍ သူတပါးကောင်းကျိုးချမ်းသာအတွက်ကြံစည်မှုမျိုးသည် အဆင်းမရှိသောလမ်းဖြစ်၏၊ အယူမှားယွင်းမှုကို ရှောင်ကြဉ်၍ အယူဖြောင့်မှန်မှုသည် အဆင်းမရှိသောလမ်းဖြစ်၏၊ ချုပ်၍ပြောလျှင် သုစရိုက်တရားဆယ်ပါးသည် အဆင်းမရှိသောလမ်းဖြစ်၏။

ဇိမ်ခံသောအစွန်းနှင့် ငတ်ငတ်ပြတ်ပြတ်ကျင့်သောအစွန်း၊

တစ်နည်း လောဘစွန်းနှင့်ဒေါသစွန်းကို ရှောင်ကြဉ်၍ အလယ်အလတ် မျှမျှတတကျင့်သော မဇ္ဈိမပဋိပဒါလမ်းသည် အဆင်းမရှိသောလမ်း ဖြစ်၏၊ ထိုလမ်းသည် အင်္ဂါရှစ်ပါးရှိ၏၊ အမြင်မှန်၏၊ အမှန်မြင်၏၊ အတွေးအခေါ် အယူအဆမှန်၏၊ အမှန်ပြော၏၊ အမှန်လုပ်၏၊ သူတပါး အတွက် ထိခိုက်နစ်နာမှုမရှိသောအသက်မွေးမှုနှင့် အသက်မွေး၏၊ မှန်မှန်ကန်ကန် အားထုတ်၏၊ မှန်ကန်မှု၌ မမေ့မလျော့၊ စိတ်ထားမှန် ၏၊ သမ္မာမဂ္ဂင်ရှစ်ပါးတည်း၊ ဤမဂ္ဂင်ရှစ်ပါးမြတ်တရားဟူသောလမ်း သည် အဆင်းမရှိသောလမ်းဖြစ်၏။

သရဏဂုံသုံးပါးက စတင်ခဲ့သော ဗုဒ္ဓလမ်းစဉ်သည် သီလ သမာဓိအလယ်၊ ပညာ၌ လမ်းဆုံး၏၊ ထိုပညာသည် အရဟတ္တဖိုလ် ပညာဖြစ်၏၊ အရဟတ္တဖိုလ်ပညာရောက်လျှင်၊ ရလျှင် ဗုဒ္ဓလမ်းစဉ် ဆုံးခန်းတိုင်တော့၏။

## အဆင်းရှိသောပန်း

အဆင်းမရှိသောလမ်း၌ အဆင်းရှိသောပန်းတစ်ပွင့် ပွင့်၏၊ ထိုပန်းသည် သစ္စာပန်းဖြစ်၏၊ အဆင်းမရှိသောလမ်းကို လျှောက်ရာ တွင် အဆင်းရှိသောပန်းတစ်ပွင့် တွေ့ရ၏၊ ထိုပန်းသည် သစ္စာပန်း တည်း၊ ထိုပန်းသည် မြတ်သောသစ္စာပန်းတည်း၊ ထိုမြတ်သောသစ္စာ ပန်းသည် အဆင်းလည်းရှိ၏၊ အချင်းလည်းရှိ၏၊ အဆင်းကလည်း တုပဖို့ခက်၏၊ အချင်းကလည်း လမ်းဘေးကပန်းတို့ မနာလိုချင်စရာ ကောင်းလောက်အောင် လှပ၏၊ တုမီဖို့ ခက်၏၊ တုလို့မမီ၊ ယှဉ်လို့မရ။

ထိုသစ္စာပန်းသည် ပွင့်ဖပ်လေးလွှာရှိ၏၊ ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂဟူ၍ဖြစ်၏၊ သိ၊ ပယ်၊ ဆိုက်၊ ပွား အလွှာလေးပါးဖြစ်၏၊

ဒုက္ခကို သိ၏၊ သိအောင် ထုတ်ပြ၏၊ အဝိဇ္ဇာက ဒုက္ခကို ဖုံး၏၊ ဖိ၏၊ ဝိဇ္ဇာက ဒုက္ခကို ဖော်၏၊ လက်ညှိုးညွှန်၏၊ ဒုက္ခရောက်ကြောင်း လက်သည်တရားခံကိုလည်း တွေ့အောင်ရှာ၏၊ ရှာတော့ တွေ့၏၊ သူကား သမုဒယဖြစ်၏၊ အရကောက်လျှင် တဏှာလောဘရ၏။

တပ်မက်မှု၊ လိုချင်မှု၊ စွဲမက်မှု၊ မခွဲနိုင်မှု၊ မခွာနိုင်မှု၊ မစွန့်နိုင်မှု၊ မလွှတ်နိုင်မှုတွေကြောင့် ဒုက္ခရောက်နေရတာပါလားဟု သူမြင်၏၊ ထို့ကြောင့် သူ့ကို သမုဒယသစ္စာ-ဒုက္ခရောက်ကြောင်း အမှန်တရားဟု အမည်တပ်သတ်မှတ်၏၊ မစွန့်နိုင်မှုကြောင့် ဒုက္ခတွေရောက်နေကြရ၏၊ မလွှတ်နိုင်မှုကြောင့် ဒုက္ခတွေရောက်နေကြ၏။

ဆင်းရဲဒုက္ခအဝဝတို့၏ ချုပ်ရာ၊ ငြိမ်းရာသည် နိရောဓဖြစ်၏၊ ဒုက္ခတွေ ချုပ်ဖို့၊ ငြိမ်းဖို့ ဒုက္ခ၏အကြောင်းသမုဒယတွေ ချုပ်မှ၊ ငြိမ်းမှဖြစ်မည်၊ ပေးသင့်တာ ပေး၊ လှူသင့်တာ လှူ၊ စွန့်သင့်တာ စွန့်၊ လွှတ်သင့်တာ လွှတ်၊ ခွဲသင့်တာ ခွဲ၊ ခွာသင့်တာ ခွာမှ ဒုက္ခက ချုပ်မည်၊ ငြိမ်းမည်၊ ထိုအတွက် မဂ္ဂင်ရှစ်ပါးအကျင့်တရားကို ကျင့်ရမည်၊ ဒုက္ခကို သိရမည်၊ မဂ္ဂကို ပွားရမည်၊ ကျင့်ရမည်၊ သို့မှ သမုဒယကို ပယ်နိုင်မည်၊ သမုဒယကို ပယ်နိုင်မှ ဒုက္ခကငြိမ်းမည်။

ဒုက္ခက လောင်စာ၊ သမုဒယက လောင်မီးတောက်၊ မဂ္ဂက မီးငြိမ်းခြင်းဖြစ်သည်၊ နိရောဓက မီးငြိမ်းသွားခြင်းဖြစ်သည်၊ ငြိမ်းမှ ငြိမ်းမည်၊ ငြိမ်းမှ အေးမည်၊ ငြိမ်း၍ အေးမြနေခြင်းသည် သန္တိသုခဖြစ်သည်၊ ငြိမ်း၍၊ အေး၍ ချမ်းသာသော သန္တိသုခကမှ တကယ့်ချမ်းသာအစစ်ဖြစ်သည်။ ။

# မကျွတ်မလွတ်သေးသော ဝိညာဉ်များ

## ဝိညာဉ်ဟူသည် . . .

ဝိညာဉ်ကို မြန်မာအဘိဓာန်က "(၁) စိတ်၊ (၂) အသက်၊ လိပ်ပြာ။ [ပါ၊ ဝိညာဏ]" ဟု ဖွင့်သည်၊ လိပ်ပြာကို "(၁) လှပသည့် ရောင်စုံအတောင်ရှိသော ဝတ်ရည်စုတ်ပိုးကောင်ငယ်တစ်မျိုး၊ (၂) သတ္တဝါ၏အသက်ဟု ယူဆသောအရာ" ဟု ဖွင့်သည်။

ပါဠိသက်ဝေါဟာရအဘိဓာန်က ဝိညာဉ်ကို "(၁) စိတ်-ပိတ်တုံကျိတ်ကျိတ် ဝိညာဉ်စိတ်ကို တဆိတ်လိုလွန့် မကွန့်စေရ။ (၂) အသက်-စုတိစိတ်ဖြင့် မဖိတ်မစဉ် ဝိညာဉ်လွဲဘောက်"ဟု ဖွင့်သည်။

ဝိညာဉ်ဟူသည် ဝိညာဏဟူသော ပါဠိကနေလာသည်၊ ထို့ကြောင့် ဝိညာဏ်ဟုလည်းရေးသည်၊ ဝိညာဏကို ပဒတ္ထမဉ္ဇူသာ အဘိဓာန်က "အထူးသဖြင့်သိခြင်း၊ အာရုံကို သိခြင်း၊ ဝိညာဏ်"ဟု ဖွင့်သည်။

ဝိညာဏ်ကို ပါဠိသက်ဝေါဟာရအဘိဓာန်က "ဝိညာဉ်နှင့် အတူတူ၊ (၁) အာရုံယူဘိ အသိသဘော စိတ်မနောကို ဝိညာဏ်ဆို၏၊

(၂) ရေစာရှားပြတ် ဝိညာဏ်ပြတ်၍ မချွတ်ပင်ကို အသက်တိုအံ့"ဟု ဖွင့်သည်။

ဝိညာဏကို တိပိဋကပါဠိမြန်မာအဘိဓာန်က "(၁) သိခြင်း၊ (၂) ဝိညာဉ်၊ စိတ်၊ အာရုံကိုအထူးသိသဖြင့် သိတတ်သောသဘော တရား၊ (က) ဝိညာဉ်၊ စိတ်တစ်ခုယုတ်ကိုးဆယ်၊ (ခ) ကမ္မဝိညာဉ်၊ အဘိသင်္ခါရဝိညာဉ်၊ (ဂ) ဘုံသုံးပါး၌ဖြစ်သော ကုသိုလ်၊ ဝိညာဉ်၊ စိတ်စသည်၊ (ဃ) ဇောဝိညာဉ်၊ စိတ် - မှ (ထ) ဝိပဿနာဉာဏ်နှင့် ယှဉ်သောဝိညာဉ်၊ စိတ်အထိ၊ (၃) ဝိညာဉ်၊ တိတ္ထိတို့ကြံဆအပ်သော အတ္တ၊ အသက်၊ လိပ်ပြာ၊ ဝိညာဉ်ကောင်၊ (၄) နိဗ္ဗာန်၊ (က) ထူးသော ဉာဏ်ဖြင့် သိအပ်သောတရား၊ (ခ) မဂ်ဖိုလ် ပစ္စဝေက္ခဏာဉာဏ်တို့ ဖြင့် အလုံးစုံသောသခ်တတရားထက် ထူးသည်၏အဖြစ်ဖြင့် သိအပ် သော သဘောတရား၊ (၅) စုံစမ်းဆင်ခြင်ခြင်း" စသည်ဖြင့် ဖွင့်သည်။

ဤကား ဝိညာဉ်နှင့်စပ်၍ ဗဟုသုတပွားရန် စေ့စေ့စုံစုံတင် ပြခြင်းဖြစ်သည်၊ ဝိညာဉ်ဟူသည် ဝိညာဏ်ဖြစ်သည်၊ ဝိညာဏ်ဟူသည် ဝိညာဏပါဠိမှလာသည်၊ အာရုံကို သိရုံမျှသိသောစိတ်သာဖြစ်သည်၊ ဝိညာဉ်ဟူသည် စိတ်ကို ခေါ်သည်၊ အကောင်မဟုတ်၊ အထည်ကိုယ် မရှိ၊ ဝတ္ထုဒြပ်ထင်ထင်ရှားရှား ဘာမျှမရှိ။

## မကျွတ်မလွတ်

ကျွတ်ဟူသည် သီတင်းကျွတ်၊ ဝါကျွတ်၊ ကွင်းလုံးကျွတ်၊ အကျွတ်အလွတ်၊ ဝဋ်ကျွတ်၊ အကျွတ်တရားရ၊ ကျွတ်ထိုက်သူ၊ ကျွတ် တမ်းဝင်၊ လွတ်လွတ်ကျွတ်ကျွတ်၊ ချွတ်၍ကျွတ်စသည်တို့၌ သုံးနှုန်း သော ကျွတ်ဖြစ်သည်။

လွတ်ဟူသည် ကင်းလွတ်၊ လွတ်ကင်း၊ ကျွတ်လွတ်၊ အကျွတ်အလွတ်၊ လွတ်အောင်ရုန်း၊ လွတ်လပ်ရေး၊ လွတ်လပ်ခွင့်၊ လွတ်လွတ်လပ်လပ်၊ လွတ်ငြိမ်းချမ်းသာ၊ လွတ်လွတ်နေ၊ လွတ်လွတ်ရှောင်၊ လွတ်လပ်သူ၊ လွတ်ထိုက်သူ၊ လွတ်လမ်းစသည်တို့၌ သုံးနှုန်းသောလွတ်ဖြစ်သည်၊ ကျွတ်၏သဘောနှင့် ဆန့်ကျင်တော့ မကျွတ်၊ လွတ်၏သဘောနှင့် ဆန့်ကျင်တော့ မလွတ်ဖြစ်သည်။

လွတ်ဟူသည် တစ်စုံတရာမရှိခြင်း၊ လစ်လပ်သွားခြင်းဖြစ်သည်၊ ဘတ်စ်ကားတစ်စီးပေါ်တွင် ခရီးသည်များထိုင်နေကြရာ တစ်ယောက်သောသူက သူဆင်းရမည့်မှတ်တိုင်ရောက်သဖြင့် ထ၍ဆင်းသွားသောအခါ သူ့နေရာက လွတ်၍ကျန်ရစ်သည်၊ လွတ်ဟူသည် မလိုလားအပ်သော အချုပ်အချယ်၊ အနှောင်အဖွဲ့၊ အပိတ်အပင်၊ အတားအဆီး၊ အငြိအတွယ်တွေ မရှိခြင်း၊ ကင်းလွတ်ခြင်းဖြစ်သည်။

လွတ်ဟူသည် လွှတ်မှ လွတ်သည်၊ လှောင်ချိုင့်ထဲက ငှက်ကလေးတွေဘဝ မလွတ်မလပ် ကျဉ်းကျဉ်းကျပ်ကျပ်နေရသည်၊ သူတို့ကို သနားလို့ တစ်စုံတစ်ယောက်က လွှတ်ပေးလိုက်မှသာ သူတို့ဘဝ လွတ်လပ်စွာ လိုရာပျံသန်းနိုင်သည်၊ ကျွတ်ဖို့အတွက် ချွတ်ရသောသဘောရှိသည်၊ လွတ်ဖို့အတွက် လွှတ်ရသောသဘောရှိသည်။

ဘုရားရှင်သည် နေ့စဉ်နံနက်မိုးသောက်တိုင်း ကျွတ်ထိုက်ကြသားဝေနေယျများကို ဉာဏ်တော်ကွန်ရက်ဖြန့်ကျက်၍ ကြည့်တော်မူသည်၊ ဘယ်အရပ်ဘယ်ဒေသ ဘယ်မြို့ဘယ်ရွာမှာ ဘယ်သူတော့ ပါရမီရင့်ကျက်နေပြီ၊ ကျွတ်ချိန်တန်နေပြီဟုသိလျှင် ထိုဒေသကို ထိုနေ့အရောက်သွားကာ သူနှင့်သင့်လျော်သော တရားဓမ္မဟောပြ၍ ချွတ်ပေးတော်မူသည်။

ချွတ်ဟူသည် အစွဲတွေကို ချွတ်ပေးခြင်းဖြစ်သည်၊ ပထမ "ငါ. . . ငါ. . . " ဟု တငါတည်းငါကာ စွဲနေသော ဒိဋ္ဌိအစွဲကို၊ အတ္တအစွဲကို ချွတ်ပေးသည်၊ သံသယများ၊ သံသယပွားနေသော ဝိစိကိစ္ဆာအစွဲကို ချွတ်ပေးသည်၊ ထို့နောက်မှ သူ့ဉာဏ်ရင့်ကျက်မှု အခြေအနေအလိုက် ရာဂအစွဲ၊ ဒေါသအစွဲ၊ မောဟအစွဲတို့ကို ချွတ်ပေးသည်။

မိမိတို့ နေ့စဉ်နံနက်မျက်နှာသစ်သည်၊ မျက်နှာ၌ ပေကျံစွဲနေသော အညစ်အကြေးအစွဲတွေကို ချွတ်ခြင်းဖြစ်သည်၊ မိမိတို့ နေ့စဉ်ရေချိုးသည်၊ ခန္ဓာကိုယ်၌ပေကျံစွဲနေသော အညစ်အကြေးအစွဲတွေကို ချွတ်ခြင်းဖြစ်သည်၊ မိမိတို့ နေ့စဉ်အဝတ်တွေကို လျှော်ကြ၊ ဖွတ်ကြသည်၊ အဝတ်၌ပေကျံစွဲနေသော အညစ်အကြေးတွေကို ချွတ်ခြင်းဖြစ်သည်၊ သို့သော် စိတ်သန္တာန်၌ ပေကျံစွဲနေသော ကိလေသာအညစ်အကြေးတွေကိုတော့ ကျွတ်အောင်မချွတ်ကြ၊ ချွတ်ရကောင်းမှန်းလည်း မသိကြ။

မိမိတို့ လက်ရှိဘဝအနေအထားသည် မကျွတ်လည်း မကျွတ်သေး၊ မလွတ်လည်း မလွတ်သေးသော အနေအထားဖြစ်သည်၊ မကျွတ်မလွတ်သေးသော ဘဝဖြစ်သည်၊ သူ့ကိုကြည့်လိုက်တော့ သူလည်း မကျွတ်မလွတ်သေး၊ ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်လိုက်တော့ ကိုယ်လည်း မကျွတ်မလွတ်သေး၊ အားလုံးက ရာဂဒေါသမောဟ အစွန်းအထင်းတွေ စွန်းထင်း၍ စွဲနေသည်။

မိမိတို့ ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာအရ မိသားစုဝင်ဆွေမျိုးထဲက တစ်စုံတစ်ဦးဆုံးပါးသွားသောအခါ သရဏဂုံတင်၍ အမျှဝေကြ၊ ရက်လည်၊ လလည်ဆွမ်းကပ်သပိတ်သွတ်၍ အမျှဝေကြနှင့် အလှူအတန်းပြုကြသည်၊ စားရမဲ့၊ သောက်ရမဲ့၊ ဝတ်ရမဲ့ဘဝမျိုး

(တစ္ဆေသူရဲပြိတ္တာဘဝမျိုး)ရောက်နေခဲ့သော် ထိုဘဝမှ ကျွတ်ပါစေ၊ လွတ်ပါစေဟူသော ရည်ရွယ်ချက်ဖြင့် ကုသိုလ်ပြု အမျှအတန်းပေးဝေကြခြင်းဖြစ်သည်၊ ကြီးမားသောအစဉ်အလာတစ်ရပ်ဖြစ်သည်။

တချို့က ရက်လည်၊ လလည်ဆွမ်းကပ် သပိတ်သွတ်ဆိုသည်မှာ ကိုယ့်ကိုယ်ကိုယ် မယုံကြည်၊ စိတ်မချရသူတို့အဖို့ လုပ်ရခြင်းဖြစ်သည်၊ ကိုယ့်ကိုယ်ကိုယ်ယုံကြည်စိတ်ချရသူတို့အဖို့ လုပ်ဖို့မလိုဟုဆိုသည်၊ အဓိပ္ပာယ်တော့ရှိပါသည်၊ မကြာမီက ဆုံးသွားသော စာရေးဆရာ သားဂျာနယ်ကျော်ကလည်း သူသေလျှင် ရက်လည်၊ လလည်ဆွမ်းတွေကပ်ပြီး သပိတ်သွတ်ဖို့ မလိုကြောင်း သူသည် ကျွတ်ပြီးသားလွတ်ပြီးသားဖြစ်ကြောင်း ကဗျာတစ်ပုဒ်ရေး၍ မှာခဲ့သည်၊ သူလိုအစွမ်းသတ္တိမျိုးရှိခဲ့လျှင် ကောင်းပါသည်။

တကယ်တော့ တစ်မဂ်တစ်ဖိုလ်မှ မရသေးလျှင် သူလည်းမကျွတ်မလွတ်သေး၊ ကိုယ်လည်း မကျွတ်မလွတ်သေး၊ ငါတို့အားလုံးမကျွတ်မလွတ်သေး၊ ထို့ကြောင့် ငါတို့တတွေ ကျွတ်ဖို့လွတ်ဖို့ဆက်၍ကြိုးစားရဦးမည်၊ ဆက်၍ ချီတက်ရဦးမည်။

## အကျွတ် အလွတ်

တစ်နေ့သောအခါ ဘုရားရှင်သည် "ဘယ်သူကို ကျွတ်အောင် ချွတ်ပေးရမလဲ၊ ဘယ်သူ့ကို လွတ်အောင်လုပ်ပေးရမလဲ"ဟု ကျွတ်ထိုက်၊ လွတ်ထိုက်သော ဝေနေယျသတ္တဝါတို့ကို ဉာဏ်တော်ဖြင့်ကြည့်ရှုသောအခါ သူဌေးသား ဂွမ်းဘားသမားဥဂ္ဂသေန ဉာဏ်တော်ထဲ၌ ထင်လာ၏၊ ထို့ကြောင့် ဘုရားရှင်သည် နောက်ပါသံဃာအများနှင့် မြို့ထဲသို့ ဆွမ်းခံဝင်ခဲ့၏။

ထိုအချိန်တွင် ဥဂ္ဂသေနကလည်း အတောင်ခြောက်ဆယ် မြင့်သည့် ဝါးလုံးထိပ်ဖျား၌ ဂျွမ်းဘားကစားပြနေ၏၊ ဘုရားရှင်ကြွလာ သောအခါ ပရိသတ်ကြီးက ဥဂ္ဂသေနဆီအာရုံမရောက်တော့ဘဲ ဘုရားရှင်ဘက်လှည့်ကာ ဖူးမြော်ကန်တော့ကြ၏၊ ဥဂ္ဂသေနစိတ်ဓာတ် ကျသွား၏၊ ဘုရားက ဥဂ္ဂသေနကို ဂျွမ်းဘားဆက်ကဖို့တိုက်တွန်းပြီး ကျွတ်စေ၊ လွတ်စေနိုင်သော တရားဂါထာစကားမြွက်ကြားလိုက်၏။

**မုဉ္စ ပုရေ** - ဥဂ္ဂသေန . . . ရှေ့ပိုင်းကိုလည်း လွှတ်လိုက်ပါ

**မုဉ္စ ပစ္ဆာ** - ဥဂ္ဂသေန . . . နောက်ပိုင်းကိုလည်း လွှတ်လိုက် ပါ။

**မဇ္ဈေ မုဉ္စ** - ဥဂ္ဂသေန . . . အလယ်ပိုင်းကိုလည်း လွှတ် လိုက်ပါ။

ကျွတ်ဖို့၊ လွတ်ဖို့ ဘုရားရှင်က လွှတ်ခိုင်းနေသည်၊ ကာလ သုံးပါးလုံး သက်ရှိသက်မဲ့အရာအားလုံး၌ "ငါ, ငါ့ဟာ, ငါ့ဥစ္စာ, ငါပိုင်" ဟု ယူဆစွဲလမ်းနေသော အာလယတဏှာကို လွှတ်ခိုင်းခြင်းဖြစ်သည်၊ ဥဂ္ဂသေနကလည်း ပါရမီရင့်သန်ကျွတ်ချိန်တန်တော့ ဘုရားရှင်ခိုင်း သည့်အတိုင်း အားလုံးကို လွှတ်လိုက်သည်၊ လွှတ်လိုက်တော့ လွတ် သွားသည်၊ ကျွတ်သွားသည်၊ ဥဂ္ဂသေန ရဟန္တာဖြစ်သွားသည်။

ပုထုဇဉ်သတ္တဝါဟူသည် အတ္တအကျဉ်းတိုက်ထဲ၌ အကျဉ်း ကျနေသော အတ္တအကျဉ်းသားများသာဖြစ်ကြသည်၊ အတ္တကြီးလေ ကျဉ်းလေ၊ ကျပ်လေ အကျဉ်းအကျပ်ထဲမှာ ကျဉ်းကျဉ်းကျပ်ကျပ်နှင့် နေကြရသည်၊ စွန့်လည်း မစွန့်နိုင်ကြ၊ လွှတ်လည်း မလွှတ်နိုင်ကြ၊ လွတ် လည်း မလွတ်နိုင်ကြ၊ ပုထုဇဉ်အတ္တအကျဉ်းသားတို့၏ ဝိညာဉ် (စိတ်) မှန်သမျှ မကျွတ်မလွတ်သေးသော ဝိညာဉ်များသာဖြစ်ကြသည်၊ ထို့

ကြောင့် မိမိတို့တတွေ ကျွတ်ဖို့ လွတ်ဖို့ ဆက်လက်ရုန်းကန်ကြိုးစားကြရဦးမည်။

သူကလည်း သူ့အလုပ် သူလုပ်၊ ကိုယ်ကလည်း ကိုယ့်အလုပ်ကိုယ်လုပ်၊ ဟောသူက ဟော၊ ပြောသူက ပြော၊ ရေးသူက ရေး၊ လက်တွေ့လုပ်သူကလုပ်နှင့် ကျွတ်သည် လွတ်သည်အထိတော့ ကိုယ့်အလုပ်ကိုယ် ဆက်လက်လုပ်ကိုင်ကြရဦးမည်၊ မီးပွိုင့်မှာ မီးနီမိစဉ်တော့ ရပ်စောင့်ကြရမည်၊ ထိုမီးနီလေးကို သေချာကြည့်နေပါ၊ တစ်ချိန်ချိန်မှာ သူ စိမ်းကိုစိမ်းရမည်၊ မီးစိမ်းက ထွက်နိုင်ရန် အဆင်သင့်ဖြစ်နေဖို့သာ ကိုယ့်ဘက်ကတာဝန်ဖြစ်သည်။ ။

## ပေးသူ မှန်လား၊ မှားလား

လမ်းဆုံမီးပွိုင့်အများစုမှာ သက်ကြီးရွယ်အို အဖိုးကြီး အဖွားကြီးတွေ၊ ကလေးခါးတစ်ခွနှင့် သားသည်မအေမိခင်တွေ၊ လသား ကလေးငယ် နှပ်ချေးတွဲလောင်းတွေကို ချီပိုးထားသည့် ခြောက်နှစ်၊ ခုနစ်နှစ်အရွယ် လူမမယ်လေးတွေ ဒီဇိုင်းမျိုးစုံ၊ ပုံစံမျိုးစုံ၊ ဆိုဒ်မျိုးစုံ၊ အရောင်အသွေးမျိုးစုံ တွေ့ရတတ်သည်၊ တူညီတာတစ်ခုကတော့ အားလုံး ညစ်ညစ်စုတ်စုတ်၊ နွမ်းနွမ်းပါးပါး၊ ညှိုးငယ်သောမျက်နှာလေးများနှင့် မျှော်လင့်ချက်မဲ့နေသော မျက်လုံးလေးများပါပဲ၊ ကရုဏာသက်မည်ဆိုလည်း သက်ချင်စရာ၊ သံဝေဂယူတတ်မည်ဆိုလည်း ယူချင်စရာ၊ သင်ခန်းစာယူမည်ဆိုလည်း ယူချင်စရာ၊ မလွဲမသွေမှန်ကန်တာကတော့ ပေးချင်စရာ၊ စွန့်ချင်စရာ၊ ကမ်းချင်စရာ . . . ။

သို့သော် . . . အများစုဆိုမှ အများစုကြီးကိုကြည့်ရတာကတော့ ခဲနှင့်မပစ်သော်လည်း မျက်နှာလွှဲသွားကြသူက အများစုဖြစ်သည်ကို တွေ့နေ၊ မြင်နေရသည်၊ ကြုံနေ၊ ဆုံနေရသည်၊ ကိုယ်နှင့် မဆီ

သလို မဆိုင်သလို၊ ကိုယ်နှင့် ဘာမျှမပတ်သက်သလို လျစ်လျူရှုသူက အများစုဖြစ်သည်၊ မာကျောသောနှလုံးသားများ၊ အေးစက်သော နှလုံးသားများ၊ အကြင်နာကင်းမဲ့သော နှလုံးသားများ၊ လူသားချင်း မစာနာသောလူသားများ။

နာဂစ်ဘေးဒုက္ခဆိုးကြီးနှင့်ကြုံစဉ်က ရန်ကုန်မှ ကရုဏာရှင်တို့က ကားကြီးကားငယ်အသွယ်သွယ်ဖြင့် စားစရာ၊ သောက်စရာ၊ ဝတ်စရာ၊ သုံးစရာ၊ ဆေးဝါးဓာတ်စာစသည်တို့ကို တင်ဆောင်၍ နာဂစ်ဒဏ်ခံဒေသဘက်သို့ သွားရောက်၍ ကရုဏာမိုးရေစက်များ ဖျန်းပက်ကြသည်၊ ရန်ကုန်မှထွက်ကတည်းက လမ်းဘေးဝဲယာတလျှောက် ဒုက္ခသည်တွေ တန်းစီနေသည်။

မိမိလေးစားမိသော မကျော်သော်လည်းတော်သော စာရေးဆရာကြီးတစ်ဦးက "အဲဒီဒုက္ခသည်တွေဟာ. . . နာဂစ်ဒုက္ခသည် အစစ်မဟုတ်ဘူး၊ အင်(အတု)တွေတဲ့၊ ရန်ကုန်ကသူတွေက အဲဒီဘက် သွားတောင်းတာတဲ့၊ ပြောရက်လိုက်လေ၊ ရေးရက်လိုက်လေ၊ တောင်းစားရသည့်အလုပ်သည် လွယ်ကူသောအလုပ်မဟုတ်၊ မတတ်သာလို့ ရှေ့မျက်နှာနောက်ထား၍ တောင်းရခြင်းဖြစ်သည်၊ မည်သူမရှက်ဘဲ နေမည်နည်း၊ ဒုက္ခသည်တောင် အတုအစစ် ခွဲနေလိုက်သေး၊ နာဂစ်ဒုက္ခသည် မဟုတ်လျှင် **"သယံဇာတဒုက္ခသည်"** တွေပေါ့ဟု သည်က ပြောမိသည်၊ သယံဇာတဒုက္ခသည်တွေကလည်း ဟိုနေရာသည်နေရာမှာ ဒုနှင့်ဒေး၊ ကြာလေလေ ဒုက္ခသည်တွေက တိုး၍ တိုး၍ လာလေလေ၊ တချို့အပေါ်ယံမှာ ဟန်နှင့်ပန်နှင့် နေကြသော်လည်း အိမ်ကထမင်းဝိုင်းကို သွားကြည့်တော့ ကန်စွန်းရွက်အတို့နှင့် ငါးပိရည်မျှသာ၊ မကြည့်ရက်နိုင်စရာ။

စာရေးသူတို့ငယ်စဉ် အမရပူရ မဟာဂန္ဓာရုံ၌နေစဉ်က ဆွမ်းခံစားရသည်၊ ဆွမ်းခံဆိုတာလည်း တောင်းရမ်းခြင်း တစ်မျိုးပင် မဟုတ်ပါလား၊ အဋ္ဌကထာဆရာက "ယာစကောတိ ဘိက္ခု-တောင်း စားသူမို့ ဘိက္ခု-ရဟန်း" ဟု ခေါ်သတတ်၊ ငယ်ငယ်က အဲဒီလိုဆွမ်း ခံစားရ (တောင်းစားရ)တာကို တော်တော်ရှက်သည်၊ စိတ်အားငယ် သည်မဟုတ်သော်လည်း စိတ်ထဲမှာတော့ မအီမလည်ခံစားရသည်၊ မခံစားဘူးတော့ ရူးချင်ရူးပေမည်၊ ခံစားဖူးမှ သိရသည်၊ ခံစားဟူ သည် ဆွမ်းခံစားရသောဘဝဖြစ်သည်။

အိမ်တကာလှည့် ဆွမ်းခံစားရသောဘဝသည် မျက်နှာငယ် သည်ဟု မဆိုသာသော်လည်း မျက်နှာကြီးတာကတော့ မည်သို့မှ မဖြစ် နိုင်၊ သိမ်ငယ်သည်ကတော့ အမှန်ပင်၊ "ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးသို့ ချိုကျိုးနွားလား ဒွန်းစဏ္ဍားပမာ"ဆိုသည့်အတိုင်း မာနတွေကတော့ ခဝါချထားရသည်၊ ဘာမာန်မျှမထောင်နိုင်၊ ဘာမာန်မျှ မတက်နိုင်၊ အမှန်ကလည်း ဘာမာန်မျှ ထောင်စရာမရှိ၊ ဘာမာန်မျှ တက်စရာ မရှိ။

စာရေးသူတို့ အမရပူရ၌နေစဉ်က ငါးနှစ်လောက် ခြေသလုံး အားကိုပြု ဆွမ်းခံစားခဲ့ရသည်၊ ကျန်ငါးနှစ်ခန့်က ဆရာသမားက သူ့ဆွမ်းခံသပိတ်မှ မျှ၍ကျွေးသည်၊ မြို့ပေါ်မှာတော့ ခြေရာအနှံ့၊ ရပ်ကွက်ပေါင်းစုံ၊ ဟိုရပ်ကွက်က ဟုတ်နိုးနိုး၊ သည်ရပ်ကွက်က ဟုတ် နိုးနိုး၊ ကြာလေတော့လည်း ဟုတ်နိုးနိုး၊ နောက်တော့ ပုထိုးတော်ကြီး ဘုရားအနီးက ရွာလေးတွေ၊ ရွှေဂူကြီးဘုရားအနီးက ရွာလေးတွေ၊ အသွားမှာ တောင်သမန်အင်းဇောင်းက လမ်းလျှောက်သွား၊ အပြန် တောင်သမန်အင်းဘေးက လမ်းလျှောက်ပြန်၊ ဘဲခြံတွေနားရောက်

တော့ ဘဲချေးနဲ့ကတသင်းသင်း။

မိုးကုန်ဆောင်းဦးပေါက် ရေကျသွားသောအခါ အင်းလယ်မှာတော့ တံငါလှေတစ်စု ဝိုင်းကာ၊ ဝိုက်ကာ ကွန်ပစ်နေကြလေရဲ့၊ သည်မြင်ကွင်းက ဆောင်းနှင့်နွေဦးမှာ နေ့စဉ်မြင်နေကျ မရိုးနိုင်သောမြင်ကွင်းတစ်ခု၊ တစ်ခါတစ်ခါတော့ မယ်ဇယ်တန်းကနေ ခြေလျင်လျှောက်၊ မြို့၏ စနေထောင့်ဆီကရွာလေးတွေကို ဟုတ်လိမ့်နိုးနိုး ဆွမ်းခံထွက်ခဲ့သည်လည်း ရှိခဲ့၏၊ အသွားအပြန် တစ်နာရီကျော်တစ်နာရီခွဲခန့်။

မြို့ပေါ်မှာပဲထွက်ထွက်၊ အနီးအနားဝန်းကျင်က ရွာလေးတွေပဲထွက်ထွက်၊ ထူး၍မခြားနား၊ ဘယ်သောအခါများ ထူးမလဲ ခြားနားမလဲဟူသော မျှော်လင့်ချက်နှင့် ဘဝပေးအခြေအနေအရ သလုံးမြင်းခေါင်းအားကိုးပြု နေ့စဉ်ရက်ဆက် မိုးရွာတော့ အစို၊ နေပူတော့အခြောက်၊ ကျောက်စရစ်ခဲတွေ ပြုတ်ထနေသော မညီမညာသောလမ်းမတွေမှာ ကိုယ့်ဖဝါးတောင် ကိုယ်မသနားနိုင်၊ တစ်အိမ်ဝင် တစ်အိမ်ထွက် မျက်လွှာကို စုံချ၊ တောင်းရမ်းစားသောက် (ဆွမ်းခံ)စားခဲ့ရသော စာသင်သားဘဝ၊ ဘာမျှတော့ လွမ်းစရာ ဆွတ်စရာ ဆွေးစရာ မရှိတာကတော့ အမှန်၊ ဆွမ်းကတော့ လုံလောက်အောင် ရပါရဲ့၊ ဆွမ်းဟင်းကတော့ မျှတရုံသာ၊ မရှက်တမ်းပြောရလျှင် မသေထမင်း၊ မသေဟင်း၊ မြို့ကငယ်ငယ်၊ သံဃာကများများ၊ ဆွမ်းခံချိန်မှာဆိုလှတောသားပြောသလို ခရမ်းချဉ်သီးကားကြီးများ မှောက်နေရော့သလားဟု တွေးထင်ချင်စရာ၊ တစ်မြို့လုံးမှာ ရဲပတောင်းခတ်။

ယာစကော အပ္ပိယော ဟောတိ-တောင်းသူသည် အမုန်းခံရတတ်သတဲ့၊ တောင်းတယ်ဆိုတာ ချစ်စရာကောင်းသော အလုပ်တော့

မဟုတ်၊ ချစ်စရာမကောင်းသော၊ မုန်းစရာကောင်းသော အလုပ်သာဖြစ်သည်၊ တောင်းတာကို ဘယ်သူမှ သိပ်ကြိုက်လှတာမဟုတ်၊ တောင်းခြင်းအလုပ်ကို မဖြစ်မနေ ကျဉ်းထဲကျပ်ထဲရောက်မှသာ လုပ်သင့်သည်၊ တောင်းသင့်သည်။

ရှိမာန်ထက် မရှိမာန်က ပို၍လိုအပ်သည်၊ ရွှေငွေဥစ္စာ အတတ်ပညာ ရာထူးဂုဏ်သိန်တစ်ခုခုရှိလို့ မာန်ထားတာက အထူးအဆန်းမဟုတ်၊ အထူးအဆန်းက မရှိမာန်ဖြစ်သည်၊ မရှိလို့တောင်းမည်ဆိုက တောင်းစရာတွေ များမှများ၊ သို့သော် မရှိတိုင်းတောင်း၍ မဖြစ်၊ တစ်ကြိမ်ကနှစ်ကြိမ်တောင်း မုန်းတော့မှာသေချာသည်၊ "လျှာပေါ်မြက်ပေါက်စေ၊ အောက်ကျ နောက်ကျ ဘယ်တော့မှမခံ" ဟူသော မရှိမာန်ကို မရှိသူတိုင်း ထားသင့်သည်၊ ထားရမည်။

သူများဟာဆိုလျှင် ဘယ်ဟာမှ အလကားမလိုချင်ရ၊ အလကားလိုချင်သောစိတ်ဓာတ်သည် အောက်တန်းကျသည်၊ အလကားလိုချင်သူသည် အလကားလူဖြစ်သည်၊ သူများဟာဆိုလျှင် ဘယ်ဟာမှ အချောင်မလိုချင်ရ၊ အချောင်လိုချင်သော စိတ်ဓာတ်သည် အောက်တန်းကျသည်၊ အချောင်လိုချင်သူသည် အချောင်သမားဟုသာ ကင်ပွန်းတပ်ရမည်၊ အလကားလိုချင်သောစိတ်ဓာတ်၊ အချောင်လိုချင်သောစိတ်ဓာတ် မိမိတို့မျိုးဆက်သစ်တွေ၌ လုံးဝမရှိအောင် သွန်သင်ခဲ့ကြရမည်။

တစ်ခုခုလိုချင်လျှင် တစ်ခုခုပေးရမည်ဟူသောအသိတရား စွဲမြဲစွာကိန်းဝပ်နေအောင် ပုံသွင်းခဲ့ရမည်၊ လောကသားတို့သည် အရာရာ၌ အပေးအယူသဘောမျိုးနှင့် လည်ပတ်နေရတာဆိုတော့ အပေးအယူကိစ္စနှင့်စပ်၍ မှန်မှန်ကန်ကန် နားလည်သဘောပေါက်ဖို့

ခံယူကျင့်သုံးဖို့ အရေးတကြီးလိုအပ်သည်၊ လောကသားတို့ ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာရှိဖို့၊ တည်တည်ငြိမ်ငြိမ်ရှိဖို့၊ အေးအေးချမ်းချမ်းရှိဖို့၊ သာသာယာယာရှိဖို့ အချင်းချင်းတွေကြားမှာ အပေးအယူမျှဖို့ လိုပါသည်၊ အပေးနှင့်အယူမျှနေမှသာ ဖွံ့ဖြိုးတိုးတက်သော လူ့ဘောင်သစ်၊ အေးချမ်းသာယာသော လူ့ဘောင်သစ်ဖြစ်လိမ့်မည်။

တောင်းသောအကျင့်သည် ကောင်းသောအကျင့်မဟုတ်၊ တောင်းသောအလုပ်သည် ကောင်းသောအလုပ်မဟုတ်၊ တောင်းမှစားရသောဘဝမျိုးသည် ကောင်းသောဘဝမျိုးမဟုတ်၊ ထိုအကျင့်မျိုး၊ ထိုအလုပ်မျိုး၊ ထိုဘဝမျိုးသည် ကျက်သရေမင်္ဂလာရှိသော ပြယုဂ်မဟုတ်၊ သို့သော် မတတ်သာတော့ ထိုအကျင့်တွေ၊ ထိုအလုပ်တွေ၊ ထိုဘဝမျိုးတွေက နေရာတိုင်း၌ ရှိနေသည်၊ တွေ့နေသည်၊ ဘဝပေးအခြေအနေက အမျိုးမျိုးရှိလေတော့ ထိုမြင်ကွင်းတွေက မတွေ့ချင်လည်း တွေ့နေရမည်၊ မမြင်ချင်လည်း မြင်နေရမည်။

ထိုတောင်းစားသူတွေကို တချို့ကလည်း ပေးကြသည်၊ တချို့ကလည်း မပေးကြ၊ ကိုယ်အမြင့်နှင့်ကိုယ်၊ ကိုယ့်အယူ အဆနှင့်ကိုယ်တော့ ရှိပါလိမ့်မည်၊ မည်သူကိုမှ မှားသည်၊ မှန်သည်ဟု မဆိုသာ၊ အသိပုဂ္ဂိုလ်တစ်ဦး၊ သူကတော့ ကိုယ့်ဒူးကိုယ်ချွန်နှင့် ရိုးသားမှုနှင့်ကြိုးစားမှုကြောင့် ချမ်းသာကြွယ်ဝလာသူဖြစ်သည်၊ သူကတော့ တောင်းစားသူကို ဘယ်သူမှမပေး၊ ဘယ်တော့မှမပေး၊ အကျင့်ပါနေမှာစိုးသောကြောင့်ဟု သူက အကြောင်းပြသည်။

တစ်ဝမ်းတစ်ခါး လုပ်စားနိုင်ပါလျက်နှင့် လုပ်မစားချင်လို့၊ ပျင်းလို့ဟု သူကယူဆသည်၊ သူတို့ကိုပေးခြင်းသည် လူမိုက်အားပေးခြင်းသာဖြစ်သည်ဟု သူက ယုံကြည်သည်၊ ထို့ကြောင့် ပျင်းသူတွေ

ပိုပျင်းမှာစိုးလို့၊ ဖျင်းသူတွေ ပိုဖျင်းမှာစိုးလို့၊ လူပျင်းအားပေးအလုပ်ဖြစ်မှာစိုးလို့ သူမပေးခြင်းဖြစ်သည်ဟု အကြောင်းပြသည်၊ သူ့အမြင်၊ သူ့သဘောထား၊ မှားသည်ဟု မဆိုလိုပါ။ (မကြာမီက ရခိုင်ဘက်က ဂီရိဒုက္ခသည်တွေကို ကူညီကယ်ဆယ်ဖို့တာဝန်ကျသူ ဒေသဆိုင်ရာအကြီးအကဲတစ်ဦးနှင့် စကားပြောဖြစ်တော့ တော်တော်အလိုက်မသိသောဒုက္ခသည်တွေနှင့် လုပ်ကိုင်စားသောက်ရခြင်းထက် ဒုက္ခသည်ဘဝက ပို၍အဆင်ပြေနေလေတော့ ဒုက္ခသည်ဘဝကိုပဲ တွယ်တာပြီး ဒုက္ခသည်ဘဝကို မစွန့်လွှတ်ချင်သော ဒုက္ခသည်တွေအကြောင်း ကြားရတော့လည်း ဩော်. . . ဒီလိုလည်း ရှိတာပါလားဟု တွေးတော့ တွေးမိပါရဲ့။)

စာရေးသူအမြင်ကတော့ တောင်းသောအလုပ်သည် လွယ်ကူသောအလုပ်မဟုတ်၊ မတတ်သာလို့သာ တောင်းရသည်၊ တောင်းခြင်းအလုပ်၌ ဘာအကြောင်းတွေပဲရှိသည်ဖြစ်စေ၊ မလွဲသောအကြောင်းကတော့ လိုအပ်နေလို့သာ တောင်းခြင်းဖြစ်သည်၊ သူ့မှာလိုအပ်နေတာကတော့ အမှန်ပင်၊ ထို့ကြောင့် သူ့မှာလိုအပ်နေတာ အမှန်ဖြစ်လို့ ကိုယ်တတ်နိုင်သလောက်တော့ ပေးသင့်သည်၊ ပေးရမည်၊ ကိုယ့်အတွက် ငါးရာတစ်ထောင်က ဘာမျှမဟုတ်သော်လည်း သူ့အတွက်ကတော့ ဟုတ်ချင်ဟုတ်နေပေလိမ့်မည်၊ ထို့ကြောင့် သိပ်ပြီးငယ်ရွယ်သူများနှင့် အိုမင်းမစွမ်းတို့ကိုတွေ့ရလျှင် ထိုမျှကတော့ ပေးဖြစ်နေသည်၊ ပေးသူ မှန်လား၊ မှားလား။ ။

## မပြီးဆုံးသေးသော ပန်းချီကားတစ်ချပ်

**ဘဝဟူသည် . . .**

ဘဝကို တိပိဋကပါဠိမြန်မာအဘိဓာန်က "(၁) ဘဝ၊ အဆက်မပြတ်ဖြစ်ပေါ်နေသော ရုပ်နာမ်တရားစု၊ သံသရာ၊ (၂) အကြောင်းဖြစ်သော ကံ၊ ကမ္မဘဝ၊ (၃) ကမ္မဘဝကြောင့် ဖြစ်ပေါ်လာသော အကျိုးတရား၊ ဥပပတ္တိဘဝ၊ (၄) အနာရောဂါပျောက်ကင်းကြောင်း ဆေးပစ္စည်း၊ (၅) (က) သက်ရှိသက်မဲ့သတ္တဝါသင်္ခါရတို့ဖြစ်ရာဘုံ၊ (ခ) ဗိမာန်၊ (၆) အမြဲတည်၏ဟူသော အယူမှား၊ သဿတဒိဋ္ဌိ၊ (၇) ထင်ရှားရှိသည်၏အဖြစ်၊ (၈) ပြည့်စုံခြင်း၊ (၉) ကြီးပွားတိုးတက်ခြင်း၊ ကြီးပွားတိုးတက်ကြောင်း၊ (၁၀) ကောင်းမှုကုသိုလ်၊ (၁၁) ကာမချမ်းသာ၊ (၁၂) ဖြစ်ခြင်းဥပါဒ်၊ (၁၃) ရောက်ခြင်း၊ (၁၄) ဖြစ်သော၊ (၁၅) ဖြစ်ထိုက်၊ ဖြစ်လတ္တံ့သော၊ (၁၆) ထင်ရှားရှိသော၊ သူ" ဟု ဖွင့်သည်။

ဦးဟုတ်စိန်၏ ပဒတ္ထမဉ္ဇူသာအဘိဓာန်က ဘဝကို "ဖြစ်ခြင်း၊ မွေးဖွားခြင်း၊ ဖြစ်ပွားခြင်း၊ ဘုံ" ဟု ဖွင့်သည်၊ ပါဠိသက်ဝေါဟာရ

အဘိဓာန်က ဘဝကို "(၁) သတ္တဝါတို့၏ဖြစ်ခြင်း၊ သတ္တဝါတို့၏ဖြစ်ရာ၊ သတ္တဝါအဖြစ်၊ (၂) အဖြစ်" ဟု ဖွင့်သည်။

သုတေသနသရုပ်ပြအဘိဓာန်က ဘဝနှင့်စပ်၍ ဤသို့ဖွင့်သည်။

**ဘဝနှစ်ပါး -**

(၁) ကမ္မဘဝ-ပြုလုပ်သမျှကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ စေတနာများ။

(၂) ဥပပတ္တိဘဝ-ထိုကုသိုလ်ကံ အကုသိုလ်ကံတို့ကြောင့် နောက်ဘဝ၌ဖြစ်သော ပဋိသန္ဓေဝိညာဉ်ကမ္မဇရုပ်များ။

**ဘဝသုံးပါး -**

(၁) ကာမဘဝ-ကာမပဋိသန္ဓေဆယ်ပါးဟူသော ဝိပါက်ခန္ဓာ, ကဋတ္တာရုပ်များ။

(၂) ရူပဘဝ-ရူပပဋိသန္ဓေခြောက်ပါးဟူသော ဝိပါက်ခန္ဓာ, ကဋတ္တာရုပ်များ။

(၃) အရူပဘဝ-အရူပပဋိသန္ဓေလေးပါးဟူသော ဝိပါက် ခန္ဓာ။

လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝကို ဘဝသုံးပါးဟူ၍ အချို့နေရာ၌ဆိုသည်။

**ဘဝကြီးကိုးပါး -**

(၁) ကာမဘဝ-ကာမဝိပါက်စိတ္တုပ္ပါဒ်နှင့် ကမ္မဇရုပ်များ။

(၂) ရူပဘဝ-ရူပဝိပါက်စိတ်ငါးပါးနှင့်ယှဉ်သော စေတသိက် ၃၅ ပါး၊ ကမ္မဇရုပ်များ။

(၃) အရူပဘဝ-အရူပဝိပါက်စိတ္တုပ္ပါဒ်စု။

(၄) သညာဘဝ-နေဝသညာနာသညာယတနစိတ်ကြဉ်သော လောကီဝိပါက်စိတ္တုပ္ပါဒ်နှင့်တကွ ကမ္မဇရုပ်များ။

(၅) အသညာဘဝ-ဇီဝိတနဝကရုပ်ကလာပ်။

(၆) နေဝသညာ နာသညာဘဝ-နေဝသညာနာသညာယ တနစိတ္တုပ္ပါဒ်။

(၇) ဧကဝေါကာရဘဝ-ဇီဝိတနဝကရုပ်ကလာပ်၊ ခန္ဓာတစ်ပါးသာရှိသောဘဝ။

(၈) စတုဝေါကာရဘဝ-အရူပဝိပါက်စိတ္တုပ္ပါဒ်၊ ခန္ဓာလေးပါး ရှိသောဘဝ။

(၉) ပဉ္စဝေါကာရဘဝ-ကာမဝိပါက်၊ ရူပဝိပါက်စိတ္တုပ္ပါဒ်နှင့် ကမ္မဇရုပ်စု၊ ခန္ဓာငါးပါးရှိသောဘဝ။

ဘုံဘဝဟု ဘုံနှင့်ဘဝ တွဲလျက်လည်းခေါ်ကြသည်၊ ဘုံသည် ဘဝ၊ ဘဝသည် ဘုံ၊ ဘုံကို ပါဠိသက်ဝေါဟာရအဘိဓာန် က "(၁) သတ္တဝါတို့၏ဖြစ်ရာဌာန၊ တည်ရာဌာန၊ (၂) အဆင့်ဆင့်ရှိသောဗိမာန်၊ (၃) ပြာသာဒ်အဆင့်၊ (၄) အဆင့်တာဝန်" ဟူ၍ ဖွင့်သည်။

ဘုံသည် သုံးဆယ့်တစ်ဘုံရှိသဖြင့် ဘဝကလည်း သုံးဆယ့် တစ်ဘဝရှိသည်၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟူ၍ အပါယ် လေးဘုံရှိသည်၊ ထိုအထက်၌ လူ့ဘုံရှိသည်၊ ထိုအထက်၌ စာတုမဟာ ရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသ ဝတ္တိဟူ၍ နတ်ပြည်ခြောက်ဘုံရှိသည်၊ ထိုအထက်၌ ဗြဟ္မာဘုံနှစ်ဆယ်

ရှိသည်၊ ပေါင်းက သုံးဆယ့်တစ်ဘုံ၊ သုံးဆယ့်တစ်ဘဝရှိသည်။

**ဘဝ၏အဓိပ္ပာယ်များ . . .**

ဘဝဟူသည် အိပ်မက်ရှည်ကြီးတစ်ခုမျှသာဖြစ်သည်၊ ဘဝဟူသည် ရယ်ရွှင်ဖွယ်ရာကောင်းသော ပြက်လုံးတစ်ခုမျှသာဖြစ်သည်၊ ဘဝဟူသည် အနီးကပ်ကြည့်လျှင် အလွမ်းဇာတ်၊ အဝေးကကြည့်လျှင် ဟာသဇာတ်ဖြစ်သည်၊ ဘဝဟူသည် တည်းခိုခန်းနှင့် ပမာတူသည်၊ ဘဝဟူသည် မပြီးဆုံးသေးသော တိုက်ပွဲတစ်ခုဖြစ်သည်၊ ဘဝဟူသည် မပြီးဆုံးသေးသော ပန်းချီကားချပ်တစ်ခုဖြစ်သည်၊ ဤသို့ ပညာရှိတို့ ဉာဏ်ကွန့်ကြသည်။

အားလုံးအိပ်မက် မက်ဖူးကြပါလိမ့်မည်၊ တချို့က အစွဲအလမ်းကြောင့် မက်သည်၊ တချို့က သွေးလေချောက်ချားလို့ မက်သည်၊ တချို့က ပုဗ္ဗနိမိတ်အနေနှင့် မက်သည်၊ တချို့ကျတော့လည်း ဘာမှလည်းမဆီမဆိုင်၊ ဘာမှလည်းအဆက်အစပ်မရှိ မက်သည်၊ အိပ်မက်ဟူသည် များသောအားဖြင့် တကယ်မဟုတ်၊ တကယ်မဟုတ်သည့်အတွက် ဘာမှလည်းမဟုတ်။

အိပ်မက်ထဲ၌ ကောင်းသည်လည်းရှိမည်၊ ဆိုးသည်လည်းရှိမည်၊ ဘာမှအဓိပ္ပာယ်မရှိတာလည်းရှိမည်၊ သေချာတာက အိပ်မက်ဆိုတာ အိပ်မက်မျှသာ၊ အမှန်တကယ်ဘာမှမဟုတ်၊ တချို့က "ဘာမှလည်းမဟုတ်ပါဘူး၊ ပြီးရင်ပြီးတာပါပဲ" ဟု ညည်းပြသည်၊ သူညည်းပြတာလည်း အမှန်ပင်ဖြစ်သည်၊ ကောင်းကောင်းစားရသည်၊ ပြီးတော့လည်း ပြီးတာပါပဲ၊ ကားကောင်းကောင်းစီးရသည်၊ ပြီးတော့လည်းပြီးတာပါပဲ၊ ယခုရက်ပိုင်းအတွင်း တော်တော်လေးချမ်းသာသော ကုမ္ပဏီ

ပိုင်ရှင်မိသားစုတစ်စု အဖေက ၄၉၊ အမေက ၄၇၊ သားအကြီးက ၁၇၊ သားအငယ်က ၁၂။ အကောင်းစားကားနှင့် နေပြည်တော်က အပြန် ညောင်လေးပင်အနီး ဖောင်တော်သီအနားမှာ ကားအက်ဆီးဒင့်ဖြစ်၍ မိသားစုအားလုံးဆုံးပါးသွားကြသည့် သတင်းတစ်ပုဒ်ဖတ်ရှုရသည်၊ ဩော်. . . ပြီးတော့လည်း ပြီးတာပါပဲ၊ အခြားကောင်းပေဆိုသည့် အာရုံမျိုးစုံကို ခံစားကြည့်သည်၊ ပြီးတော့ ဘာဟုတ်လဲ၊ ဘာမှမဟုတ်၊ ပြီးတော့လည်း ပြီးတာပါပဲဟူသောအဓိပ္ပာယ်မျိုး ခံစားဖူးသူတို့ထံမှ ကြားဖူးသည်၊ ပစ္စည်းဘယ်လောက်ရှိရှိ အာဏာဘယ်လောက်ရှိရှိ၊ နောက်ဆုံးတော့လည်း ပြီးတော့လည်း ပြီးတာပါပဲ၊ ဘာဟုတ်လဲ၊ ဘာမှသိပ်မဟုတ်ပါဘူး။

မီးပျက်တော့အတူတူဆိုသကဲ့သို့ သေတော့လည်း အားလုံးအတူတူပါပဲ၊ မသေခင်လေးမှာ ငါကဘာဆိုပြီး ဂုဏ်ယူကြ၊ ဝင့်ကြွားကြ၊ ဝါကြွားကြ၊ လက်မထောင်ကြ၊ သေတော့ ဘာထူးလဲ. . .၊ ဘာမှမထူးပါဘူး၊ အတူတူပါပဲ၊ သေလျှင် သည်ဘဝ တစ်ကဏ္ဍ ပြီးဆုံးသွားပါပြီ၊ ဘဝဟူသည် အိပ်မက်ရှည်ကြီးတစ်ခုသာဖြစ်သည်ဆိုသော ကောက်ချက်က တကယ့်အမှန်ပင်ဖြစ်သည်။

နောက်တစ်ဦးက ဘဝဟူသည် ရယ်ရွှင်ဖွယ်ရာကောင်းသော ပြက်လုံးတစ်ခုတဲ့၊ ဒါလည်းအမှန်ပါပဲ၊ အရိယာသူတော်စင်တို့၏ အမြင်မှာဖြင့် ပုထုဇဉ်တို့၏နေ့စဉ်လှုပ်ရှားမှု ဘဝအခင်းအကျင်းဟူသမျှ ရယ်စရာမှ တကယ့်ရယ်စရာပါပဲ၊ လူကောင်းတို့မျက်စိထဲမှာ အရူးတို့၏လုပ်ရပ်တွေသည် ရယ်စရာဖြစ်နေသကဲ့သို့ အရိယာသူတော်ကောင်းတို့၏မျက်စိထဲမှာ ပုထုဇဉ်တို့၏လုပ်ရပ်တွေက ရယ်စရာတွေချည်းပါပဲ၊ ထို့ကြောင့် ဘဝဟူသည် ရယ်ရွှင်ဖွယ်ရာ

ကောင်းသော ပြက်လုံးတစ်ခုဟူသော ပညာရှိတို့၏အဆိုသည် အမှန်ပင်ဖြစ်သည်။

ဘဝဟူသည် အနီးကပ်ကြည့်လျှင် အလွမ်းဇာတ်တဲ့၊ အဝေးကကြည့်တော့ ဟာသဇာတ်တဲ့၊ ဘဝဟူသည် ငါ့သား ငါ့သမီး ငါ့ဇနီး ငါ့မိဘ ငါ့ဆွေ ငါ့မျိုးဟူသော တဏှာမျက်စိသံယောဇဉ်အကြည့်နှင့် အနီးကပ်ကြည့်က ခွဲကြခွာကြရသည့်အခါ လွမ်းစရာမှ တကယ့်လွမ်းစရာ၊ အလွမ်းဇာတ်ပါပဲ၊ တဏှာကင်းကွာသံယောဇဉ်ကုန်ခန်းပြတ်တောက်နေသော အရိယာသူတော်ကောင်းတို့၏အကြည့်နှင့် ဝေးဝေးကကြည့်က ရယ်စရာမှ တကယ့်ရယ်စရာ၊ ဟာသပြဇာတ်ပါပဲ။

ဘဝဟူသည် တည်းခိုခန်းနှင့်ပမာတူသတဲ့၊ ကိုယ့်အိမ်မှာကိုယ်ဆိုလျှင်တော့ ကြိုက်သလောက်နေ၊ နေလို့ရသည်၊ တည်းခိုခန်းမှာတော့ ကိုယ်ကြိုက်သလောက် နေခွင့်မရှိ၊ အခကြေးငွေ ပေးထားသလောက်သာ ခေတ္တခဏအခိုက်အတန့်မျှ နေရသည်၊ ဘဝဟူသည်မှာ ကိုယ်ပိုင်အိမ်မဟုတ်၊ ကိုယ်ကြိုက်သလောက် ကိုယ့်စိတ်တိုင်းကျနေလို့မရ၊ အချိန်တန်လျှင် အိမ်ပြန်ရမည်၊ ထို့ကြောင့် ဘဝဟူသည်မှာ ခေတ္တခဏ ဝင်ရောက်တည်းခိုနေရသော တည်းခိုခန်းသာဖြစ်သည်။

တည်းခိုခန်းက ကြယ်ငါးပွင့်ဟိုတယ်၊ ကြယ်လေးပွင့်ဟိုတယ်၊ မိုတယ်၊ အင်းစသည်ဖြင့် အဆင့်အတန်း၊ အတန်းအစား အမျိုးမျိုးရှိသလို ဘဝကလည်း သူဌေးသူကြွယ်ဘဝ၊ ပညာတတ်ပညာရှင်ဘဝ၊ လုပ်ပိုင်ခွင့်ရာထူးအာဏာ ကြီးကြီးမားမားရှိသူတို့ဘဝစသည်ဖြင့် အမျိုးမျိုးရှိသည်၊ တည်းခိုခန်းတို့၏ အဆင့်အတန်းကို အခကြေးငွေဖြင့် ပိုင်းခြားထားသလို ဘဝတွေကိုလည်း မိမိတို့ပေးချေခဲ့သော အခကြေးငွေပမာဏဖြင့် ပိုင်းခြားထားခြင်းဖြစ်သည်။

ဘဝဟူသည် မပြီးဆုံးသေးသော တိုက်ပွဲတဲ့၊ တချို့က ဘဝကို တိုက်ပွဲအသွင်ခံယူကြသည်၊ ပညာ၊ ဥစ္စာ၊ ခံစားခွင့်၊ ရပိုင်ခွင့်၊ လုပ်ပိုင်ခွင့်စသည်တို့ကို အင်တိုက်၊ အားတိုက် တိုက်ယူနေကြသည်၊ ဓမ္မအမြင်နှင့်ကြည့်လျှင်လည်း ဘဝကို တိုက်ပွဲအဖြစ်လက်ခံသည်၊ မိမိတို့သန္တာန်က လောဘဒေါသမောဟစသော ကိလေသာတို့ကို တိုက်ထုတ်နေရမည်၊ ထိုတိုက်ပွဲက ယခုထက်တိုင်မပြီးဆုံးသေး၊ တိုက်ပွဲမပြီးသေး၊ ရဟန္တာဖြစ်မှ တိုက်ပွဲပြီးမည်။

ဘဝဟူသည် မပြီးဆုံးသေးသော ပန်းချီကားတဲ့၊ မှန်ပါသည်၊ မိမိတို့လက်ရှိယခုဘဝတွေသည် မပြီးဆုံးသေးသော ပန်းချီကားတစ်ချပ်သာဖြစ်သည်၊ မိမိတို့သည် မိမိတို့ဘဝတွေ လှပအောင်၊ အများနည်းတူ ကြည့်ကောင်းရှုကောင်းဖြစ်အောင် ရောင်စုံစုတ်တံတွေ ကိုင်၍ ဟောသူကဟော၊ ပြောသူကပြော၊ ရေးသူကရေး၊ လက်တွေ့လုပ်သူကလုပ် ရေးခြယ်နေကြသည်၊ မိမိတို့ဘဝတွေသည် မိမိတို့စိတ်ကြိုက်မဖြစ်သေး၊ ထို့ကြောင့် မိမိတို့ဘဝတွေသည် မပြီးဆုံးသေးသော ပန်းချီကားတစ်ချပ်သာ ရှိသေးသဖြင့် မိမိတို့စိတ်တိုင်းကျ လှလှပပဖြစ်အောင် ဆက်လက်ရေးခြယ်ကြရဦးမည်။ ။

# မြဝတီမင်းကြီးနှင့် ပညတ်သွားရာ

၁၉၉၁ ခုနှစ်ဆီက ရွှေတောင်ကုန်းပဏ္ဍိတာရာမ၌နေစဉ် အင်္ဂလိပ်စာလေ့လာတုန်းက ဆရာက ထူးခြားဖြစ်စဉ် အင်္ဂလိပ်ဖတ်စာ စာအုပ်လေးတွေနှင့် သင်ကြားပေးသည်၊ ထိုအထဲ၌ မှတ်မှတ်ရရ အကြောင်းအရာလေးတစ်ခု တွေ့ရသည်၊ သုတေသနသမား သုတေသီပုဂ္ဂိုလ်တွေကိုလည်း ချီးကျူးတော့ ချီးကျူးရမည်၊ နှိုက်နှိုက်ချွတ်ချွတ် လေ့လာစူးစမ်း သုတေသနပြုကြသည်။

မဟာဂီတနှင့် ခေတ်ပေါ်ဂီတ နှစ်မျိုးရှိသည်၊ ရှေးသီချင်းကြီးများကို မဟာတပ်၍ခေါ်လျှင် ခေတ်သီချင်းတွေကို စူဠတပ်၍ ခေါ်သင့်သည်၊ ပါဠိမှာက မဟာကာဠ၊ စူဠကာဠ၊ မဟာပန္ထက၊ စူဠပန္ထကစသည်ဖြင့် သုံးနှုန်းလေ့ရှိသည်၊ အကြီးကို မဟာတပ်လျှင် အငယ်ကို သို့မဟုတ် အသေးကို စူဠတပ်၍ ခွဲခြားခေါ်ကြသည်၊ ထို့ကြောင့် ခေတ်ပေါ်သီချင်းတွေကို စူဠဂီတဟု ခေါ်သင့်သည်။

အပွင့်တွေဝေဆာနေသော ပန်းပင်လေးတွေအနီးမှာ ဂီတနှစ်ခုယှဉ်၍ တစ်ခုချင်းဖွင့်ပြသည်၊ ပန်းပွင့်လေးတွေသည် အဘိဓမ္မာသဘောအရ ဇီဝိတရုပ်မရှိသဖြင့် သက်မဲ့ဟုဆိုရသော်လည်း မဟာ

ဂီတကို ဖွင့်ပြတော့ သီချင်းသံရှိရာဘက်ကို မျက်နှာမူ၍ လှည့်လာကြ သတဲ့၊ ခေတ်ပေါ် ဝုန်း ဒိုင်း ဂွမ်း စူဠဂီတတွေကို ဖွင့်ပြတော့ ပန်းပွင့် လေးတွေက တခြားဆန့်ကျင်ဘက် မျက်နှာလှည့်သွားကာ ကျောခိုင်း သွားကြသတဲ့၊ ဩော်. . . အံ့ဩဖွယ်ရာပင်။

မဟာဂီတက ငြိမ့်ညောင်းသည်၊ သာယာသည်၊ အရသာရှိ သည်၊ နားထောင်ရသည်မှာ ဇိမ်ရှိသည်၊ ဟစ်ဟော့တို့ ရက်တို့စသော ခေတ်ပေါ်ဂီတက ဝုန်းဒိုင်းကြဲ၊ သူ့ခေတ်နှင့်သူ့ခါ အရသာတော့ရှိပါ လိမ့်မည်၊ သို့သော် ငြိမ့်ညောင်းမှုမရှိ၊ သာယာမှုမရှိ၊ ဇိမ်မရှိ၊ ခေတ်ကို က ငြိမ်ငြိမ်နေလို့ရသော ခေတ်မဟုတ်တော့၊ ဂီတတစ်ခုခုကိုတောင် ဇိမ်နှင့် အချိန်ပေးနားဆင်နိုင်သော ခေတ်မဟုတ်တော့၊ အချိန်ပြည့် သွားလာလှုပ်ရှားရုန်းကန် ဝုန်းဒိုင်းကြဲနေရသောခေတ်ဖြစ်လေတော့ ငြိမ်ငြိမ်ဇိမ်နှင့် နားထောင်ရသော မဟာဂီတနှင့် မလိုက်ဖက်တော့၊ ဝုန်းဒိုင်းကြဲခေတ်သည် ဝုန်းဒိုင်းကြဲဂီတနှင့်သာ လိုက်ဖက်တော့သည်။

ထူးမခြားနားဟူသော ဘုန်းတော်ဘွဲ့၊ ရောင်ခြည်တော်ဘွဲ့ မဟာဂီတမွေတေးသီချင်းကြီးသည် ယယ်ယယ်ကလည်း ကြားခဲ့၊ ယခု လည်း ကြားဆဲ၊ နောင်လည်း ကြားနေရဦးမည့် မဟာဂီတဖြစ်သည်၊ မြန်မာတို့ကြား ဗုဒ္ဓဘာသာရှိနေသရွေ့ ပျောက်ကွယ်၍ မသွားနိုင် သော သီချင်းကြီးပင်ဖြစ်သည်၊ ဗုဒ္ဓဘာသာအလှူပွဲတိုင်းမှာလိုလို အသံချဲ့စက်ပါပါက "ထူး . . . မခြား. . . နား . . . မီးရေ . . . စုံသား . . . ရောင်စုံထွေပြား . . ." စသည်ဖြင့် နားဆင်ရသည်မှာ နားဝင်ပီယံဖြစ်လှသည်၊ ငြိမ့်ညောင်းသာယာရှိလှသည်၊ ကျက်သရေမှ တကယ့်ကျက်သရေ၊ မင်္ဂလာမှ တကယ့်မင်္ဂလာပင်။

"ထူး . . . မခြား . . . နား . . . မီး . . ရေ . . စုံ . . သား"

ဓမ္မတေးသီချင်းမဟာဂီတကြီးကို ငယ်ငယ်က အလှူပွဲတိုင်းမှာ ကြားခဲ့ရသဖြင့် ထိုတစ်ပိုဒ်ကတော့ နားထဲစွဲနေသည်၊ မည်သို့မှ မေ့ဖျောက်မရတော့၊ သို့သော် ဘာအဓိပ္ပာယ်မှန်းတော့ ကောင်းကောင်း မသိခဲ့ရိုး အမှန်ပင်၊ ထူးမခြားနားဆိုတော့ ထူးလည်းမထူး၊ ခြားနားလည်း မခြားနားဘူးပေါ့၊ ဤမျှသာ လွယ်လွယ်အဓိပ္ပာယ်ပေါက်ခဲ့သည်။

ကြီးလာမှ စာလေးပေလေး အတော်အသင့်နှံ့စပ်လာမှ ဘုရားရှင်၏ "ယမကပါဠိဟာရိယာဉာဏ်တော်" ကို ရေးစပ်ထားကြောင်း သဘောပေါက်သည်၊ ထို့အပြင် ယင်းမဟာဂီတကို ကုန်းဘောင်ခေတ်က မြဝတီမင်းကြီးရေးသားစပ်ဆိုခဲ့ကြောင်း၊ ပြင်သစ်သီချင်းသံစဉ်မှ သံစဉ်ယူ၍ ကော်ပီပြန်ထားကြောင်း ကြားသိရသည်၊ ယခုခေတ်မှ ကော်ပီရှိတာမဟုတ်၊ ရှေးခေတ်ကလည်း ရှိခဲ့တာပဲဟု နားလည်ရသည်။

ဘုရားရှင်သည် သာဝကတို့နှင့် လုံးဝမဆက်ဆံ၊ သို့မဟုတ် မသက်ဆိုင်သော "ယမကပါဠိဟာရိယာ-ရေမီးအစုံ တန်ခိုးပြာဋိဟာ" ကို ပြတော်မူသည်၊ ကိုယ်တော်၏ အထက်ပိုင်းမှ မီးအလျှံ၊ အောက်ပိုင်းမှ ရေအလျဉ်၊ အထက်ပိုင်းမှ ရေ၊ အောက်ပိုင်းမှ မီး၊ ဤသို့ ရေမီးအစုံအစုံလွှတ်ခြင်းကို "ယမကပါဠိဟာရိယာ" ဟု ခေါ်သည်။

ကိုယ်တော်၏ ရှေ့ဘက်ခြမ်းမှ ရေအလျဉ်၊ နောက်ဘက်ခြမ်းမှ မီးအလျှံ၊ ဤသို့ ရေမီးတစ်စုံ၊ ထို့အတူ မျက်လုံးတော် နှစ်ဘက်၊ နားတော်နှစ်ဘက်၊ နှာခေါင်းပေါက်တော်နှစ်ဘက်၊ ပုခုံးတော်နှစ်ဘက်၊ လက်တော်နှစ်ဘက်၊ နံပါးတော်နှစ်ဘက်၊ ခြေတော်နှစ်ဘက်တို့မှ ရေမီးတစ်စုံ၊ အစုံလိုက်၊ အစုံလိုက် လွှတ်တော်မူသည်။

လက်ချောင်းတော်ဆယ်ချောင်းမှ မီးအလျှံ၊ ထိုလက်ဆယ်

ချောင်းကြားမှ နေ၍ ရေအလျဉ်၊ လက်ချောင်းတော်တို့ကြားမှ မီးအလျှံ၊ လက်ဆယ်ချောင်းထိပ်မှ ရေအလျဉ်၊ မွေးညှင်းတော်တစ်ပင်မှ မီးအလျှံ၊ အခြားမွေးညှင်းတော်တစ်ပင်မှ ရေအလျဉ်၊ မွေးတွင်းတော်တစ်ခုမှ မီးအလျှံ၊ တခြားမွေးတွင်းတော်တစ်ခုမှ ရေအလျဉ်၊ ဤသို့ ရေအစုံ၊ မီးအစုံ တန်ခိုးပြာဋိဟာကို တာဝတိံသာနတ်ပြည်တက်၍ အဘိဓမ္မာခုနစ်ကျမ်းမဟောမီ ဝါဆိုလပြည့်နေ့၌ ပြတော်မူခဲ့သည်။

ဘုရားရှင်၏ ရေအစုံမီးအစုံ တန်ခိုးပြာဋိဟာသည် သိပ်ပြီး မြန်ဆန်လွန်းသည့်အတွက်ကြောင့် ရေနှင့်မီးနှင့်က ရောနှောသကဲ့သို့ရှိသည်၊ ရေနှင့်မီးနှင့် တစ်ခုတည်းအလား မြင်နေရသည်၊ ထင်နေရသည်၊ တစ်ခုနှင့်တစ်ခု ထူးလည်း ဘာမျှမထူး၊ ခြားနားလည်း ဘာမျှမခြားနား၊ ဤကား မြဝတီမင်းကြီး ဦးစ၏အမြင်ဖြစ်သည်၊ အကယ်၍ မြဝတီမင်းကြီးက "ထူးလည်း ထူးပါပေ့၊ ခြားနားလည်း ခြားနားပါပေ့" ဟု မြင်ခဲ့သော် "ထူး. . . ခြားနား. . " ဟု ရေးစပ်ခဲ့လေမလား၊ တဖန် မြဝတီမင်းကြီးသည် ရေမီးအစုံအပေါ် သူ၏အမြင်ကို အဓိကထား၍ ရေးစပ်ခဲ့သလော၊ သို့မဟုတ် မူရင်းပြင်သစ်သီချင်း၏သံစဉ်ကို အဓိကထား၍ သံစဉ်နောက်လိုက်ကာ ရေးစပ်ခဲ့လေသလော. . .၊ လိုက်မေး၍ မဖြစ်နိုင်တော့ပြီ။

စာရေးသူတို့ ဆယ်နှစ်သားခန့် ကိုရင်ဒက်ချီးဘဝ ရွာမှာနေစဉ်က ဆွမ်းခံဗျတ်ဆိုင်းကို ပြေးမြင်မိသည်၊ ရွာမှာ အိမ်ခြေနှစ်ရာခန့်ရှိသည်၊ တောင်ပိုင်း၊ မြောက်ပိုင်း ဆွမ်းခံနှစ်ပိုင်းခွဲ၍ ထွက်သည်၊ တောင်ပိုင်းကို ဗျတ်ဆိုင်းထမ်းနှင့် ထွက်ရသည်၊ တစ်ဘက်က သပိတ်၊ တစ်ဘက်က လင်ပန်းနှင့် အုပ်ဆောင်းနှင့် ဆွမ်းဟင်းခွက်အစိတ်နှစ်ဆယ်လောက်။

ဆွမ်းဟင်းကြည့်လိုက်လျှင် ခရမ်းချဉ်သီးချက်၊ ပဲရေပွ၊ ပဲပြုတ်၊ ပဲကြော်၊ တစ်နေ့လာလည်း သည်ဟင်း၊ တစ်နေ့လာလည်း သည်ဟင်း၊ ထူးလည်းမထူး၊ ခြားနားလည်း မခြားနား၊ ပဲနှင့်ပဲ ပေါင်းတော့ ပဲဟု ကိုရင်ကျောင်းသားတွေက နေ့စဉ် ဥဒါန်းကျူးလေ့ရှိသည်၊ ရာသီစာ ခရမ်းချဉ်သီးပေါ်ချိန် ခရမ်းချဉ်သီးချက်၊ နွေဦးပေါက် မန်ကျီးရွက်ပေါ်ချိန် မန်ကျီးရွက်ချက်၊ ပင်တိုင်စံကတော့ ပဲရေပွ၊ ပဲပြုတ်၊ ကြော်. . . ထူး. . . မခြားနား။

၂၀၀၃၊ ၂၀၀၄ ခမည်းတော် မယ်တော်တို့ဆုံးပြီးကတည်းက ရွာကိုမရောက်ဖြစ်တာ ခြောက်နှစ်လောက်ရှိပါပြီ၊ ရွာရောက်တိုင်း ရွာကအနေအထားကို အကဲခပ်ကြည့်တော့ မိမိတို့ငယ်စဉ်က မြင်ကွင်းမျိုးမဟုတ်တော့၊ မိမိတို့ ကလေးဘဝက ရွာဦးမှာက အချိန်ပြည့် စည်စည်ကားကားရှိသည်၊ အခုတော့ ခြောက်လို့၊ သွေ့လို့၊ တိတ်လို့၊ ဆိတ်လို့၊ တစ္ဆေတောင် ကြောက်စရာ။

ဟိုရှေးယခင်က (လွန်ခဲ့သော နှစ်သုံးဆယ်ကျော်လေးဆယ်ခန့်) သောက်ရေ၊ ထမင်းဟင်းချက်ဖို့ သုံးရေကို ရွာထိပ်ထွက်ခပ်ကြရသည်၊ ညနေလေးနာရီ၊ ငါးနာရီဆိုလျှင် ရွာထဲက လုံမငယ်များ ရေအိုးကိုယ်စီနှင့် ရေခပ်ဆင်းကြသည်၊ ဆယ်ယောက်၊ ဆယ့်ငါးယောက်၊ ရေခပ်တန်းတွေ ညနေခင်းတွင် ပြတ်သည်မရှိ၊ ရွာထဲက လူပျိုကာလသားတွေက ရွာဦးဇရပ်ပေါ်မှနေ၍ ရေခပ်လမ်းထိုင်ကြည့်ကြသည်၊ တခြားရွာမှ ကာလသားတွေလည်း တစ်ခါတစ်ရံ လာကြည့်ကြသည်၊ မိန်းကလေးတချို့ကလည်း ဟန်ရေးပြချင်လို့ ရေခပ်ထွက်ကြတာလည်း ရှိကောင်းရှိမည်။

သည်မြင်ကွင်းက မိမိတို့ကလေးဘဝက မိမိတို့ကျေးလက်

သဘာဝမြင်ကွင်းတစ်ခု၊ ညနေဆည်းဆာချိန် ရေခပ်လမ်းကား လူငယ်တို့ဘာသာဘာဝ ပျော်စရာ၊ ရွှင်စရာ၊ ကြည်နူးစရာ တကယ့်မင်္ဂလာဖြစ်သည်၊ လူငယ်တို့၏ တစ်နေ့တာ စိတ်အညောင်းဖြေဆေး သို့မဟုတ် စိတ်ထွက်ပေါက်တစ်ခုဟုဆိုရလေမလား၊ ယခု ထိုမြင်ကွင်းမျိုး လုံးဝမရှိတော့၊ ဒဏ္ဍာရီ သမိုင်းစာမျက်နှာထဲသို့ ရောက်သွားချေပြီ။

ရွာကိုရောက်တိုင်း ရွာက အိမ်တွေအနေအထား၊ ခြံစည်းရိုး၊ ရွာစည်းရိုးအနေအထား၊ သူတို့စားသောက်သည့် ထမင်းဟင်း၊ ခြုံပြောလျှင် စီးပွားရေးအနေအထား၊ အကဲခတ်ကြည့်မိသည်၊ ပညတ်သွားရာ ဓာတ်သက်ပါလေရော့သလားမသိ၊ မြဝတီမင်းကြီး၏ ထူးမခြားနားမဟာဂီတကြီးကိုပဲ အပြစ်တင်ချင်သလို ဖြစ်နေသည်၊ တစ်နှစ်ထက်တစ်နှစ် ဘာမျှမထူး၊ ဘာမျှမခြားနား၊ တိုးမလာ၊ တက်မလာ၊ ဆုတ်၍ယုတ်၍သာ၊ စိတ်ထဲမှာတော့ တော်တော်လေးမကောင်း၊ သို့သော် ကိုယ်လည်း ဘာမျှမတတ်နိုင်။

လွန်ခဲ့သော ဆယ်နှစ်ခန့်က ရန်ကင်းက အိမ်တစ်အိမ်မှာ ဆွမ်းစားတော့ ကိုးနှစ်၊ ဆယ်နှစ်အရွယ် သမီးငယ်လေးက ဘာကြောင့်ရယ်မသိ၊ "ခက်တော့တာပဲ" ဟု ညည်းတွားပြောဆိုသံကို သတိထားမိလို့ သည်လိုအရွယ်က သည်လိုစကားသုံးတာ သိပ်မကောင်းကြောင်း သတိပေးစကား ပြောမိသည်၊ ထိုကလေးမတောင် ယခုဆေးကျောင်းပြီးတော့မည်၊ သူ့မှာတော့ ခက်သလား၊ လွယ်သလားမသိ၊ ကျန်တာတွေတော့ ပညတ်သွားရာ ဓာတ်သက်ပါကုန်သည်၊ သဘင်သည်စကား၊ ကလေးစကား၊ အရူးစကား၊ မြဝတီမင်းကြီးကို သဘင်သည်ပဲထားပါတော့၊ ခက်တော့တာပဲဟု ပြောတာက ကလေး။

ဇမ္ဗူဒီပါ လကျာ်တောင်ကျွန်း နိမိတ်ထွန်းသတဲ့၊ ထူးမခြား

နားဆိုတာလည်း မကောင်း၊ ခက်တော့တာပဲဆိုတာလည်း မကောင်း၊ ဒီဘက်ခေတ် အသုံးများနေသော "မိုက်" ဆိုသည့် ဗန်းစကားကလည်း မကောင်းလှ၊ အများစုကတော့ ခပ်မိုက်မိုက်တွေ ဖြစ်ကုန်ကြသည်၊ "လန်း" ဆိုသည့် ဗန်းစကားကတော့ "ရွှင်လန်း၊ လန်းဆန်း" ဟုဆိုသဖြင့် ကောင်းပါသည်၊ သို့သော် သူကျတော့ ပညတ်သွားရာ ဓာတ်သက်ကပါ၍မလာ၊ ဘဝတွေအများစုကို ပါရမီဘက်ကဖြစ်စေ၊ တရားဓမ္မဘက်ကဖြစ်စေ လိုက်ကြည့်လိုက်ပြန်တော့ ယမန်နေ့ကလည်း ထိုပုံစံ၊ သည်နေ့လည်း ထိုပုံစံ၊ ဘာမျှမထူး၊ ဘာမျှမခြားနား၊ ဩော်. . . သူရော . . . မင်းရော. . . ငါရော. . . ဘာမျှ သိပ်မထူး၊ ဘာမျှ သိပ်မခြားနား၊ ယမန်နေ့ကငါထက် ယနေ့ငါက အရွတ္တပိုင်း၊ အသိပိုင်း၊ အကျင့်ပိုင်း၊ တရားဓမ္မအနေအထားက ပို၍ပို၍ ထူးလာသင့်သည်၊ ပို၍ပို၍ ခြားနားလာသင့်သည်၊ သို့သော်. . . သို့သော် . . . အများစုဆိုသည့် အများစုကြီးဟာဖြင့် မြဝတီမင်းကြီး၏ ဘုန်းတော်ဘွဲ့ ထူးမခြားနား မဟာဂီတကြီးအတိုင်းဆိုတော့ ပညတ်သွားရာ ဓာတ်သက်များ ပါနေရော့သလား. . .။

ဂျာနယ်တစ်စောင်မှာ နာမည်ကြီးကာတွန်းဆရာကြီး ရေးဆွဲထားသော ရုပ်ပြောင်တစ်ခု ဖတ်ရှုရသည်၊ ဆေးရုံတစ်ခု အတွင်း သေရာညောင်စောင်း လဲလျောင်းနေသော ဖခင်ကြီးအနီးမှာ သားဖြစ်သူက သူသိချင်တာကို မေးနေသည်၊ "အဖေရယ်. . . သားတို့ရန်ကုန်က အထူးလိုင်းဆိုတဲ့ဘတ်စ်ကားတွေ ဘယ်တော့လောက်များ ထူးမယ်လို့ထင်ပါသလဲ" တဲ့၊ ထိုအခါ အသက်ငင်နေသောဖခင်ကြီးက "စောင့်သာကြည့်ရစ်ပါတော့ ငါ့သားရယ်. . . ဂစ်. . "ဆိုပြီး အသက်ထွက်သွားလေသည်။ ။

# သည်ကမ်းသောင်ယံ

ရွာမှာနေစဉ် ငယ်စဉ်ကလေးဘဝ ပျော်စရာရွှင်စရာ မှတ်မှတ်ရရလေးတစ်ခု အောက်မေ့မိသည်၊ စာရေးသူတို့ရွာက မန္တလေး ရွှေဘိုကားလမ်းမဘေး မန္တလေးဘက်မှ ရေတွက်သော် မိုင်တိုင်အမှတ် ၄၉ မှာ တည်ရှိသည်၊ မိုင်တိုင်အမှတ် ၅၀ တွင် ရွာသာကြီးရွာကြီး တည်ရှိသည်၊ ရွာသာကြီးရွာကား ကားလမ်းမပေါ်တွင်ရှိသည်၊ အိမ်ခြေတစ်ထောင်ခန့်မျှရှိသည်၊ ရွာအဆင့်ကိုကျော်၍ ဇနပုဒ်ဟုဆိုနိုင်သည်။

ရွာသာကြီးရွာက ခုနစ်ရွာအုပ်စုတွင် အကြီးဆုံး၊ အစည်ကားဆုံးလည်းဖြစ်သည်၊ ရဲစခန်းရှိသည်၊ အထက်တန်းကျောင်းရှိသည်၊ ဈေးရှိသည်၊ ဆေးပေးခန်းရှိသည်၊ ပုဂ္ဂလိကဆေးခန်းဖွင့်ထားသော ဆရာဝန်တွေလည်းရှိသည်၊ ရှေးတုန်းက ရုပ်ရှင်ရုံကြီးလည်းရှိသည်၊ ရုပ်ရှင်က နေ့စဉ်တော့မပြနိုင်၊ တစ်ပတ်တစ်ခါ၊ ဆယ်ရက်တစ်ခါ ဆိုသလို ပြသည်၊ ရုပ်ရှင်ပြသည့်အခါ စာရေးသူတို့ရွာဘက်တွေကို မြင်းလှည်းနှင့်လာ၍ ကြော်ငြာသည်။

ရုပ်ရှင်ကြော်ငြာသူက အသံကောင်းကောင်း၊ အပြောကောင်းကောင်းနှင့် ရွာအဝင်ဝမှာကတည်းက အသံချဲ့စက်နှင့် မိုက်နှင့် ရွှန်း

ရှန်းဝေအောင် ကြော်ငြာသည်၊ ထိုခေတ်က ရွှေဘတို့၊ ကျော်ဆွေတို့ နောက်ပိုင်း ကောလိပ်ဂျင်တို့ခေတ်၊ တွံတေးသိန်းတန်တို့ခေတ်၊ ကလေး တွေ စိတ်ဝင်စားတာ၊ လိုချင်တာက မင်းသားမင်းသမီးရုပ်ပုံပါသော ရုပ်ရှင်လက်ကမ်းကြော်ငြာဖြစ်သည်၊ ကြော်ငြာစာရွက်က ကလေး တွေကိုတော့ မပေး၊ လူကြီးဆိုလျှင်တော့ ပေးသည်၊ ထိုအခါ အိမ်က လူကြီးတစ်ယောက်ကို လက်ဆွဲဆွဲခေါ်ပြီး ရုပ်ရှင်ကြော်ငြာစာရွက် ထွက်ထွက်တောင်းသည်ကို အမှတ်ရနေသည်။

ဆယ်ခါတောင်းလို့လည်း တစ်ခါကြည့်ရတာမဟုတ်၊ စာရွက် လိုချင်လို့သာ တောင်းခြင်းဖြစ်သည်၊ ရုပ်ရှင်ကြော်ငြာစာရွက်တွေ အိမ်ထရံ၌ကပ်ထားတာ အိမ်နံရံမှာအပြည့်၊ ရုပ်ရှင်ကားနာမည် တော် တော်များများ မှတ်မိပါသည်၊ ပြန်ပြောင်းတွက်လျှင် လွန်ခဲ့သောနှစ် လေးဆယ်စွန်းစွန်းက ဖြစ်မည်၊ ထိုရုပ်ရှင်ကားတွေထဲတွင် "သည် သောင်ယံက မခွာရက်နိုင်ပြီ" ဟူသော ရုပ်ရှင်ကားတစ်ကားရှိသည်၊ ကောလိပ်ဂျင်နေဝင်း၊ ဒေစီကျော်ဝင်းဟုထင်ပါသည်၊ ပေလီမှာ ရိုက် သည်ဟုလည်းထင်သည်၊ လွန်ခဲ့သောနှစ်လေးဆယ်ကဆိုတော့ ဇာတ် လမ်းကိုတော့ ကောင်းကောင်းမမှတ်မိတော့၊ နာမည်ကြီးတော့ နာမည်ကြီးကား တစ်ကားဖြစ်သည်။

သည်သောင်ယံက မခွာရက်နိုင်ပြီကို တရားဓမ္မနှင့်ကြည့် တော့လည်း ဟုတ်နေ၊ မှန်နေသည်ကို တွေ့ရသည်၊ လူတွေ သတ္တဝါ တွေကိုကြည့်လိုက်တော့ သည်သောင်ယံက မခွာနိုင်ဘဲဖြစ်နေကြတာ ကို တွေ့ရသည်၊ ဩော် . . . သည်သောင်ယံက မခွာရက်နိုင်သော သတ္တဝါတွေပါလား။

အပါယ်လေးဘုံ၊ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံဟူသော သုံးဆယ့်

တစ်ဘုံက ဤဘက်ကမ်းဖြစ်သည်၊ နိဗ္ဗာန်က ဟိုဘက်ကမ်းဖြစ်သည်၊ အလယ်၌ ကိလေသာရေအလျဉ်ကြီး ကြားခြား၍ထားသည်၊ သတ္တဝါတွေသည် သုံးဆယ့်တစ်ဘုံ ဤဘက်ကမ်းမှာပဲ တဝဲလည်လည်နှင့် မခွဲနိုင်၊ မခွာနိုင်ဖြစ်နေကြသည်။

နိဗ္ဗာန်ရရပါလို၏ဟု ဩကာသကန်တော့တိုင်း၊ ဘုရားကန်တော့တိုင်း အမြုပ်ထွက်မတတ် နှုတ်ကတတွတ်တွတ် ဆုတောင်းပါသော်လည်း နိဗ္ဗာန်ကို တကယ်လည်း မလိုချင်ကြ၊ နိဗ္ဗာန်ရအောင် တကယ်လည်း မလုပ်ကြ၊ တချို့က လူမြင်ကောင်းရုံ၊ လူကြားကောင်းရုံ အဆင့်၊ တချို့က ရေမှုတ်တစ်ဘက်၊ မီးစတစ်ဘက်၊ တချို့က ပါးစပ်က ဘုရား . . . ဘုရား . . . ၊ လက်က ကားယား . . . ကားယား . . . ၊ အမှန်က သည်သောင်ယံက (လက်ရှိအနေအထားက) မခွဲနိုင်၊ မခွာနိုင်၊ မစွန့်နိုင်၊ မလွှတ်နိုင်ခြင်းက အဓိကဖြစ်နေသည်။

သတ္တဝါတို့သည် အဘယ့်ကြောင့် သည်သောင်ယံက မခွာရက်နိုင်ဖြစ်နေကြသနည်း၊ အဝိဇ္ဇာနှင့် တဏှာကတော့ အရင်းခံမူလဖြစ်သည်၊ မသိမိုက်မဲခြင်းနှင့် တွယ်တာတပ်မက်ခြင်းကတော့ ပဓာနဖြစ်သည်၊ အဝိဇ္ဇာဟူသည် မသိခြင်း၊ အသိတရားမရှိခြင်း၊ တရားအသိမရှိခြင်း၊ မိုက်မဲခြင်း၊ မလိမ္မာခြင်းဖြစ်သည်၊ တဏှာက လက်ရှိအနေအထားအပေါ်မှာ တွယ်တာခြင်း၊ တပ်မက်ခြင်း၊ စွဲမက်ခြင်း၊ မစွန့်နိုင်ခြင်း၊ မလွှတ်နိုင်ခြင်း၊ မခွဲနိုင်ခြင်း၊ မခွာနိုင်ခြင်းဖြစ်သည်။

အဝိဇ္ဇာကို မသိခြင်းဟုဆိုသော်လည်း လုံးဝမသိခြင်းတော့မဟုတ်၊ တရားသဘောကိုသာ မသိ၊ အများအကျိုးကိုသာ မသိသော်လည်း ကိုယ်ကျိုးကိုတော့သိသည်၊ ကိုယ့်အတွက်ကိုတော့သိသည်၊ တိရစ္ဆာန်လေးတွေသော်မှ သူတို့အကျိုး၊ သူတို့စီးပွား၊ သူတို့အတွက်

တော့ သိကြသေးသည်ပင်။

အသိတရားဟူသည် ကုသိုလ်ကံ၊ အကုသိုလ်ကံ၊ ကံကံအကျိုး၊ ကောင်းကျိုးဆိုးကျိုး၊ ဖြစ်သင့်၊ မဖြစ်သင့်၊ လုပ်သင့်၊ မလုပ်သင့်၊ ဟုတ်၊ မဟုတ်၊ မှန်၊ မမှန် ခွဲခြားသိနေရုံနှင့် မပြီးသေး၊ ခွဲခြားသိပြီးသည့်နောက် ရှောင်သင့်သည်ကို ရှောင်၊ ဆောင်သင့်သည်ကို ဆောင်မှ၊ ဖြစ်သင့်သည်ကို ဖြစ်စေ၊ မဖြစ်သင့်သည်ကို မဖြစ်စေမှ၊ လုပ်သင့်သည်ကို လုပ်၊ မလုပ်သင့်သည်ကို မလုပ်မှ၊ ဟုတ်တာကို လုပ်၊ မဟုတ်တာကို မလုပ်မှ၊ မှန်တာကိုလုပ်၊ မမှန်တာကို မလုပ်မှ အသိတရားဖြစ်သည်၊ အသိတရားရှိသူဟု ဆိုနိုင်သည်။

တရားအသိဟူသည် အနိစ္စကိုလည်း နှလုံးသွင်းနိုင်ရမည်၊ ဒုက္ခကိုလည်း သဘောပေါက်ရမည်၊ အနတ္တကိုလည်း ဆင်ခြင်နိုင်ရမည်၊ အရာခပ်သိမ်း မမြဲပါလား၊ ဒုက္ခတွေပါလား၊ အစိုးမရပါလား၊ မပိုင်ဆိုင်ပါလားဟု နှလုံးသွင်းနိုင်၊ ဆင်ခြင်နိုင်တော့ ထိုအရာခပ်သိမ်းနှင့်စပ်၍ မတော်မတရားဝိသမလောဘမျိုး မဖြစ်တော့၊ အခြားအကုသိုလ်တွေလည်း အဖြစ်မခံတော့၊ အားလုံး အနိစ္စတွေချည်းပါလား၊ အားလုံး ဒုက္ခတွေချည်းပါလား၊ အားလုံး အနတ္တတွေချည်းပါလားဟု ကောင်းကောင်းကြီးနားလည်သဘောပေါက်ပါမှ တရားအသိဖြစ်သည်၊ တရားအသိဟူသည် တရားအားထုတ်၊ အားမထုတ်သည်နှင့် မဆိုင်၊ တရားသမားဟူသော အမည်၊ အသွင်နှင့်လည်း မဆိုင်၊ သူ့အသိ၊ သူ့လုပ်ရပ်၊ သူ့ခံယူကျင့်သုံးမှုနှင့်သာ ဆိုင်သည်။

တရားအားထုတ်တိုင်း တရားအသိရှိသည်မဟုတ်၊ တရားသမားဆိုသူတိုင်း တရားအသိရှိသည်မဟုတ်၊ တရားသမား အသွင်အပြင်ယူထားသူတိုင်း တရားအသိရှိသည်မဟုတ်၊ တရားရိပ်သာမှာ

နေတိုင်း တရားအသိရှိသည်မဟုတ်၊ ဘုရားတရား အလုပ်လုပ်တိုင်း တရားအသိရှိသည်မဟုတ်၊ တရားအသိက အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေးသုံးပါးအပေါ် သူသိထား၊ မြင်ထားသော သူ့အသိ၊ လက်တွေ့ ဘဝအခင်းအကျင်း၌ သူပြုမူနေသော သူ့အပြုအမူနှင့်သာ တိုက်ရိုက် သက်ဆိုင်သည်။

မသိလျှင် တွယ်၊ သိလျှင် ပြယ်ဆိုသည့်အတိုင်း မသိမှု၊ အသိတရား မရှိမှု၊ တရားအသိမရှိမှုကြောင့် တွယ်တာမှု တဏှာ၊ မစွန့်နိုင်၊ မလွှတ်နိုင်၊ မခွဲနိုင်၊ မခွာနိုင်ဆိုသည့် တဏှာဖြစ်ရသည်၊ သည်သောင်ယံက မခွာရက်နိုင်ခြင်း၏ အဓိကလက်သည်ကတော့ ဤအဝိဇ္ဇာနှင့် တဏှာသာဖြစ်သည်။

အဘိဓမ္မာအသုံးအနှုန်းအရကြည့်လျှင် ယိုစီးတတ်သော အာသဝတရား၊ လွှမ်းမိုးနှိပ်စက်၍ ဝဋ်ဆင်းရဲ၌ သတ္တဝါတို့ကို ဆောင်ယူတတ်သောဩဃတရား၊ ဝဋ်ဆင်းရဲ၌ သတ္တဝါတို့ကို ယှဉ်စပ်တတ်သော ယောဂတရား၊ ဝဋ်ဆင်းရဲ၌ သတ္တဝါတို့ကို ရစ်ပတ်ထုံးဖွဲ့တတ်သော ဂန္ထတရား၊ အစွဲအလမ်းကြီးစွာ စွဲလမ်းတတ်သော ဥပါဒါန်တရား၊ ပိတ်ပင်တားဆီး၊ ပိတ်ဆို့တတ်သော နီဝရဏတရား၊ နှောင်ဖွဲ့တတ်သော သံယောဇဉ်တရား၊ ညစ်နွမ်းစေတတ်၊ ပူပန်စေတတ်၊ နှိပ်စက်တတ်သော ကိလေသာတရား၊ လမ်းမှားကို ပို့ဆောင်တတ်သော မိစ္ဆာမဂ္ဂင်တရားများ၊ အရကောက်လျှင်တော့ လောဘဒေါသ မောဟဒိဋ္ဌိမာန စသောတရားများပင်ဖြစ်သည်၊ ဤတရားဆိုးတွေကြောင့်လည်း သည်သောင်ယံက ခွာလို့မရ၊ မခွဲနိုင်၊ မခွာနိုင်ဖြစ်နေကြသည်။

အာဠဝကသုတ္တန်မှာ အာဠဝကဘီလူးက "ဟိုဘက်ကမ်း

ရောက်ဖို့ ကိလေသာဝဲဩဃ၊ ကိလေသာလှိုင်းတန်းပိုးတွေကို ဘယ်ပုံဘယ်နည်းကူးခပ်ဖြတ်ကျော်သွားရပါမည်နည်း” ဟု မေးတော့ ဘုရားက “သဒ္ဓါယ တရတိ ဩဃံ-သဒ္ဓါတရားနှင့် ကူးခပ်ဖြတ်ကျော်သွားရမည်” ဟု မိန့်တော်မူသည်၊ သည်သောင်ယံကခွာနိုင်ဖို့အတွက် အဓိကလိုအပ်တာက သဒ္ဓါတရားဖြစ်သည်၊ ယုံကြည်ချက်ဖြစ်သည်။

ယုံကြည်ချက်ဖြင့် ဟိုဘက်ရောက်နိုင်သည်၊ ယုံကြည်ချက်ဖြင့် မိမိလိုရာပန်းတိုင်ရောက်နိုင်သည်၊ ယုံကြည်ချက်အားကောင်းလျှင် နောက်က ဆန္ဒာဓိပတိ၊ ဝီရိယာဓိပတိ၊ စိတ္တာဓိပတိ၊ ဝီမံသာဓိပတိတို့ ပါလာလိမ့်မည်၊ အောင်မြင်မှုအတွက် အဓိကလိုအပ်ချက်ကတော့ ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ပညာ၊ ထိုလေးပါးပြင်းထန်ဖို့ ပြင်းပြဖို့ဖြစ်သည်၊ ထိုလေးပါး ပြင်းထန်၊ ပြင်းပြ၊ ထက်သန်လျှင် လိုရာပန်းတိုင်ရောက်နိုင်သည်၊ ထိုလေးပါးရှေ့မှာတော့ သဒ္ဓါတရား-ယုံကြည်ချက်ဖြစ်သည်။

ဘုရားဆက်မိန့်တာက “အပ္ပမာဒေန အဏ္ဏဝံ-သံသရာပြင်ကျယ် မြစ်ပင်လယ်ကို အပ္ပမာဒခေါ် သတိတရားနှင့် ကူးခပ်ရမည်၊ ဝီရိယေန ဒုက္ခမစ္စေတိ-ဒုက္ခဟူသမျှ ဝီရိယနှင့်ကျော်လွှားသွားရမည်၊ ပညာယ ပရိသုဇ္ဈတိ-ပညာနှင့် အားလုံးသန့်စင်စေရမည်” ဟု မိန့်တော်မူသည်။

သည်သောင်ယံက မည်ကဲ့သို့ ခွာကြမည်နည်း၊ ဘုရားတရားအပေါ် ယုံကြည်ချက် သဒ္ဓါတရား၊ ဘုရားတရားကို မမေ့မလျော့သောသတိတရား၊ ကုသိုလ်ကိစ္စကြိုးစားအားထုတ်မှု ဝီရိယတရား၊ အရာခပ်သိမ်းတွေးခေါ် မြော်မြင်မှုပညာတရားတို့နှင့် သည်သောင်ယံကခွာကြရမည်ဟု အာဠဝကသုတ္တန်၌ ဘုရားရှင်မိန့်တော်မူခဲ့သည်။ ။

## စုပေါင်းညီညာ အောင်ကြောင်းဖြာ

သဲပွင့်ကလေးများ
စုပေါင်းအား
အုတ်ချပ်များစွာ
ဖြစ်နိုင်သည်။
သဲပွင့်ကလေးများ
ကြေမွသွား
အုတ်ချပ်အားလုံး
ပျက်နိုင်သည်။
အုတ်ချပ်ကလေးများ
စုစည်းအား
ဘုရားတိုက်တာ
တည်နိုင်သည်။
အုတ်ချပ်ကလေးများ
ပြိုကွဲသွား

ဘုရားတိုက်တာ
ပြိုနိုင်သည်။
(ထီးဆောင်းဆရာတော်၊ မြင်းမူ)

အုတ်တစ်ချပ် သဲတစ်ပွင့်ဟူသော ဆိုရိုးစကားသည် အသေးအဖွဲ့ပင်ဖြစ်သော်လည်း တန်ဖိုးထားဖို့၊ အသေးအဖွဲ့ကို မထီမဲ့မြင်မပြုဖို့၊ သို့မဟုတ် အနည်းမှ အများ၊ ခြေတစ်လှမ်းမှ ခြေလှမ်းပေါင်းများစွာ၊ တစ်ဦးမှ တစ်စု၊ တစ်စုမှ တစ်ဖွဲ့၊ တစ်ဖွဲ့မှ တစ်နိုင်ငံ၊ မိုးရေတစ်စက်မှ မိုးရေကန်ကြီး၊ ဆည်မြောင်းချောင်းကန် စသည်စသည် ကြီးထွားလာရကြောင်း၊ များပြားလာရကြောင်း အသေးအဖွဲ့တန်ဖိုးကို ညွှန်းဆိုလိုသောသဘောရှိသည်၊ ထို့အပြင် **"စုပေါင်းညီညာ အောင်ကြောင်းဖြာ"** ဟူသော အဓိပ္ပာယ်ကိုလည်း အဓိကဖော်ညွှန်းနေသည်။

သဲတစ်ပွင့်နှင့် အုတ်တစ်ချပ်မဖြစ်နိုင်၊ သို့သော် သဲပွင့်လေးတွေ၊ သဲပွင့်လေးတွေ စုမိပေါင်းမိတော့ အုတ်တစ်ချပ် ဖြစ်၍လာသည်၊ အုတ်တစ်ချပ်နှင့် ဘုရားစေတီမဖြစ်နိုင်၊ သို့သော် အုတ်ချပ်လေးတွေ၊ အုတ်ချပ်လေးတွေ စုပေါင်းလိုက်တော့ ဘုရားစေတီဖြစ်၍လာသည်၊ တိုက်တာကြီးတွေ ဖြစ်၍လာသည်၊ စုစည်းနိုင်မှု၏အကျိုးရလဒ်၊ စုပေါင်းမှု၏တန်ဖိုးဖြစ်သည်။

ဘုရားစေတီတစ်ဆူဖြစ်ဖို့၊ တိုက်ကြီးတစ်လုံးဖြစ်ဖို့ အုတ်ချပ်ကလေးများ၏စုပေါင်းအား လိုအပ်ပါသည်၊ သဲပွင့်လေးတို့၏စုပေါင်းအား လိုအပ်ပါသည်၊ သဲတစ်ပွင့်၌လည်း သဲတစ်ပွင့်၏အင်အား၊ သဲတစ်ပွင့်၏တန်ဖိုးရှိပါသည်၊ အုတ်တစ်ချပ်၌လည်း အုတ်တစ်ချပ်၏အင်အား၊ အုတ်တစ်ချပ်၏တန်ဖိုးရှိပါသည်၊ သဲပွင့်ကလေးတွေ မလေလွင့်စေချင်ပါ၊ အုတ်ချပ်ကလေးတွေ မကြေကွဲစေချင်ပါ၊ သဲတစ်ပွင့်၏

တန်ဖိုး၊ အုတ်တစ်ချပ်၏တန်ဖိုးကို အသိအမှတ်ပြု၍ တန်ဖိုးထားစေချင်ပါသည်၊ သဲတစ်ပွင့်၏အား၊ အုတ်တစ်ချပ်၏အားကို ရယူစေချင်ပါသည်၊ ယခုခေတ်၌အသုံးတွင်နေသော "အရင်းအမြစ်" ဟူသောဝေါဟာရအရ သဲတစ်ပွင့်၏အရင်းအမြစ်၊ အုတ်တစ်ချပ်၏ အရင်းအမြစ်ကို ပစ္စည်းမှန်နေရာမှန်(လူမှန်နေရာမှန်) နေရာချထား အသုံးပြုစေချင်ပါသည်။

တစ်ခုရှိတာက သဲတစ်ပွင့်က ငါတကောကောနေလျှင် အုတ်တစ်ချပ်ဖြစ်လာဖို့ လမ်းမရှိ၊ အုတ်ချပ်ကလေးကလည်း ငါတကောကောကာ ထင်ရာစိုင်းမည်ဆိုလျှင် ဘုရားပုထိုးစေတီတစ်ဆူ၊ တိုက်ကြီးတစ်လုံး ဖြစ်၍မလာနိုင်၊ သဲပွင့်လေးကလည်း အခြားသဲပွင့်လေးများနှင့် သဟဇာတပစ္စည်းတပ်၍ မဟာမိတ်ပြုနိုင်မှ အုတ်တစ်ချပ်ဖြစ်၍လာမည်၊ အုတ်ချပ်ကလေးကလည်း အခြားအုတ်ချပ်များနှင့် အညီမညပစ္စည်းတပ်၍ လက်တွဲပေါင်းစည်းနိုင်မှ ဘုရားတစ်ဆူတိုက်တစ်လုံးဖြစ်၍လာပေမည်၊ ထို့ကြောင့် လူမှုအဝန်းအဝိုင်း အဖွဲ့အစည်းတစ်ခုခုကို ထုနှင့်ထည်နှင့် ခိုင်ခိုင်မာမာတည်ဆောက်ကြရာ၌ သဲတစ်ပွင့်ကိုအလေးထားရမည်ဖြစ်သကဲ့သို့ အုတ်တစ်ချပ်ကိုလည်း အလေးထားရပေမည်၊ ဘုရားက အလေးထားဖို့ ဂါရဝတရားဆယ်ပါး ဟောကြားရာတွင် အညမညဂါရဝ-အချင်းချင်းတွေ အပြန်အလှန် အလေးထားဖို့လိုကြောင်း ထည့်သွင်းမိန့်တော်မူခဲ့သည်။

မင်းမပါ ဘယ်ဟာမပြီး။
မင်းချည်းတော့လည်း
ဘယ်ဟာမပြီး။
သူမပါ ဘယ်ဟာမပြီး။

သူ့ချည်းတော့လည်း
ဘယ်ဟာမပြီး။
ငါမပါ ဘယ်ဟာမပြီး။
ငါ့ချည်းတော့လည်း
ဘယ်ဟာမပြီး။
မင်းသူငါ ညီညာစုံမှ
အလုံးစုံအကုန်ပြီး
ပြုကြစုစည်း။
(ထီးဆောင်းဆရာတော်၊ မြင်းမူ)

ပုထုဇဉ်၏ဗီဇက အတ္တ၊ အတ္တဆိုတာက ငါ၊ ငါကိုအသက်သွင်းထားတာက ဒိဋ္ဌိ မာန တဏှာ၊ ဒိဋ္ဌိကြောင့်လည်း ငါ၊ မာနကြောင့်လည်း ငါ၊ တဏှာကြောင့်လည်း ငါ၊ နေရာတိုင်း၌ တစ်ငါငါ၊ ဟိုနေရာ၌လည်း ငါ၊ သည်နေရာ၌လည်း ငါ၊ ဘာပဲလုပ်လုပ် ငါစွဲက မပြုတ်သေးတော့ လုပ်သမျှ ငါ၊ ဟုတ်လိုက်သည့် ငါ၊ ငါမှ ငါ၊ ငါလုပ်တာ အမှန်၊ ငါပြောတာ အဟုတ်၊ ငါကြံတာ သစ္စာတရား။

ဒိဋ္ဌိငါအားကြီးတော့ ယုံကြည်မှုလွန်ကဲသည်၊ တစ်ယူသန်သည်၊ ခေါင်းမာသည်၊ နေရာတကာ ငါပါရမှ၊ နေရာတကာ ငါလုပ်ရမှ၊ စွမ်းနိုင်သူသည် ငါ၊ လုပ်နိုင်သူသည် ငါ၊ အသက်ကြီးသော်လည်း မပျက်စီးသေးတာ ငါ၊ ငါနှင့်အယူမတူ ငါ့ရန်သူ၊ ငါ့စကားနားထောင်သူ ငါ့လူ၊ ငါပြောသမျှ အမှန်၊ ငါလုပ်သမျှ အမှန်။

တဏှာငါအားကြီးတော့ ကိုယ်ကျိုးပဓာနဝါဒ လက်ကိုင်ပြု၊ ရေကိုသာ လိုချင်၊ ရေဘူးပေါက်တာမလိုချင်၊ ကြောင်ဖြူ ကြောင်မည်း အရေးမကြီး၊ ကြွက်ခုတ်တတ်လျှင်ပြီးရော၊ ဘနဖူးသော်လည်း သိုက်

တူးသင့်က တူးရမည်၊ တစ်ကိုယ်ကောင်းဆန်သည်၊ ငတေဝါဒ လက်ကိုင်ထားသည်၊ မာနငါအားကြီးတော့ မောက်မာကြမ်းတမ်း၊ ခက်ထန်၊ ရိုင်းစိုင်းသည်။

အတ္တက အားကြီးတော့ ပရအရေး သူမတွေး၊ ပရအကျိုး သူမကြည့်၊ ပရနှင့် ပေါင်းစည်းညွတ်မှု အလေးမပြု၊ အရာရာ ခွဲခြမ်း၊ ခွဲခြမ်း၊ အတ္တက အားကောင်းနေတော့ ပရနှင့် ပေါင်းစည်းမှု၊ ညီညွတ်မှု၊ မျှတမှု၊ စည်းလုံးမှု၊ မိတ်ဖက်ပြုမှု၊ လက်တွဲမှုကို မလိုလား၊ စည်းလုံးမှသာ အင်အားဖြစ်၏၊ အတ္တက ပရနှင့် မစည်းလုံးနိုင်တော့ အင်အားကမဖြစ်၊ အင်မရှိ၊ အားမရှိ၊ ဦးနှောက်က အာဟာရချို့တဲ့၊ စဉ်းစားဉာဏ် ဆင်ခြင်ဉာဏ်ကလည်း ချိနဲ့နဲ့။

လူအများစုသည် ကိုယ့်ကိုယ်ကိုယ်တော့ ဟုတ်လှပြီဟု ထင်ကြသူကသာများသည်၊ ကိုယ့်ကိုယ်ကိုယ် လိမ္မာပြီဟု ထင်ကြသူကသာများသည်၊ ကိုယ့်ကိုယ်ကိုယ် ယဉ်ကျေးသူဟု ထင်ကြသူကသာများသည်၊ တကယ်တော့ အများစုက ဘာမျှမဟုတ်သေး၊ အများစုက မလိမ္မာကြသေး၊ အများစုက မယဉ်ကျေးကြသေး၊ ဘုရားတရားတော်နှင့်ကြည့်က လိမ္မာသူက အတော်နည်းပါသေးသည်၊ မိုက်စပျိုးလို့ မိုက်မိုးစွေရွာ၊ ယခုလည်း မိုက်ဆဲမှန်စွာ၊ ရှေ့ကိုတိုးလို့ ဆပိုးမိုက်ဦးမှာဟူသော လူမျိုးကသာ အများစုဆိုမှ အများစုဖြစ်သည်။

အိန္ဒိယဝန်ကြီးချုပ်ပဏ္ဍစ်နေရူးက ၁၃ နှစ်သမီး အင်ဒီရာဂန္ဒီကို ပေးသောစာများသည် နောင်တစ်ချိန်၌ စာအုပ်စာပေအဖြစ် ထွက်ရှိခဲ့သည်၊ ကမ္ဘာကျော်ပေးစာများဟု ထင်ရှားသည်၊ ထိုအထဲတွင် နေရူးက ဤသို့ မှာခဲ့သည် -

"သမီး. . . ကိုယ်ကျိုးမငဲ့ဘဲ အများကောင်းကျိုးအတွက်

အခြားပုဂ္ဂိုလ်များနှင့် ပူးပေါင်းလက်တွဲပြီး အလုပ်လုပ်သူ လူတော်လူဖြောင့်တစ်ဦးသည် အခြားယဉ်ကျေးမှုအမှတ်အသားများထက် ပိုမိုကြီးကျယ်သည့် ယဉ်ကျေးမှုအမှတ်အသားဖြစ်ပေသည်၊ ပူးပေါင်း၍ အလုပ်လုပ်ခြင်းသည် တစ်ဦးတည်းအလုပ်လုပ်ခြင်းထက် ကောင်းမွန်လေ၏၊ အားလုံး၏ ကောင်းကျိုးချမ်းသာအတွက် တညီတညွတ်တည်း ပူးပေါင်းပြီးအလုပ်လုပ်ခြင်းသည် အကောင်းဆုံးဖြစ်လေ၏”

လွန်ခဲ့သော နှစ်ပေါင်းတစ်ရာနီးပါးက အိန္ဒိယဝန်ကြီးချုပ်နေရူး၏ရှုမြင်သုံးသပ်ချက်ဖြစ်ပါသည်၊ နေရူး၏အမြင်သည် နှစ်ပေါင်းတစ်ရာနီးပါးမျှ ကြာမြင့်ခဲ့သော်လည်း ကမ္ဘာတည်သရွေ့ ခေတ်မီနေမည်မှာ အမှန်ပင်ဖြစ်သည်။

“ဘောလုံးလေးတစ်လုံးကို လူနှစ်ဆယ်ဝိုင်းလုကန်နေတာကို အဟုတ်လုပ်ပြီးကြည့်နေကြတာ ရူးတာပဲ” ဟု ဘောလုံးပွဲမကြိုက်သူက ဆိုသည်၊ အဘယ်သို့ဆိုစေ ကမ္ဘာမှာ ဘောလုံးအားကစားကတော့ လူကြိုက်အများဆုံးအားကစားတစ်ခုဖြစ်နေသည်က အမှန်ပင်၊ အဘယ့်ကြောင့် ဘောလုံးအားကစားကိုမှ လူကြိုက်များရသနည်းဟု ဆန်းစစ်ကြည့်သော် စုစုစည်းစည်း ညီညီညွတ်ညွတ်နှင့် စုပေါင်းလုပ်အား၊ စုပေါင်းဆောင်ရွက်မှုအားကို ဘောလုံးအားကစား၌ တွေ့မြင်ရသောကြောင့်ဖြစ်သည်။

ဇွန်ပန်းရုံအနီး
နွံထဲ၌
လှည်းဘီးကျွံနေသည်။
လေးလွန်း၍
မတွန်းနိုင်ဘူးလား၊

ပြိုင်တူတွန်းလျှင်
ရွှေ့နိုင်ပါသည်။
(မြန်မာစာဖတ်စာ)

ရဟန်းရှင်လူ လူတိုင်းလူတိုင်းဟာဖြင့် ဆိုင်ရာဆိုင်ရာဝန်ကို ထမ်းရွက်နေကြရသော ဝန်ထမ်းများသာဖြစ်ကြသည်၊ ရှင်ရဟန်းတို့က သာသနာ့ဝန်ထမ်း၊ နိုင်ငံသားတိုင်းက နိုင်ငံ့ဝန်ထမ်း၊ အားလုံးက ဆိုင်ရာဝန်ကို ထမ်းပိုးထားပြီး ဆောင်နေ၊ ဆောင်ရွက်နေကြရသည်၊ ဝန်ဆိုကတည်းက ပေါ့တာက ရှားရှား၊ လေးတာက များပါသည်၊ ဝန်လေးဆိုသလို ဝန်တိုင်းကတော့ လေးလံကြသည်ပင်။

လွန်ခဲ့သောနှစ်ပေါင်း ငါးဆယ်၊ ခြောက်ဆယ်၊ ရှေးတုန်းကတော့ အိမ်တစ်အိမ်၊ မိသားစုတစ်စု၏ဝန်ကို ဖခင်လုပ်သူ အိမ်ထောင်ဦးစီးတစ်ယောက်တည်းနှင့် ထမ်း၍ရသတဲ့၊ ဆိုလိုတာက တစ်ယောက်လုပ်စာကို တစ်အိမ်လုံးဝိုင်းထိုင်စား၍ ရသတဲ့၊ ယခုထိုသို့မဟုတ်တော့ပြီ၊ အိမ်တစ်အိမ်၏တာဝန်ကို အိမ်ရှိလူကုန်ဝိုင်း၍ ထမ်းနိုင်ပါမှ တော်ကာကျတော့သည်။

အိမ်တစ်အိမ်၏ဝန်ကို အိမ်ရှိလူကုန်ထမ်းနိုင်မှ ထိုအိမ်၏ စားဝတ်နေရေးစီးပွားရေးက ပုံမှန်လည်ပတ်နိုင်ပေမည်၊ အိမ်တစ်အိမ်၌ ဝန်ထမ်းက နည်းနည်းပါးပါး၊ ဝန်စီးကများများဆိုရင်တော့ ထိုအိမ် စားဝတ်နေရေး ကျပ်တည်းတော့မှာ သေချာသည်၊ အိမ်တစ်အိမ်၌ ဝန်စီး သို့မဟုတ် ဝန်ထုပ်ဝန်ပိုးထက် ဝန်ထမ်းကများဖို့လိုပေမည်။

ထိုမှအဆင့်ဆင့်ပွား၍ တွေးလျှင် ရွာတစ်ရွာ၊ မြို့တစ်မြို့၊ နိုင်ငံတစ်နိုင်ငံ စားဝတ်နေရေး ပြေလည်ဖို့၊ စီးပွားရေး ဖွံ့ဖြိုးဖို့ဆိုရာ၌

ဆိုင်ရာတာဝန်ကို တိုက်ရိုက်ပါဝင်ပတ်သက် ထမ်းရွက်သူတို့အနေဖြင့် ဆိုင်ရာတာဝန်ကို တကယ်ထိထိရောက်ရောက် ထမ်းမထမ်း၊ ဝန်ထမ်းနှင့်ဝန်စီး၊ ဝန်ထမ်းနှင့်ဝန်ထုပ်ဝန်ပိုး၊ ဘယ်သင်းကများ၊ အလုပ်နှင့်အစား ဘယ်သင်းကများ၊ အခွင့်နှင့်အရေး ဘယ်သင်းကို အလေးပေးဟူသောအပေါ်၌ အများကြီးမှီတည်လျက်ရှိသည်။

ဝန်စီးထက် ဝန်ထမ်းကများပါမှ၊ ဝန်ထုပ်ဝန်ပိုးထက် ဝန်ထမ်းကများပါမှ၊ စားသူထက် လုပ်သူကပိုပါမှ၊ အခွင့်ထက် အရေးကို အလေးပေးသူကများပါမှ ထိုရွာ၊ ထိုမြို့၊ ထိုနိုင်ငံ စားဝတ်နေရေး ပြေလည်လိမ့်မည်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လိမ့်မည်၊ မနိုင်ဝန် မထမ်းရဆိုသည့်အတိုင်း အရေးထက် အခွင့်ဘက်သာ၍လည်း မနိုင်ဝန်ကို မထမ်းရွက်ရာ၊ တစ်ယောက်အားနှင့်မရ၊ အများအားနှင့်မှ ရမည့် (ရွှေ့မည့်)ဝန်မျိုးကိုလည်း အများစုပေါင်း၍ ဆောင်ရွက်ရာ၏၊ ထမ်းရွက်ရာ၏။

အများ၏ဆန္ဒ၊ အများ၏သဘော၊ အများစိတ်တူ၊ သဘောတူ ကြည်ကြည်ဖြူဖြူနှင့် အများ၏ဆန္ဒအတိုင်း၊ အများ၏သဘောအတိုင်း၊ အများ၏ဆုံးဖြတ်ချက်အတိုင်း တိုင်တိုင်ပင်ပင် စုစုစည်းစည်း ညီညီညွတ်ညွတ် စုပေါင်းဖွဲ့စည်း၍ ဝိုင်းဝန်းတွန်းပါမှ ရွှေ့နိုင်သောအရာမျိုးကို အများနှင့်ဝိုင်းတွန်း၍ "မင်းသူငါ ညီညာစုံမှ အလုံးစုံအကုန်ပြီး ပြုကြစုစည်း၊ စုပေါင်းညီညာ အောင်ကြောင်းဖြာ" ဟူသော ပညာရှိများဆိုစကားကို ပြယုဂ်သာဓကတစ်ခု အနေနှင့် သမိုင်းရေးထိုးနိုင်ပါလျှင်ဖြင့် . . ။ ။

## ပေါ့ဆမီး

သူသူငါငါ ဖြစ်လေရာဝယ်
ဦးစွာကြိုဆီး ဇာတိမီးက
အပြီးပုံသေ လောင်မြိုက်လေ၏။
မသွေတသီး ဇရာမီးလည်း
အပြီးနောက်မှာ ကပ်လျက်ပါ၏။
မကွာစေရ မရဏာဟု
တစ်ဘဝဖျက်ဆီး
လောင်သည့်မီးလည်း
ညီးညီးပြောင်ပြောင်
အမြဲလောင်၏။
လောင်ပုံလောင်အား
မထင်ရှားလည်း
နုထွားပျိုမြစ် အရွယ်ဖြစ်သော်
အချစ်ရာဂ မီးတွေထ၍

ဒေါသထန်ပြင်း မောဟညှဉ်း၏။
မကင်းနိုင်အောင်
ထို့နောက်နောင်လည်း
တောက်လောင်ဖိစီး
သောကမီးကြောင့်
ဝမ်းနည်းဖွယ်တွေ
အထွေထွေနှင့်
ပရိဒေဝ ငိုကြွေးကြ၍
ဒုက္ခလည်းထပ် ဒေါမနဿနှင့်
ဆက်စပ်မကွာ ဥပါယာသ
လွန်ပြင်းပြ၍ သက်မျှမရှူ
တက်အောင်ပူသည်
ဆူဆူဆယ့်တစ်မီးတောက်တည်း။
(အမရပူရ၊ မဟာဂန္ဓာရုံဆရာတော်)

ပွင့်လင်းရာသီရောက်၍လာပြီ၊ လူတိုင်းရင်မှာ မီးအတွက် စိုးရိမ်ကြရသည်၊ ပွင့်လင်းရာသီရောက်လျှင် မီးလည်း လောင်တတ်သည်၊ (ချွင်းချက်-မိုးတွင်းမှာလည်း လောင်နေသည်)၊ မီးလည်းပျက်တတ်သည်၊ ထို့ကြောင့် မီးလောင်မှာလည်း စိုးရိမ်ရသည်၊ မီးပျက်မှာလည်း စိုးရိမ်ရသည်၊ ထိုမီးနှစ်မျိုးအတွက် ကြိုကြိုတင်တင်ပြင်ပြင်ဆင်ဆင်နှင့် သတိထားကြရသည်။

မီးက တို့မီး၊ ရှို့မီး၊ ပေါ့ဆမီးဟူ၍ မီးအမျိုးမျိုးရှိလေသည်၊ တချို့က တို့မီးတဲ့၊ တချို့က ရှို့မီးတဲ့၊ တချို့က ပေါ့ဆမီးတဲ့၊ ရပ်ထဲရွာထဲ၌ နှစ်ဦးနှစ်ဘက်ကြား စကားအမျိုးမျိုးပြော သွေးခွဲသပ်လျှိုသူကို

တို့မီးရှို့မီးလုပ်သူဟု ခေါ်ကြသည်၊ မီးသဘာဝမှာတော့ ဆေးလိပ်မီးဆိုတာက တို့မီး၊ အမှိုက်ပုံတွေ မီးရှို့တာက ရှို့မီး၊ တချို့တောင်ယာလုပ်သူတွေ တောရှင်းမီးရှို့တာလည်း ရှို့မီး၊ ရပ်ကွက်ထဲက အိမ်တွေလောင်တဲ့မီးအများစုကတော့ ပေါ့ဆမီးက ရာခိုင်နှုန်းအများဆုံးဖြစ်သည်ဟု သိရသည်။

"ရန်သူငါးပါးထဲမှာ . . . အင်မတန်ဆိုးရွားလှတာ . . . မညှာမတာ ဘယ်သူ့မှမထောက်စာ . . . သူခိုးဓားပြထက်ဆိုးတဲ့ရန်သူပါ . . . ဤဇမ္ဗူတစ်ခွင်မှာ . . . ရန်သူမီးကို . . . မပြတ်တမ်းဂရုပြုပါ . . . "ဟူသော ဦးထွန်းရွှေသီဆိုသော မီးသတိပေးသီချင်းကအမှန်ပါပင်၊ ရန်သူမျိုးငါးပါးတွင် အဆိုးဆုံးရန်သူကား . . ၊ ကြောက်ဖို့အကောင်းဆုံးရန်သူကား . . . ၊ သူခိုးထက်ပို၍ ကြောက်ဖို့ကောင်းသတဲ့၊ ဓားပြထက်ပို၍ ကြောက်ဖို့ကောင်းသတဲ့ . . . ၊ ဩော် . . . ။

ယခုနှစ်ပိုင်းများအတွင်း မှတ်တမ်းများအရ [အိမ်တွေ၊ ရပ်ကွက်တွေ လောင်တာကိုတော့ မှတ်တမ်းမပြုမိ၊ ] ဈေးကြီးတွေ လောင်သည့်မီးကို သက်ဆိုင်ရာကထုတ်ပြန်ရာ၌ (၂၅. ၂. ၂၀၀၈)တွင် မန္တလေး၊ ရတနာပုံဈေးကြီး မီးလောင်သည်၊ ဆုံးရှုံးမှုပမာဏ ကျပ်သန်း(၂၆၀၀) ခန့်ရှိသည်၊ (၁. ၁၂. ၂၀၀၈)တွင် မော်လမြိုင်ဈေးကြီးမီးလောင်သည်၊ ဆုံးရှုံးမှုပမာဏ ကျပ်သန်း(၃၀၀)ခန့်ရှိသည်၊ (၁၂. ၂. ၂၀၁၀) တွင် သဃ်န်းကျွန်းဈေးကြီး မီးလောင်သည်၊ ဆုံးရှုံးမှုပမာဏ ကျပ်သန်း(၅၀၀)ခန့်ဆုံးရှုံးသည်၊ (၂၄. ၅. ၂၀၁၀)တွင် ရန်ကုန်၊ မင်္ဂလာဈေးကြီးမီးလောင်သည်၊ ဆုံးရှုံးမှုပမာဏ ကျပ်သန်း(၂၃၀၀၀)ကျော် ဆုံးရှုံးသည်၊ (၃. ၆. ၂၀၁၀)တွင် မုံရွာမြို့၊ ချင်းတွင်းရတနာဈေးကြီး မီးလောင်သည်၊ ဆုံးရှုံးမှုပမာဏ ကျပ်သန်း(၂၆၀)

ကျော်ဆုံးရှုံးသည်။

အထက်ဖော်ပြပါမီးတို့ကား ဆုံးရှုံးမှုပမာဏ တွက်ချက်၍ ရသော ဗဟိဒ္ဓမီးဖြစ်သည်၊ ဆုံးရှုံးမှုပမာဏ တွက်ချက်မရသော အဇ္ဈတ္တမီးဆယ့်တစ်ပါးကို ဘုရားရှင်ကိုယ်တော်မြတ် အာဒိတ္တသုတ္တန်၌ ဟောကြားတော်မူခဲ့၏၊ "ရဟန်းတို့ . . . အရာခပ်သိမ်းသည် လောင်ကျွမ်းလျက်ရှိလေ၏၊ အဘယ်အရာခပ်သိမ်းသည် လောင်ကျွမ်းလျက်ရှိလေသနည်းဟူမူကား . . . မျက်စိ၊ အဆင်း၊ မြင်သိစိတ်၊ ယင်းသုံးမျိုးတို့ပေါင်းဆုံမှု ဖဿ၊ ယင်းဖဿကြောင့်ဖြစ်ပေါ်သော သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ၊ ယင်းအားလုံးသည် လောင်ကျွမ်းလျက်ရှိလေ၏"။

"အဘယ်အရာက လောင်ကျွမ်းနေသနည်း၊ ရာဂမီး၊ ဒေါသမီး၊ မောဟမီး၊ ဇာတိမီး၊ ဇရာမီး၊ မရဏမီး၊ သောကမီး၊ ပရိဒေဝမီး၊ ဒုက္ခမီး၊ ဒေါမနဿမီး၊ ဥပါယာသမီးဟူသော ဤမီးဆယ့်တစ်ပါးတို့က လောင်ကျွမ်းနေ၏၊ ထို့အတူပင် နား၊ အသံ၊ ကြားသိစိတ်တစ်စုံ၊ နှာခေါင်း၊ ရနံ့၊ ရနံ့သိစိတ်တစ်စုံ၊ လျှာ၊ အရသာ၊ အရသာသိစိတ်တစ်စုံ၊ ကိုယ်၊ အထိအတွေ့၊ ထိသိစိတ်တစ်စုံ၊ စိတ်၊ ဓမ္မာရုံ၊ ကြံသိစိတ်တစ်စုံ၊ ဤသို့ ဒွါရခြောက်ပါး၊ တံခါးခြောက်ပေါက်၊ အာရုံခြောက်ပါး၊ အသိစိတ်ခြောက်ပါး၊ သုံးမျိုးသုံးပါးတို့ပေါင်းဆုံမှု၊ ထိုသို့ပေါင်းဆုံမှုကြောင့်ဖြစ်ပေါ်သော သုခ ဒုက္ခ ဥပေက္ခာဟူသော ခံစားမှုဝေဒနာမျိုးစုံ၊ ထိုထိုရုပ်နာမ်အားလုံးတို့သည် ရာဂဒေါသစသော မီးဆယ့်တစ်ပါးတို့ တဟုန်းဟုန်းတောက်လောင်လျက်ရှိလေ၏"။

ဘဝဟူသည် ပီဘိ မီးဟုန်းဟုန်းတောက်လောင်လျက်ရှိသော မီးလောင်ကွင်းကြီးသာဖြစ်ချေ၏၊ လောင်ကျွမ်းလျက်ရှိသော တောမီး

ကြီးတစ်ခုကဲ့သို့သာ မြင်ယောင်ကြည့်နိုင်၏၊ အမြင်အာရုံနှင့်စပ်၍လည်း မီးဟုန်းဟုန်းစွဲလောင်နေ၏၊ အကြားအာရုံနှင့်စပ်၍လည်း မီးဟုန်းဟုန်းစွဲလောင်နေ၏၊ အနံ့အာရုံနှင့်စပ်၍လည်း မီးဟုန်းဟုန်းစွဲလောင်နေ၏၊ အစားအသောက်ရသာရုံနှင့်စပ်၍လည်း မီးဟုန်းဟုန်းစွဲလောင်နေ၏၊ အထိအတွေ့ဖောဋ္ဌဗ္ဗာရုံနှင့်စပ်၍လည်း မီးဟုန်းဟုန်းစွဲလောင်နေ၏၊ စိတ်ကူးကြံစည်မှုဓမ္မာရုံနှင့်စပ်၍လည်း မီးဟုန်းဟုန်းစွဲလောင်နေ၏။

ဟိုဟာလိုချင်၊ သည်ဟာလိုချင်၊ ဟိုဟာတပ်မက်၊ သည်ဟာစွဲမက်၊ မစွန့်နိုင်၊ မလွှတ်နိုင်ဟူသောရာဂမီးက အမြဲတောက်လောင်လျက်ရှိ၏၊ ဟိုဟာမကျေနပ်၊ သည်ဟာမကျေနပ်ဟူသော ဒေါသမီးက အမြဲတောက်လောင်လျက်ရှိ၏၊ မေ့လျော့ပေါ်ဆ၊ ဘုရားမေ့၊ တရားမေ့ ဟူသော မောဟမီးက အမြဲတောက်လောင်လျက်ရှိ၏၊ ပဋိသန္ဓေဇာတိမီးက ပဋိသန္ဓေနေခဲ့ရစဉ်က လောင်ခဲ့ပြီ၊ ရုပ်သစ်နာမ်သစ်ဖြစ်ခြင်း ဇာတိမီးကတော့ အမြဲတောက်လောင်လျက်ရှိ၏၊ ဇရာမီးကလည်း ဖွဲမီးကဲ့သို့ တငွေ့ငွေ့နှင့် လောင်ကျွမ်းလျက်ရှိသည်၊ ဗျာဓိမီးကလည်း ငယ်ရွယ်စဉ်မှာ သိပ်မသိသာသေး၊ အသက်လေးဆယ်လောက်က စပြီး ဟိုနားကနာ၊ သည်နားကနာ၊ အင်ဂျင်ကျနေသောကားပမာ မကြာမကြာဖောက်တော့သည်၊ ရုပ်တွေ နာမ်တွေ လက်ဖျစ်တစ်ချက်တီးအခိုက်အတန့်အတွင်းမှာ ကုဋေနှင့်ချီ၍ဖြစ်ပျက်နေကြသည်၊ ဖြစ်ကဇာတိမီး၊ ပျက်က မရဏမီး၊ နောက်ဆုံး စုတိပျက်ကြွေသေလွန်သောအခါ မရဏမီး၊ စားဝတ်နေရေး၊ အနာဂတ်အရေးမျိုးစုံနှင့်စပ်၍ အမြဲတစေ စိုးရိမ်နေရ၊ ပူပန်နေရ၊ မျက်ရေပေါက်ကြီးငယ်ကျရ၊ ကိုယ်ဆင်းရဲရ၊ စိတ်ဆင်းရဲရ၊ စိတ်ထဲ၌ပြင်းစွာပူလောင်ရဆိုသည့် သောက

ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသမီး၊ ဤမီးဆယ့်တစ်ပါးသည် တစ်မီးမဟုတ်တစ်မီး လောင်ကျွမ်းလျက်ရှိချေ၏၊ ပီတိ ဘဝခန္ဓာသည် မီးငြိမ်းသောအချိန်ဟူ၍ လုံးဝမရှိပါချေ၊ ထို့ကြောင့် လူဟူသည် အပူကောင်ဖြစ်သည်၊ ကိုယ့်အပူနှင့်ကိုယ်တော့ ပူနေကြသူချည်းသာဖြစ်သည်ဟု ပြောကြသည်။

ဘုရားရှင်က "အပ္ပမာဒေန သမ္ပာဒေထ" ဟု အမြဲမိန့်၏၊ နောက်ဆုံးမှာတမ်းစကား ပစ္ဆိမဗုဒ္ဓဝစနအဖြစ်လည်း "အပ္ပမာဒေန သမ္ပာဒေထ" ဟူ၍သာ မိန့်ခဲ့၏၊ အပ္ပမာဒ၏ဆန့်ကျင်ဘက်က ပမာဒ၊ ပမာဒက မောဟ၊ အပ္ပမာဒက သတိ၊ သတ္တဝါတို့သည် မောဟအားကြီးကြ၏၊ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနေကြသည်ကသာများ၏၊ ဘုရားတရားသတိရချိန်နှင့် ဘုရားတရားကိုမေ့နေချိန်၊ ဘယ်အချိန်ကပို၍များမည်နည်း၊ ပြောစရာမလိုလောက်အောင်ပင် ထင်ရှားလွန်းပါသည်။

သတ္တဝါတွေက မေ့လွန်းလို့ မမေ့ဘို့ ဘုရားမှာနေသည်၊ သတ္တဝါတွေက လျော့တိလျော့ရဲနေလွန်းလို့ လျော့တိလျော့ရဲ မနေဘို့ တင်းတင်းရင်းရင်းနေဖို့ ဘုရားမှာနေသည်၊ သတ္တဝါတွေကပေါ့ပေါ့ဆဆနေလွန်းလို့ မပေါ့မဆနေဘို့၊ သွားသတိ၊ လာသတိ၊ စားသတိ၊ နေသတိ၊ ထိုင်သတိ၊ အရာရာသတိနှင့်နေဖို့၊ ဘဝကို ပေါ့ပေါ့လေးမတွေးဘဲ အလေးအနက်တွေးဖို့၊ ဘဝမှာ ပေါ့ပေါ့လေးမနေဘဲ လေးလေးနက်နက်နေဖို့ ဘုရားမှာနေသည်၊ လေးဆယ့်ငါးနှစ်တိုင် တတွတ်တွတ်သတိပေးသည်၊ နောက်ဆုံးအနေနှင့်လည်း သတိကိုသာ ပေးသွားတော်မူသည်။

အကုသိုလ်စိတ်ဆယ့်နှစ်ပါးအရင်းခံသည် မောဟဖြစ်သည်၊

လောဘဖြစ်လျှင်လည်း မောဟကိုအခြေခံသည်၊ ဒေါသဖြစ်လျှင်လည်း မောဟကို အခြေခံသည်၊ အကုသိုလ်ဖြစ်တိုင်း မောဟက အခြေခံသည်၊ ထို့အတူ မီးဆယ့်တစ်ပါးတွင်လည်း မောဟမီးကအခြေခံဖြစ်သည်၊ လူ့လောကအိမ်တွေ၊ ရပ်ကွက်တွေ၊ ဈေးတွေလောင်သောမီးသည် "ပေါ့ဆမီး" က ရာခိုင်နှုန်း အများဆုံးဟုဆိုသည်၊ ထို့ကြောင့် ပေါ့ဆမီးကများသည်၊ မိမိတို့ခန္ဓာအိမ် မီးဆယ့်တစ်ပါး တောက်လောင်ရခြင်းသည်လည်း ပေါ့ဆမီးက အခြေခံသည်၊ မေ့မေ့လျော့လျော့ပေါ့ပေါ့ဆဆနေကြခြင်းကြောင့် ခန္ဓာအိမ်ကြီး မီးလောင်ခံနေရသည်။

လောကမီးလောင်လျှင် ပထမ မီးငြိမ်းရမည်၊ ဒုတိယ ကိုယ်ပိုင်ပစ္စည်းရသမျှ ဆွဲထုတ်ရမည်၊ မိမိတို့ခန္ဓာအိမ်ကြီး မီးဟုန်းဟုန်းစွဲလောင်နေသည်၊ ပထမ သီလနှင့် ငြိမ်းရမည်၊ သမထနှင့် ငြိမ်းရမည်၊ ဝိပဿနာနှင့်ငြိမ်းရမည်၊ ဒုတိယ ဒါနဥစ္စာ ကိုယ်ပိုင်အထုပ်ကို ရသမျှဆွဲထုတ်ရမည်၊ မမေ့မလျော့မပေါ့မဆ သတိတရားလက်ကိုင်ထား၍ "ပေါ့ဆမီး" ကိုငြိမ်းဖို့ကတော့ အဓိကကျသည်၊ ပေါ့ဆမီးကိုငြိမ်းနိုင်လျှင် ကျန်မီးအားလုံးငြိမ်းပါလိမ့်မည်။ ။

## မနာလိုကင်း၊ ဝန်တိုရှင်း

ကာမဘုံသား နတ်လူများတို့ . .
ကောင်းစားပြည့်ဝ ဘေးရန်ပ၍
အေးမြချမ်းသာ နေလိုပါလည်း
ဣဿာမစ္ဆေ သူရှုပ်ပွေ၍
ထင်ခြေမကျ ဆင်းရဲရ၏။
(မဟာစည်ဆရာတော်)

ကိုယ့်ထက်သာမနာလိုဟူသော မြန်မာစကားရှိသည်၊ မနာလိုဟူသည် မကြားလိုခြင်းဖြစ်သည်၊ မကြားလိုခြင်း၏ အဓိပ္ပာယ်တွင် မမြင်လိုခြင်းလည်းပါသည်၊ မိမိထက်တစ်ခုခုသာတာ၊ သို့မဟုတ် အစစအရာရာသာတာကို မျက်စိဖြင့်လည်း မမြင်လို၊ နားဖြင့်လည်း မကြားလို၊ မနာလိုဟူသောအဓိပ္ပာယ်တို့ကို သိမ်းကျုံး၍ “မနာလို” ခြင်းဟုခေါ်သည်၊ အရကောက်တော့ ဣဿာဖြစ်သည်၊ ယင်းဣဿာနောက်ဆက်၍ဖြစ်တတ်သည်ကား မစ္ဆရိယဖြစ်သည်၊ ဣဿာနှင့် မစ္ဆရိယကား တွဲလျက်အတူတူဖြစ်လေ့မရှိ၊ သို့သော် တစ်ခုဖြစ်လျှင် တစ်ခုဖြစ်တတ်သောသဘောတော့ရှိသည်။

မနာလိုဝန်တိုဟု တွဲ၍ဆိုကြ၏၊ မနာလိုမှုက ဣဿာဖြစ်၏၊ ဝန်တိုမှုက မစ္ဆရိယဖြစ်၏၊ ဣဿာက သူတပါး၏ ပြည့်စုံမှု၊ အောင်မြင်မှု၊ ကျော်ကြားမှုတို့ကို ဝမ်းမြောက်ဝမ်းသာ မုဒိတာမပွားနိုင်ခြင်း၊ ငြူစူခြင်း၊ ကဲ့ရဲ့ခြင်း၊ သည်းမခံနိုင်ခြင်း လက္ခဏာရှိ၏၊ သူတပါး၏ ပြည့်စုံချမ်းသာမှုတို့၌ မပျော်မွေ့ခြင်းကိစ္စရသရှိ၏၊ သူတပါး၏ ပြည့်စုံမှုမှ မျက်နှာလွှဲတတ်၏။

အတိတ်ကံနှင့် ပစ္စုပ္ပန် ကံဉာဏ်ဝီရိယတို့ပြည့်စုံမှုကြောင့် ဥစ္စာစည်းစိမ်ဂုဏ်သိန်တက်နေသူကို မြင်ရကြားရသော် ဝမ်းမြောက်ဝမ်းသာမဖြစ်နိုင်ဘဲ မျက်နှာကိုမဲ့၊ ပါးစပ်ကိုရွဲ့၊ နှုတ်ခမ်းကိုစူ စောင်းမြောင်းချိတ်ရိတ်ကြည့်ရှုပြောဆိုမှု၊ ထိုသူ၏ ကောင်းသတင်းကို မကြားလိုမှု၊ မနာလိုမှု၊ ကဲ့ရဲ့ရှုတ်ချမှုတို့သည် ဣဿာ၏သဘောလက္ခဏာတို့ပင်ဖြစ်၏။

ပရမ္ပရ ကံကောင်းမသဖြင့်
ပြည့်ဝဂုဏ်သိန် သူ့စည်းစိမ်ကို
မမြိန်နိုင်တောင်း
စောင်းမြောင်းမဲ့ရွဲ့
ကဲ့ရဲ့ငြူစူ ရှုတ်ချမှု
မှတ်ယူ ဣဿာသဘောတည်း။
(သင်္ဂြိုဟ်ဘာသာဋီကာ)

ဤစည်းစိမ်ဂုဏ်သိန်သတင်း ကောင်းခြင်းအစုစုသည် ငါ့အားသာဖြစ်ပါစေ၊ အခြားသူတို့အား မဖြစ်ပါစေနှင့်ဟု ဖြစ်သောစိတ်သည် မစ္ဆရိယစိတ်(ဝန်တိုစိတ်)ဖြစ်၏၊ (မယှမေဝ အစ္ဆရိယံ ဟောတု၊ မာ အညေသန္တိ မစ္ဆရိယံ)၊ ယင်းဝန်တိုစိတ် ဖြစ်ပေါ်လာသော သဘော

တရားကို "မစ္ဆရိယ" ဟု ခေါ်၏။

မိမိရရှိပြီးသော ဥစ္စာစည်းစိမ်ဂုဏ်သိန်အမျိုးမျိုး၊ ရသင့်၊ ရထိုက်၊ ရလတ္တံ့သော ဥစ္စာစည်းစိမ်ဂုဏ်သိန်အမျိုးမျိုးတို့ကို သူတပါးတို့နှင့် မဆက်ဆံစေလိုခြင်း၊ သူတပါးတို့အား ယင်းဥစ္စာ စည်းစိမ်ဂုဏ်သိန်အမျိုးမျိုး မဖြစ်စေလိုခြင်းသည် မစ္ဆရိယပင်ဖြစ်၏၊ ယင်းမစ္ဆရိယသည် ရရှိပြီးစည်းစိမ်ကို စွဲ၍ဖြစ်တတ်သောမစ္ဆရိယ၊ ရလတ္တံ့သော စည်းစိမ်ကို စွဲ၍ဖြစ်တတ်သော မစ္ဆရိယဟူ၍ နှစ်မျိုးရှိ၏။

မိမိရရှိပြီး၊ ပိုင်ဆိုင်ပြီးစည်းစိမ်ဥစ္စာများကို သူတပါးတို့နှင့် ဆက်ဆံ၍သွားမည်ကိုလည်းကောင်း၊ အကြောင်းတစ်စုံတစ်ခုကြောင့် မိမိပိုင်ဆိုင်မှုဆုံးရှုံး၍ သူတပါးလက်သို့ ရောက်ရှိသွားမည်ကိုလည်းကောင်း တွေးတောစိုးရိမ်၍ စိတ်မချမ်းမသာဖြစ်မှုသည် ရရှိပိုင်ဆိုင်ပြီးစည်းစိမ်ကို စွဲ၍မစ္ဆရိယဖြစ်ခြင်းဖြစ်၏။

မစ္ဆရိယသည် ရသင့်၊ ရထိုက်၊ ရလတ္တံ့သော ဥစ္စာစည်းစိမ်ဂုဏ်သိန်အမျိုးမျိုးတို့၌လည်း ဤမည်သောဌာန၌ ဤမည်သော ဥစ္စာစည်းစိမ်ဂုဏ်သိန်အမျိုးမျိုးကို ရလတ္တံ့၊ ဤမည်သောကာလ၌ ဤမည်သောဥစ္စာစည်းစိမ်ဂုဏ်သိန်အမျိုးမျိုးကို ရလတ္တံ့ဟု ကြံစည်ကြားသိရသော် ထိုရသင့်၊ ရထိုက်သောအရာဟူသမျှကို မိမိချည်းသာရရှိလိုမှု၊ အခြားသူများရရှိသွားမည်ကို အလိုမရှိမှု၊ အခြားသူများ ရရှိလိမ့်မည်ဟု ကြားသိခဲ့သော် နှလုံးမသာမျက်နှာမလှဖြစ်မှုသည် ရသင့်၊ ရထိုက်၊ ရလတ္တံ့သော ဥစ္စာစည်းစိမ်ဂုဏ်သိန်ကို အစွဲပြု၍ မစ္ဆရိယဖြစ်ခြင်းမည်၏။

မစ္ဆရိယသည် ရပြီး၊ ရလတ္တံ့ဖြစ်သော မိမိစည်းစိမ်ကို လျှို့ဝှက်ခြင်းလက္ခဏာရှိ၏၊ မိမိစည်းစိမ်ကို မကွယ်ဝှက်သာ၊ မသိုဝှက်သာ

၍ သူတကာနှင့်ဆက်ဆံရသော် ယင်းသို့ဆက်ဆံရသည်ကို သည်းမခံနိုင်ခြင်းကိစ္စရှိ၏၊ စွန့်ကြဲပေးကမ်းလှူဒါန်းမှု မိမိစည်းစိမ်ကို သူတပါးနှင့်ဆက်ဆံစေမှု၌ တွန့်တိုဆုတ်နစ်သောတရား၊ ခါးစပ်သောအရသာသည် စားသုံးသူကို နောက်တွန့်သွားစေသကဲ့သို့ တောင်းရမ်းသူကိုမြင်လျှင် စိတ်ရောကိုယ်ပါတွန့်သွားစေတတ်သောတရားဟု ယောဂီဉာဏ်၌ ထင်လာတတ်၏၊ မစ္ဆရိသည် ဓမ္မဓာတ်အားဖြင့် လောဘဓမ္မဓာတ်၊ ဒေါသဓမ္မဓာတ်ကို အရင်းခံ၍ ဖြစ်ပေါ်တတ်၏၊ ထို့ကြောင့် လောဘဒေါသနှစ်ပါးသည် မစ္ဆရိယ၏ အရင်းခံမူလတရားများတည်း၊ မစ္ဆရိယစိတ်ကို ပယ်ဖျောက်လိုလျှင် ထိုအရင်းခံမူလတရားနှစ်ပါး လောဘဒေါသတို့ကိုပါ ပယ်ဖျောက်ဖို့လိုအပ်၏။

ရလတ္တံ့၊ ရပြီး
ငါ့ပစ္စည်းနှယ် အံ့ချီးဖွယ်ကား
များကြွယ်သူတပါး
မဖြစ်စေသားဟု
ဖြစ်ပွားတတ်လျှင်း ဝန်တိုခြင်း
မယွင်းမစ္ဆရိယသဘောတည်း။
(သင်္ဂြိုဟ်ဘာသာဋီကာ)

မစ္ဆရိယကြောင့် ကလဟ-ကိုယ်ထိလက်ရောက် ရန်ဖြစ်တတ်၏၊ ဝိဝါဒ-သူနိုင်ကိုယ်နိုင်၊ သူပိုင်ကိုယ်ပိုင် ငြင်းခုံတတ်၏၊ ပရိဒေဝ-ငိုကြွေးရတတ်၏၊ သောက-စိုးရိမ်ပူပန်ရတတ်၏၊ မာန-မာန်မူတတ်၊ မာန်တက်တတ်၏၊ အတိမာန-အလွန်အမင်းမာန်မူ၊ မာန်တက်တတ်၏၊ ခက်ထန်တတ်၏၊ ခေါင်းမာတတ်၏၊ ပေသုည-ချောပစ်ကုန်းတိုက်တတ်၏၊ သွေးခွဲတတ်၏၊ သွေးစည်းညီညွတ်မှုကို ဖျက်

ဆီးတတ်၏၊ မစ္ဆရိယကြောင့် ဤကိလေသာအပြစ်ခုနစ်ပါးဖြစ်ရ၏၊ နိုင်ငံအချင်းချင်း နယ်စပ်အငြင်းပွားမှု နိုင်လိုမင်းထက် ကျူးကျော်စော်ကားမှု နိုင်ငံအချင်းချင်းစစ်ခင်းမှုစသည်တို့၏ အကြောင်းရင်းလက်သည်ကား ဤမစ္ဆရိယပင်တည်း။

သတ္တဝါတို့သည် လောဘသားတို့သာ များလေ၏၊ လောဘကြောင့် လိုချင်၏၊ တပ်မက်၏၊ စွဲလမ်း၏၊ သိမ်းပိုက်၏၊ ငါ့ဟာ၊ ငါ့ဥစ္စာ၊ ငါပိုင်ဟူသောအစွဲဖြင့် သိမ်းဆည်း၏၊ ထိုသိမ်းပိုက်ခြင်း၊ သိမ်းဆည်းခြင်းကို အစွဲပြု၍ မစ္ဆရိယ-ဝန်တိုမှုဖြစ်၏၊ မစ္ဆရိယ-ဝန်တိုမှုကို အစွဲပြု၍ အာရက္ခ-ထိန်းသိမ်းရ၏၊ စောင့်ရှောက်ရ၏၊ လုံခြုံရေးအစီအမံတွေ နည်းမျိုးစုံပြုရ၏၊ ဟိုဟာ စိတ်မချ၊ သည်ဟာစိတ်မချ၊ ညအခါကောင်းကောင်းအိပ်၍ မပျော်၊ ပျော်ပါသော်လည်း နိုးတစ်ဝက်၊ တစ်နေရာတည်း၌ ပုံသေမအိပ်ရဲ၊ ဟိုနေရာပြောင်းအိပ်၊ သည်နေရာရွှေ့အိပ်၊ ဒုက္ခတွေများလှ၏။

အာရက္ခ-လုံခြုံရေးအတွက် ဓာရဏ-တုတ်ဓားလက်နက်မျိုးစုံ ကိုင်ဆောင်ရ၏၊ တုတ်ဓားလက်နက်ကိုင်ဆောင်ရသော် ခိုက်ရန်ဒေါသဖြစ်ကြရ၏၊ ဆန့်ကျင်ဘက်တွေ ပြုကြရ၏၊ ပြောကြရ၏၊ ထိုအခါ ငြင်းခုံမှုတွေ ပြုကြရ၏၊ မခံသာအောင် ပြောဆိုကြရ၏၊ ကုန်းတိုက်၊ ကုန်းချောအလုပ်တွေ လုပ်ကြရ၏၊ မဟုတ်မမှန်တာတွေကို လုပ်ကြံကာပြောကြရ၏၊ မစ္ဆရိယကြောင့် ဤသို့အယုတ်တမာအကုသိုလ်တရားများ ဖြစ်ပေါ်လာတတ်၏။

မစ္ဆရိယသည် စိတ်ညစ်ညူးကြောင်း (စိတ်ညစ်ကြောင်း) တရားဖြစ်၏၊ ပုန်းကွယ်နေသောရန်သူမာရ်နတ်၏ စစ်သည်ဖြစ်၏၊ မစ္ဆရိယသည် စိတ်ကိုအားနည်းအောင် ပြုတတ်၏၊ မစ္ဆရိယက အား

နည်းအောင်အပြုခံရသောစိတ်သည် အာသဝေါတရားတို့ကုန်ခန်းဖို့ရာ ကောင်းစွာမတည်ကြည်နိုင်၊ မဟာသမုဒ္ဒရာသည် သူသေကောင်ပုပ်နှင့် အတူမနေသကဲ့သို့ ကမ္ဘဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် က္ကသာမစ္ဆရိယစသော ဒုစရိုက်အညစ်အကြေးတို့နှင့် အတူမနေရာ၊ မစ္ဆရိယကြောင့် ပရိသတ်အလယ်တွင် မထင်မရှားဖြစ်ရတတ်၏၊ မစ္ဆရိယထက် စက်ဆုပ်ဖွယ်ကောင်းသောတရားဟူ၍ မရှိ။

မစ္ဆရိယစိတ်သည် သတ္တဝါတို့၌ ကြီးကျယ်၏၊ များပြား၏၊ က္ကသာက တစ်ပါးတည်းရှိသော်လည်း မစ္ဆရိယက ငါးပါးရှိ၏၊ အာဝါသမစ္ဆရိယ၊ ကုလမစ္ဆရိယ၊ လာဘမစ္ဆရိယ၊ ဝဏ္ဏမစ္ဆရိယ၊ ဓမ္မမစ္ဆရိယဟူ၍ဖြစ်၏၊ အာဝါသဟူသော နေရာထိုင်ခင်း၊ နေရာဌာန၊ ရာထူးဌာနန္တရစသည်တို့နှင့်စပ်၍ မပေးလိုမှု၊ မစွန့်လိုမှု၊ မမျှလိုမှု၊ မငှလိုမှု၊ မဝေလိုမှု၊ မျှဝေမခံစားနိုင်မှု၊ နှမြောတွန့်တိုခြင်း၊ ဝန်တိုခြင်းသည် အာဝါသမစ္ဆရိယမည်၏၊ ဘတ်စ်ကားစသည်ပေါ်၌ မိမိက နေရာလေးတစ်ခု ရထားသည်၊ သို့ရာတွင် မိမိနောက်မှ တက်လာသူတို့အထဲ၌ လူကြီးသူ၊ ရဟန်းသာမဏေ၊ ကလေးအမေစသူတို့ကို နေရာဖယ်ပေးသင့်ပါလျက် မပေးနိုင်ခြင်းသည် အာဝါသမစ္ဆရိယဖြစ်သည်။

မိမိအား ချစ်သူ၊ ခင်သူ၊ ကြည်ညိုသူတို့ကို အခြားသူအားမချစ်စေလိုမှု၊ မခင်စေလိုမှု၊ မကြည်ညိုစေလိုမှုသည် ကုလမစ္ဆရိယမည်၏၊ ပစ္စည်းဥစ္စာအကျိုးရလာဘ် ရပိုင်ခွင့်၊ ခံစားခွင့်တို့နှင့်စပ်၍ မိမိသာရချင်၊ လိုချင်၍ အခြားသူတို့အား မရစေချင်မှုသည် လာဘမစ္ဆရိယမည်၏။

ဝဏ္ဏမစ္ဆရိယသည် ပုဂ္ဂိုလ်ရေးဝန်တိုမှုဖြစ်၏၊ ရုပ်အဆင်းဂုဏ်သတင်း၌ ဝန်တိုမှုဖြစ်၏၊ မိမိထက်သာ၍ ပို၍ ရုပ်အဆင်း

လှုပခြင်း၊ ဂုဏ်သတင်းကျော်စောခြင်း၊ အောင်မြင်ကျော်ကြားလူကြိုက်များခြင်း၊ လူချစ်လူခင်များခြင်းကို မချီးကျူးနိုင်ခြင်း၊ မနှစ်မြို့ခြင်း၊ သည်းမခံနိုင်ခြင်း၊ လက်မခံနိုင်ခြင်း၊ ဝမ်းမြောက်ဝမ်းသာ မဖြစ်နိုင်ခြင်းဖြစ်၏၊ ဤဝဏ္ဏမစ္ဆရိယ၌ ဣဿာက ပို၍ထင်ရှား၏၊ ထို့ကြောင့် ကိုယ့်ထက်သာ မနာလိုဟု ဆိုစကားဖြစ်လာ၏။

ဓမ္မမစ္ဆရိယ၌ ဓမ္မဟူသည် ပရိယတ္တိဓမ္မတည်း၊ စာပေ၊ ကျမ်းဂန်၊ အတတ်ပညာ၊ အသိပညာစသော လောကီပညာရပ်တို့နှင့် စပ်၍ ကိုယ်သိသလို မသိစေလိုမှု၊ ကိုယ်တတ်သလို မတတ်စေလိုမှု၊ ကိုယ်သိထား၊ တတ်ထားတာတွေကို ထိမ်ချန်ခြင်း၊ လျှို့ဝှက်ခြင်းသည် ဓမ္မမစ္ဆရိယဖြစ်၏၊ ဆရာများ ဆရာစားချန်လျှင် ဓမ္မမစ္ဆရိယဖြစ်တတ်၏။

ဣဿာမစ္ဆရိယတရားနှစ်ပါးသည် အလွန်ဆိုးရွားသောတရားများဖြစ်ကြသည်၊ ထို့ကြောင့် ကျေးဇူးရှင်မဟာစည်ဆရာတော်ကြီးက "မနာလိုကင်း၊ ဝန်တိုရှင်း၊ လက်ငင်းချမ်းသာကြရမည်" ဟု မိန့်တော်မူခဲ့သည်။ ။

## သစ္စာကို မဏ္ဍိုင်ပြု၍

ဝသုန္ဒရေ ဤမြေသော်လည်း
စောင့်စည်းမုသား ကျင့်သောအားဖြင့်
စကားသစ္စာ မှန်သောခါကား
ဩဇာလေးနက် ပေါ်ဆီတက်၍
နွယ်မြက်သစ်ပင် ဆေးဘက်ဝင်၏။
အကြင်သောခါ ဤသစ္စာကို
အရာချွတ်လွဲ မသုံးစွဲတည့်။
စဉ်းလဲစကား မှားလတ်တုံအံ့
မြေခံစည်းတန်း မုသားထွန်းသား။
တစ်ကျွန်းတစ်ရံ တစ်နိုင်ငံ၌
အသံမုသား ပြက်စကားကို
မကြားစလို အောင်လိမ့်ဆိုသို့

ပေါ်စိုရသာ မြေသြဇာလျက်
တစ်ထွာတစ်တောင် လက်ခုပ်ဘောင်လျှင်
နုတ်ချောင်ငုတ်နစ် အောက်လျှိုးဖြစ်၍
ခါးခြစ်ဆေးဝါး လူတို့စားလည်း
နာဖျားမလွတ် ဥပဒ္ဒဝေါ
ဘေးဘျမ်းပြော၏။
သဘောတရား စကားသစ္စာ
မှန်သောခါနှင့်
ယွင်းရာမမှား ဤနှစ်ပါးကို
နှုန်းထားထွေဆောင်
ရှာတုံရှောင်လည်း
အကျော်သစ္စာ စကားသာလျှင်
ပြည်ရွာရပ်သား လူ့စီးပွားကို
အမြားအမြောင် ကြီးကျယ်ဆောင်သည်
ကုန်အောင်မြေနှင့် တရှိတည်း . . .။
(ပါရမီတော်ခန်းပျို့၊ ရှင်မဟာသီလဝံသ)

ပါဠိသက်ဝေါဟာရအဘိဓာန်က သစ္စာကို "(၁) မဖောက်မပြန်အမှန်ဆုံးတရား၊ (၂) မှန်သောစကား၊ မှန်ကန်စွာဆိုသောကတိ" ဟု ဖွင့်သည်၊ မဏ္ဍိုင်ကို "(၁) ကြည်လင်ခြင်း၊ ကြည်လင်ရာ၊ (၂) ဝန်းဝိုင်းသောအပြင်၊ (၃) အလယ်ဗဟို"ဟု ဖွင့်သည်၊ ဆက်၍ရှင်းရာတွင် မဏ္ဍိုင်ဟူသောစကား၏မူလပုဒ်ရင်းမှာ မဏ္ဍ၊ မဏ္ဍလဟူ၍ နှစ်မျိုးရှိသည်၊ မဏ္ဍ၏အနက်ကား ကြည်လင်ခြင်းဟူ၍ ဖြစ်သည်၊ ဗောဓိမဏ္ဍိုင်ဟုဆိုရာ၌ ဗောဓိဉာဏ်၏အားအစွမ်းသို့ရောက်သဖြင့်

ကြည်လင်ရာဖြစ်သော နေရာဟု ဆိုလိုသည်။

မဏ္ဍလသဒ္ဒါ၏အနက်ကား ဝန်းဝိုင်းသောအပြင်ဟူ၍ဖြစ်သည်၊ ကသိဏမဏ္ဍလ-ကသိုဏ်းဝန်း၊ စန္ဒမဏ္ဍလ-လပြည့်ဝန်း၊ ဇဋ္ဌာမဏ္ဍလ-ဆံကျစ်ဝန်း၊ ပထဝီမဏ္ဍလ-မြေအပြင်၊ ဇမ္ဗူဒီပမဏ္ဍလ-ဇမ္ဗူဒိပ်ကျွန်းအပြင်စသည်တို့၌ မဏ္ဍလသဒ္ဒါက-အဝန်းအဝိုင်းအပြင်ဟူသောအနက်ကို ဆိုလိုသည်၊ ဗောဓိပင်ကို ဗောဓိဉာဏ်၏အားအစွမ်းသို့ရောက်သဖြင့် ကြည်လင်ရာဖြစ်သောကြောင့် မဏ္ဍ-မဏ္ဍိုင်ဟုခေါ်ဆိုရာမှ ယင်းဗောဓိပင်သည် ဇမ္ဗူဒီပ၏အလယ်ဗဟိုတည့်တည့်၌ ရှိသောကြောင့် နောင်သောအခါ ကြည်လင်ခြင်းဟူသောမူလအနက်အရင်းမှ အလယ်ဗဟိုဟူသော အနက်သို့ရွေ့ကာ မဏ္ဍိုင်ဆိုသောစကားကို အလယ်ဗဟိုဟူသောအနက်ဖြင့် သုံးစွဲလာကြသည်ဟုယူရန်ရှိသည်၊ ထို့အပြင် မြင်းမိုရ်တောင်ကို အလယ်ဗဟိုကျသောကြောင့် မဏ္ဍိုင်ဟုခေါ်ရာမှ တဆင့်ပွားပြန်၍ ကြီးမားခိုင်ခံ့လှသော မြင်းမိုရ်တောင်၏မဏ္ဍိုင်အမည်ရခြင်းကိုစွဲကာ "သက်သေမဏ္ဍိုင်မပျက်နိုင်သည် . . . ခန့်ခိုင်မြင်းမိုရ်တောင်မင်းတည်း" စသည်ဖြင့် ကြီးမားခိုင်ခံ့သောအရာကိုလည်း မဏ္ဍိုင်ဟုဆိုကြပြန်လေသည်၊ ဤကား မဏ္ဍိုင်၏အဓိပ္ပာယ်တည်း။

အာဠဝကသုတ်၌ အာဠဝကဘီလူးက "အရှင်ဘုရား . . . အရသာအားလုံးထဲမှာ ဘယ်အရသာဟာ အကောင်းဆုံးပါလဲ"ဟု ဘုရားကိုမေးလျှောက်တော့ ဘုရားက "သစ္စံ ဟဝေ သာဒုတရံ ရသာနံ-အရသာအားလုံးထဲမှာ သစ္စာတရားဟာ အကောင်းဆုံးအရသာပဲ၊ သစ္စာတရားဟာ အရသာအရှိဆုံးပဲ" ဟု ဖြေတော်မူခဲ့လေသည်၊ ဘုရားက အစာအာဟာရတစ်ခုခုကို ကွက်၍မဖြေ၊ သစ္စာတရား

အောက်မှာသာ အာရုံခြောက်ပါးလုံး အရသာရှိနိုင်သောကြောင့် ထိုသို့ ဖြေခဲ့လေသည်။

သာမန်အားဖြင့် အရသာဟူသည် အစားအသောက် အစာ အာဟာရမှနေ၍ ဖြစ်ပေါ်လာသည်၊ ရရှိသည်၊ သဗ္ဗေ သတ္တာ အာ ဟာရဋ္ဌိတိကာ-သတ္တဝါဟူသမျှလည်း အစာအာဟာရအပေါ်၌ မှီ တည်နေရသည်၊ အာဟာရဟူသည် သတ္တဝါတို့၏အသက်ကို ဆောင် ရွက်နိုင်ခြင်းသတ္တိရှိသည်၊ သတ္တဝါတို့၏ဘဝတစ်ခု၊ ထိုဘဝတွေဘဝ တွေ စုပေါင်းဖွဲ့စည်း တည်ဆောက်ထားသည့် လူ့ဘောင်အဖွဲ့အစည်း တစ်ခုသည် သစ္စာကို မဏ္ဍိုင်ပြုရမည်၊ သစ္စာကို မဏ္ဍိုင်ပြု၍ တည် ဆောက်ကြရမည်။

"သစ္စံ ဟဝေ သာဒုတရံ ရသာနံ"ဟူသော ဘုရားဟော ပါဠိကို အဋ္ဌကထာကဖွင့်ရာ၌ "ဝါစာသစ္စာ၊ ဝိရတီသစ္စာ၊ ဒိဋ္ဌိသစ္စာ၊ ဗြဟ္မဏသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယသစ္စာဟူ၍ရှိရာတွင် ပရမတ္ထ သစ္စာ၊ ဝိရတီသစ္စာတို့ကို အတွင်းပြု၍ ဝါစာသစ္စာကို ယူရမည်" ဟု ဖွင့်သည်။

မှန်ကန်သောစကားကိုဆိုမှုသည် ဝါစာသစ္စာ၊ ဝစီသစ္စာ မည်၏၊ သူတော်စင်တို့၏ အမှန်တရားပေါ်တွင် ရပ်တည်ကျင့်သုံး ခြင်းသည် ဝိရတီသစ္စာမည်၏၊ မှန်ကန်သောအယူဝါဒသည် ဒိဋ္ဌိသစ္စာ မည်၏၊ သက်ရှိသတ္တဝါတို့ကို သနားညှာတာခြင်း၊ လောကီအာရုံ ကာမဂုဏ်၌ငြီးငွေ့ခြင်း၊ ဘဝ၌ငြီးငွေ့ခြင်း၊ အာကိဥ္စညအကျင့်ကို ကျင့် ခြင်းသည် ဗြဟ္မဏသစ္စာမည်၏၊ နိဗ္ဗာန်သည် ပရမတ္ထသစ္စာမည်၏၊ အရိယာသစ္စာလေးပါးသည် အရိယသစ္စာမည်၏။

မှန်ကန်သောစကားကိုဆိုခြင်းဝစီသစ္စာသည် အရသာအား

လုံးတို့ထက် ပို၍အရသာရှိ၏၊ မှန်မှန်ကန်ကန်ကျင့်ကြံခြင်းဝိရတီ သစ္စာသည် အရသာအားလုံးတို့ထက် ပို၍အရသာရှိ၏၊ နိဗ္ဗာန်တည်း ဟူသော ပရမတ္ထသစ္စာသည် အရသာအားလုံးတို့ထက် ပို၍အရသာ ရှိ၏၊ မင်းမှာသစ္စာ လူမှာကတိဟူရာ၌ သစ္စာဟူသည် ဝါစာသစ္စာ၊ ဝိရတီသစ္စာ၊ ဒိဋ္ဌိသစ္စာဖြစ်၏၊ ကတိဟူသည် ဝါစာသစ္စာဖြစ်၏။

လောက၌ သစ္စာနှင့်စပ်၍ သစ္စာရှိသည်၊ သစ္စာမဲ့သည်၊ သစ္စာ ဖောက်သည်၊ သစ္စာဆိုသည်၊ ကျမ်းသစ္စာကျိန်ဆိုသည် စသည်ဖြင့် ပြောဆိုသုံးနှုန်းကြသည်ကို တွေ့ရသည်၊ သစ္စာသည် အရေးပါ၏၊ သစ္စာသည် အရာကျယ်၏၊ လူမှုကိစ္စအဝဝကို သစ္စာကို မဏ္ဍိုင်ပြုကြ ရ၏၊ လောက၏ သုခဘုံကို တည်ဆောက်ကြရာ၌လည်း သစ္စာကို မဏ္ဍိုင်ပြု၍ တည်ဆောက်ကြရ၏။

ဇနီးခင်ပွန်းနှစ်ဦးကြားတွင် အလိုအပ်ဆုံးအရာက သစ္စာ တရားဖြစ်၏၊ သာယာသောအိမ်ထောင်ရေးကို သစ္စာကို မဏ္ဍိုင်ပြု၍ တည်ဆောက်ကြရ၏၊ ဇနီးခင်ပွန်းအချင်းချင်း သစ္စာရှိကြလျှင် အိမ် ထောင်ရေးလမ်းခရီးသည် ပျားရည်ဆမ်းသောခရီးဖြစ်၏၊ လွန်စွာ ချိုမြိန်သောအရသာကို ခံစားရ၏၊ တစ်ဦးဦးက သစ္စာမဲ့သွားလျှင်ဖြင့် ကျန်တစ်ဦးမှာ လွန်စွာခါးသီးသောအရသာကို ခံစားရတော့၏၊ လုပ် ဖော်ကိုင်ဘက်အချင်းချင်း သစ္စာရှိရ၏၊ သစ္စာရှိလျှင် လွန်စွာချိုမြိန် သောအရသာကို ခံစားရ၏၊ တစ်ဦးဦးက သစ္စာဖောက်သွားလျှင်ဖြင့် သစ္စာဖောက်ခံရသူမှာ ဆေးခါးကြီးမျိုရသကဲ့သို့ ခါးသီးသောအရသာ ကို ခံစားရ၏။

လူတော်တစ်ယောက်ဖြစ်ဖို့ သဏ္ဌာ-တစ်ခုခုစွမ်းနိုင်ရ၏၊ စွမ်းနိုင်လေ ကောင်းလေ ကောင်း၏၊ စွမ်းနိုင်လေ တော်လေ တော်၏၊

လူကောင်းဖြစ်ဖို့ ဥဇု-ရိုးဖြောင့်ရ၏၊ သုဟုဇု-အထူးရိုးဖြောင့်ရ၏၊ အနောက်တိုင်းဆိုရိုးကလည်း "ရိုးဖြောင့်ခြင်းဟာ ရွှေ၊ ရိုးဖြောင့်ခြင်းဟာ အကောင်းဆုံးပေါ်လစီ" ဟု ဆို၏၊ မြန်မာဆိုရိုးက "ရိုးရိုးကျင့် မြင့်မြင့်ကြံ" ဟု ဆို၏၊ ရိုးရိုးကျင့်သူသာ မြင့်မြင့်ကြံနိုင်၏၊ ရိုးရိုးမကျင့်က . . .၊ သစ္စာတရားသည် ရိုးဖြောင့်ခြင်းနှင့်သာ ယှဉ်တွဲ၍ဖြစ်၏၊ ရိုးဖြောင့်သူတို့သန္တာန်၌သာ သစ္စာတရားကရှိ၏၊ ဖြောင့်ဖြောင့်လျှောက်မှသာ ခရီးကရောက်၏၊ ခရီးကတွင်၏။

သစ္စာတရားသည် မြင့်မြတ်သောတရားဖြစ်၏၊ မြင့်မြတ်သောကြောင့် ပါရမီဆယ်ပါးတွင် သစ္စာပါရမီဟူ၍ နေရာတစ်နေရာရ၏၊ အသီတိနိပါတ်၊ မဟာသုတသောမဇာတ်၌ အလောင်းတော် မဟာသုတသောမမင်းဖြစ်စဉ်က ပေါရိသာဒသည် အလောင်းတော်အပါအဝင် တစ်ရာ့တစ်ပါးသောမင်းတို့၏အသားအသွေးဖြင့် ယဇ်ပူဇော်ရန် သူနေထိုင်ရာ တောအုပ်အတွင်းရှိ ပညောင်ပင်သို့ ဖမ်းဆီးခေါ်ဆောင်လာ၏။

အလောင်းတော်က "နန္ဒပုဏ္ဏားထံမှ သတာရဟ-တစ်ရာတန်လေးဂါထာကို နာကြား၍ ငွေစကားကြွေးကို ပြေလည်အောင်ဆပ်ပြီး သင့်ထံကို ဆက်ဆက်ပြန်လာပါမည်" ဟု ခွင့်တောင်း၏၊ ပေါရိသာဒက လက်မခံဘဲငြင်းပယ်လေ၏၊ ထိုအခါ အလောင်းတော်က -

"အဆွေတော်ပေါရိသာဒ . . . လောက၌ စင်ကြယ်သောသီလရှိ၍ သေရခြင်းက မြတ်သေး၏၊ ယုတ်မာသောသဘောရှိ၍ အသက်ရှည်ရခြင်းသည် သူတပါးတို့ကဲ့ရဲ့ဖွယ်သာဖြစ်၏၊ ကျောက်တောင်ကြီးသည် အရပ်ရှစ်မျက်နှာတို့မှ တိုက်ခတ်လာသောလေကြမ်းတို့ကြောင့် ဝါဂွမ်းပမာ ကောင်းကင်သို့ လွင့်ချင်သာလွင့်မည်၊ လတွေ

နေတွေ မြေပြင်သို့ ကျချင်သာကျမည်၊ မြစ်အားလုံးရှိရေများ မြစ်ညာသို့ စီးချင်သာစီးမည်၊ ကောင်းကင်ကြီး ထက်ခြမ်းကွဲချင်သာကွဲမည်၊ မဟာသမုဒ္ဒရာကြီး ခန်းခြောက်ချင်သာခန်းခြောက်သွားမည်၊ မဟာပထဝီမြေကြီး ပြောင်းပြန်လှန်ချင်သာလှန်သွားမည်၊ မြင်းမိုရ်တောင်ကြီး ပြုတ်ထွက်ချင်သာ ပြုတ်ထွက်သွားမည်၊ ငါသည် ဘယ်သောအခါမှ မုသားမပြော" ဟုဆိုသော်လည်း ပေါရိသာဒက လက်သင့်မခံ။

နောက်ဆုံး အလောင်းတော်က "အဆွေတော်ပေါရိသာဒ . . . ပြုစေလိုပါလျှင် ဤသို့သောသန်လျက်သွားတို့ဖြင့် ကောင်းစွာစောင့်ရှောက်အပ်သောမင်းမျိုး၌ နောက်တဖန်မဖြစ်ပါစေသားဟုဆို၍ သန်လျက်၊ လှံတို့ကို ငါ့လက်နှင့်သုံးသပ် ဆုပ်နယ်ပါမည်၊ ငါသည် သင့်ထံမှ ခေတ္တလွတ်ထွက်သွားပြီးလျှင် နန္ဒပုဏ္ဏားနှင့် စကားကြွေးကင်းအောင် တရားနာပြီးနောက် သစ္စာကိုစောင့်ရှောက်သောအားဖြင့် သင့်ထံကို ပြန်လာခဲ့ပါမည်၊ ငါ မဟုတ်မမှန်ပြောခဲ့သော် ဤသန်လျက်လှံတို့ဖြင့် ကောင်းစွာစောင့်ရှောက်အပ်သော မင်းမျိုး၌ နောက်တဖန် မဖြစ်ပါစေသား" ဟု ကျိန်စာဆိုလေ၏။

ထိုအခါကျမှ ပေါရိသာဒက "ဤသုတသောမမင်းသည် သာမညမင်းတို့ကျိန်ဆိုဝံ့ခဲသောကျိန်စာကို ဆိုသည်၊ ငါ့ထံသို့ ပြန်လိုလည်းပြန်၊ မပြန်လိုလည်းရှိစေ၊ ငါလည်း မင်းတစ်ပါးပင်၊ သူပြန်မလာသော် ငါ့လက်မောင်းသွေးကို ဖောက်၍ ညောင်ပင်စောင့်နတ်အား ပူဇော်တော့မည်" တွေးပြီး အလောင်းတော်ကို လွှတ်လိုက်လေသည်။

အလောင်းတော်သည် မြို့တော်သို့ပြန်ပြီး ပုဏ္ဏားအား စကားကြွေးကင်းအောင်ပြုလုပ်ကာ စိုးရိမ်ငိုကြွေးနေကြသော မိဘတို့ကို

ရှိခိုး၍ ပေါရိသာဒထံသို့ သစ္စာကတိအတိုင်းပြန်လာခဲ့သည်၊ ပေါရိသာဒလည်း အလောင်းတော်၏သစ္စာတရားကို ကြည်ညိုသဖြင့် တစ်ရာ့တစ်ပါးသောမင်းအားလုံးကို လွှတ်ပေးလိုက်သည်၊ ဤဇာတ်တော်၌ အလောင်းတော် မဟာသုတသောမမင်း၏သစ္စာတရားသည် သဒ္ဒဟာပနဝစီသစ္စာဖြစ်၏၊ အလောင်းတော်သည် သစ္စာကိုမဏ္ဍိုင်ပြု၍ တစ်ရာ့တစ်ပါးသောမင်းတို့၏အသက်ကို ကယ်တင်ခဲ့လေသည်။

## စိတ်ရှည်၊ ဇွဲသန်

အလိုတွေ ရှိနေသမျှ
အလိုက ပြည့်လိမ့်မည်မဟုတ်။
အလိုမရှိတော့မှသာ
အလိုက ပြည့်လိမ့်မည်။
အလိုတွေ ရှိနေသမျှ
အလိုက ကျလိမ့်မည်မဟုတ်။
အလိုမရှိတော့မှသာ
အလိုက ကျလိမ့်မည်။
စိတ်ရှိနေသမျှ
စိတ်တိုင်းကျလိမ့်မည်မဟုတ်။
စိတ်မရှိတော့မှသာ
စိတ်တိုင်းကျလိမ့်မည်။

"စိတ်ရှည်၊ ဇွဲသန်၊ သည်းညည်းခံ ပြုရန်သာသနာ" ဟူသော ရှေးဆရာအဆက်ဆက်တို့ မိန့်မှာခဲ့သော ဆိုရိုးစကားကို ငယ်ငယ်က တည်းက ကြားခဲ့သဖြင့် နားထဲ၌ စွဲနေသည်၊ စိတ်ထဲ၌ အလွတ်ရနေသည်၊ သာမန်အားဖြင့် နားလည်သည်မို့ ထွေထွေထူးထူးလည်း မစဉ်းစားခဲ့၊ စဉ်းစားဖို့မလိုဟုလည်း ထင်မှတ်ခဲ့သည်၊ သို့ရာတွင် နောက်ပိုင်း နည်းနည်းအသက်ကလေးရလာမှ ထိုဆိုရိုး၏ နက်နဲကြောင်း၊ အဓိပ္ပာယ် ကျယ်ပြန့်ကြောင်း၊ ကိစ္စအသီးသီး၌ အသုံးဝင်ကြောင်း၊ နေရာတိုင်း၊ ကိစ္စတိုင်း၌ လိုအပ်ကြောင်း သိသိလာရသည်၊ နေရာတိုင်း၊ ကိစ္စတိုင်း၊ ပုဂ္ဂိုလ်တိုင်း၌ မိမိတို့ဘဝ၊ သို့မဟုတ် မိမိတို့လုပ်ကိုင်ဆောင်ရွက်နေသည့်ကိစ္စရပ် ပြီးမြောက်အောင်မြင်ဖို့အတွက် လိုအပ်ချက်က စိတ်ရှည်နိုင်သမျှ စိတ်ရှည်ဖို့၊ ဇွဲသန်နိုင်သမျှ ဇွဲသန်ဖို့၊ သည်းညည်းခံနိုင်သမျှ သည်းညည်းခံဖို့ အဓိကလိုအပ်ကြောင်း တွေ့တွေ့လာရသည်။

လူမှန်လျှင် ကိုယ်သန်ရာသန်ရာ၊ ကိုယ်ဆိုင်ရာဆိုင်ရာ၊ ကိုယ်နီးစပ်ရာနီးစပ်ရာ အလုပ်တစ်ခုခုကိုတော့ ပြုနေရသည်၊ လုပ်နေရသည်၊ ပြုလုပ်နေရသည်၊ ထိုသို့ပြုကြရာ၊ လုပ်ကြရာ၌ အလုပ်အပေါ်၌လည်း စိတ်ရှည်ရသည်၊ ဇွဲသန်ရသည်၊ သည်းညည်းခံရသည်၊ လုပ်ဖော်ကိုင်ဘက်၊ သို့မဟုတ် ဆန့်ကျင်ဘက်တို့နှင့်စပ်၍လည်း စိတ်ရှည်ရသည်၊ ဇွဲသန်ရသည်၊ သည်းညည်းခံရသည်၊ စိတ်ရှည်နိုင်သမျှ သူ့အတွက် ကိုယ့်အတွက် ကောင်းသည်၊ ဇွဲသန်နိုင်သမျှ သူ့အတွက် ကိုယ့်အတွက် ကောင်းသည်၊ သည်းညည်းခံနိုင်သမျှ သူ့အတွက် ကိုယ့်အတွက် ကောင်းသည်။

လူတိုင်းကိုယ်စီ ဆန္ဒတွေရှိကြသည်၊ လူတိုင်းကိုယ်စီ မျှော်လင့်ချက်တွေရှိကြသည်၊ ထိုဆန္ဒတွေ၊ မျှော်လင့်ချက်တွေ အကောင်

အထည်ဖော်ကြရာ၌ စိတ်ရှည်လျှင် စိတ်ရှည်သလောက် အကျိုးရှိပါသည်၊ ဇွဲသန်လျှင် ဇွဲသန်သလောက် အကျိုးရှိပါသည်၊ သည်းညည်းခံလျှင် သည်းညည်းခံသလောက် အကျိုးရှိပါသည်၊ စိတ်ရှည်ရှည်ထားနိုင်သည့်အတွက်၊ သည်းညည်းခံနိုင်သည့်အတွက် အကျိုးယုတ်သွားသည်ဟူ၍ မရှိနိုင်ပါ။ ထို့ကြောင့် သာသနာပြုမှုမဟုတ်၊ မည်သည့်ကိစ္စကိုပဲပြုပြု၊ ဥပမာ အိမ်ထောင်ပြု၊ တိုင်းပြု၊ ပြည်ပြုစသည်တို့၌လည်း ဤသုံးချက်သည် အဓိကလိုအပ်ချက်ဖြစ်တာမို့ "စိတ်ရှည်၊ ဇွဲသန်၊ သည်းညည်းခံ ပြုရန်အရာရာ" ဟု နားလည်ရမည်။

မိဘနှင့်သားသမီးအချင်းချင်းကြား၌ စိတ်ရှည်ရပါမည်၊ ဇွဲသန်ရပါမည်၊ သည်းညည်းခံရပါမည်၊ ဇနီးနှင့်ခင်ပွန်း အချင်းချင်းကြား၌ စိတ်ရှည်ရပါမည်၊ ဇွဲသန်ရပါမည်၊ သည်းညည်းခံရပါမည်၊ ညီအစ်ကိုမောင်နှမဆွေမျိုးသားချင်းတို့ကြား၌ စိတ်ရှည်ရပါမည်၊ ဇွဲသန်ရပါမည်၊ သည်းညည်းခံရပါမည်၊ ဆရာနှင့်တပည့်တို့ကြား၌ စိတ်ရှည်ရပါမည်၊ ဇွဲသန်ရပါမည်၊ သည်းညည်းခံရပါမည်၊ မိတ်ဆွေသူငယ်ချင်းတို့ကြား၌ စိတ်ရှည်ရပါမည်၊ ဇွဲသန်ရပါမည်၊ သည်းညည်းခံရပါမည်၊ အလုပ်ရှင်နှင့်အလုပ်သမားတို့ကြား၌ စိတ်ရှည်ရပါမည်၊ ဇွဲသန်ရပါမည်၊ သည်းညည်းခံရပါမည်၊ လုပ်ဖော်ကိုင်ဖက်အချင်းချင်းတို့ကြား၌ စိတ်ရှည်ရပါမည်၊ ဇွဲသန်ရပါမည်၊ သည်းညည်းခံရပါမည်၊ ကားမောင်းသူအချင်းချင်းကြား၌ စိတ်ရှည်ရပါမည်၊ ဇွဲသန်ရပါမည်၊ သည်းညည်းခံရပါမည်၊ ကားဆရာနှင့် ခရီးသည်တို့ကြား၌ ဤသို့စသည်စသည် နေရာတိုင်း၊ ကိစ္စတိုင်း၌ စိတ်ရှည်ရပါမည်၊ ဇွဲသန်ရပါမည်၊ သည်းညည်းခံရပါမည်၊

လူပုစိတ်တိုဟု ဆိုကြသည်၊ မှန်သင့်သလောက်တော့ မှန်ပုံရ

သည်၊ အရပ်ပုသူအများစု စိတ်တိုကြသည်၊ စိတ်တိုလို့ လူပု၊ လူပုလို့ စိတ်တို၊ ထိုသို့များ သံသရာလည်နေရော့သလားမသိ၊ သို့သော် ပုသူမှ စိတ်တိုသည်မဟုတ်၊ ခေတ်ကာလအနေအထားအရ စိတ်မရှည်ချင်သူ တွေက များများလာတော့ နဂိုကစိတ်ရှည်သူများလည်း စိတ်တိုတို လာကြသည်၊ ထိုအခါ လူပုစိတ်တိုဟူသောအဆိုက မှေးမှိန်လာ၍ လူအများစုစိတ်တိုကြသည်ဟု ဆိုရမလိုဖြစ်လာသည်၊ စိတ်ထဲမှာ ဒဏ် ရာဒဏ်ချက်တွေက များများလာတော့ ဘာကိုမျှ သိပ်စိတ်မရှည်ချင် ကြလေရော့သလားမသိ။

ဈေးရောင်းသူသည် ဈေးဝယ်သူအပေါ် စိတ်ရှည်ရှည်ထား ရမည်၊ ဝယ်သူအမြဲမှန်သည်ဟူသောစကားကို အလေးထားရမည်၊ ဈေးဝယ်သူသိလိုတာမှန်သမျှ စိတ်ရှည်ရှည်နှင့် ရှင်းပြရမည်၊ ကိုယ့် ဆိုင်ထဲဝင်လာသူသည် ကိုယ့်ထမင်းရှင်ဖြစ်သည်၊ ကိုယ့်ကျေးဇူးရှင် ဖြစ်သည်၊ ကိုယ့်ကို လုပ်ကျွေးမည့်သူဖြစ်သည်၊ ဤသဘောကို နား လည်ရမည်၊ ယခုတော့ ထိုသို့ မဟုတ်၊ ဝယ်ချင်ဝယ် မဝယ်ချင်နေ၊ မျက်နှာရှစ်ခေါက်ချိုးနှင့် သူတို့ဟာအလကားတောင်းမည့်သူကို ဆက် ဆံသည့်ပုံစံမျိုး၊ ဈေးဝယ်သူကိုတောင် မယုံသင်္ကာမျက်လုံးနှင့် ကြည့် လိုက်သေးသည်၊ ဈေးဝယ်စင်တာ စူပါမားကက်ကြီးတွေအများစုက အရောင်းကောင်တာစာရေး၊ ဈေးရောင်းသူအများစုသည် ထိုပုံစံမျိုး သာများသည်၊ စာရေးဆရာအများစုလည်း ရေးနေကြသည်၊ သို့သော် ပုံစံကမပြောင်း၊ သူတို့အဘယ်ကြောင့် မျက်နှာတွေ တင်းနေကြပါ သနည်း၊ သူတို့အဘယ်ကြောင့် စိတ်တွေ တိုနေကြပါသနည်း၊ အကြောင်း တော့ ရှိပေမည်။

လူအများစု နေရာတိုင်းလိုလိုမှာ စိတ်တွေတိုနေကြသည်၊

ရန်ကုန်မြို့မြင်ကွင်းအရ ထင်ရှားစွာစိတ်တိုသူအများစုကတော့ လိုင်းကားမောင်းသူ၊ နောက်လိုက်စပယ်ယာနှင့် အငှားကားမောင်းသူတွေဖြစ်ကြသည်၊ နည်းနည်းလေးမှ အမှားမခံကြ၊ နည်းနည်းလေးမှ စိတ်မရှည်ကြ၊ စည်းမရှိ၊ ကမ်းမရှိမောင်း၊ ပြိုင်မောင်း၊ ကျော်တက်၊ ဟိုကဖြတ်ဝင်၊ သည်ကဖြတ်ဝင်၊ ကိုယ်ပိုင်ကားများ သူတို့ရှေ့မှာ ပုံမှန်မောင်းနေလျှင် နောက်က ဟွန်းတဂွမ်ဂွမ်တီး၊ ဘုကြည့်ကြည့်၊ ချိုကြည့်ကြည့်၊ သည်ဘက်က နည်းနည်းမှားလျှင် ဆဲသွား၊ ဆိုသွားသေး၊ လူငယ်တွေမှမဟုတ်၊ ငါးဆယ်ကျော်တွေလည်း ထိုအတိုင်း၊ ရန်ကုန်မြို့မှာ အရိုင်းစိုင်းဆုံးလူတန်းစားကတော့ လိုင်းကားမောင်းသူနှင့် လိုင်းကားစပယ်ယာဖြစ်လိမ့်မည်ထင်သည်၊ သူတို့အဘယ်ကြောင့် သည်လောက်စိတ်တွေ တိုနေကြပါသနည်း၊ စိတ်ရိုင်းတွေ ဝင်နေကြပါသနည်း။

ဆတ်ကပ်မှာ မဟုတ်မဟတ်တွေက များများလာတော့ စိတ်မရှည်ချင်စရာက များများလာသည်၊ စိတ်တိုစရာတွေက များများလာသည်၊ သိတတ်သူနှင့်တတ်သိသူနှစ်မျိုးအနက် တတ်သိသူသာပေါ၍ သိတတ်သူက ရှားရှားလာသည်၊ ပညာရပ်တွေ မျိုးစုံသင်၍ တော်ကြပါသည်၊ တတ်ကြပါသည်၊ တော်သည့်အတိုင်း၊ တတ်သည့်အတိုင်း သိကြပါသည်၊ သို့သော် ကျေးဇူးကိုတော့ သိပ်မသိတတ်ကြတော့၊ မိဘကျေးဇူးမသိ၊ ဆရာကျေးဇူးမသိ၊ မိတ်ဆွေကျေးဇူးမသိ၊ အရိပ်ခိုနေပါလျှက် အရွက်ကို ညှိုးသူက ညှိုးစေသည်၊ အခက်ကို ချိုးသူကချိုးသည်၊ ရေလောင်းပေးဖို့ဆိုတာ စိတ်ကူးမရှိ၊ အမြိုက်ရှင်းဖို့ဆိုတာ ဝေလာဝေး၊ စိတ်မရှည်ချင်စရာတွေ၊ စိတ်တိုချင်စရာတွေ၊ သားသမီးဖြစ်စေ၊ တပည့်ဖြစ်စေ၊ မိတ်ဆွေဖြစ်စေ၊ စုန်ရေမှ တကယ့်

စုန်ရေ၊ ဘာမျှမသိတတ်ကြတော့။

ယနေ့ အလုပ်ရှင်နှင့်အလုပ်သမားပြဿနာ၊ အလုပ်ရှင်တွေကလည်း အလုပ်သမားမကောင်းကြောင်းပြောသည်၊ အလုပ်သမားတွေကလည်း အလုပ်ရှင်မကောင်းကြောင်းပြောသည်၊ အလုပ်ရှင်တွေကလည်း အလုပ်သမားတွေအပေါ် သိပ်အားမရ၊ ခိုသည်၊ ကပ်သည်၊ စေတနာမပါ၊ အလုပ်ကို တူတူတန်တန်မလုပ်ချင်၊ ပီပြင်အောင်မလုပ်ချင်ဟု မြင်ပုံရသည်၊ အလုပ်သမားတွေကလည်း ဆန်တစ်အိတ်ဖိုးသာသာ၊ ဆီတစ်ပုံးဖိုးသာသာလစာလေးနှင့် မလောက်မင၊ "ငါတို့ကြိုးစားလုပ်လည်း သူတို့ကောင်းစားတာပဲ၊ သူတို့ကတော့ ကားကောင်း၊ ကားခန့်၊ ကားကြီး၊ ကားငယ်အသွယ်သွယ်၊ ငါတို့ကတော့ တစ်နှစ်လာလည်း ဒါ၊ တစ်နှစ်လာလည်း ဒါ၊ သူတို့အနေအထားကသာ ပြောင်းပြောင်းသွား၊ ငါတို့မှာတော့ ဘာမှမပြောင်း ဒုံရင်းဒုံရင်း၊ လူမွေးက မပြောင်၊ တဖြည်းဖြည်းပို၍ပို၍ကြပ်၊" သည်သို့တွေးပုံပေါ်သည်၊ ထိုအခါ စိတ်တိုင်းကမကျ၊ စိတ်မရှည်ကြတော့။

အောင်မြင်မှု၏ နံပါတ်တစ်လျှို့ဝှက်ချက်က စိတ်ရှည်ခြင်းဖြစ်သည်၊ စိတ်ရှည်သူတွေ အောင်မြင်ကြသည်၊ စိတ်တိုသူတွေ ကျရှုံးကြသည်၊ စိတ်ရှည်ခြင်းကြောင့် အမှားအယွင်းမဖြစ်နိုင်၊ စိတ်တိုလျှင်တော့၊ စိတ်တိုတိုနှင့်ပြောလျှင် လုပ်လျှင်တော့ အမှားတွေဖို့သာများသည်၊ ထို့ကြောင့် မည်သည့်ကိစ္စမဆို အောင်မြင်မှုပန်းတိုင်ရောက်ဖို့အတွက် စိတ်ရှည်ရှည်ထားရမည်၊ စိတ်ရှည်ရှည်နှင့် ခရီးဆက်ရမည်။

အောင်မြင်မှုက တောင်းဆိုသည်မှာ ပထမတန်းစားအရည်အသွေးမဟုတ်၊ ပထမတန်းစားဓွဲဟု ဆိုပါသည်၊ နယ်ပယ်အသီးသီး၌

အောင်မြင်သူအများစုသည် ပထမတန်းစား ဉာဏ်ရည်ဉာဏ်သွေး ပိုင်ရှင်များ မဟုတ်ကြ၊ ပထမတန်းစား ဇွဲပိုင်ရှင်များသာဖြစ်ကြသည်၊ ဇွဲကိုမူတည် အောင်ရမည်ဆိုသည့်အတိုင်း ဇွဲရှိသူတွေ၊ ဇွဲကောင်းသူတွေ လိုရာပန်းတိုင် ရောက်ရှိနိုင်ကြသည်၊ ဇွဲကို မြန်မာအဘိဓာန်က "အလုပ်တစ်ခုခုကို အားမလျှော့ဘဲ စွဲစွဲမြဲမြဲလုပ်ဆောင်နိုင်သော သတ္တိ" ဟုဖွင့်သည်၊ ထို့ကြောင့် ဇွဲသတ္တိဟု ဇွဲကိုပင် သတ္တိထည့်၍ သုံးကြသည်၊ ဇွဲ၌ သတ္တိပါသည်၊ မိမိအလုပ်ကို အမြဲတမ်းကြိုကြိုတင် တင်ပြင်ပြင်ဆင်ဆင်ရှိခြင်းမျိုးကို ဝီရိယကောင်းသည်ဟု ဆိုကြသည်၊ မဖြစ်မနေ၊ မရမနေ၊ မပြီးမချင်း ပြီးဆုံးသည်အထိ နောက်ပိုင်းဆွဲခြင်းကို ဇွဲကောင်းခြင်းဟု ခေါ်ကြသည်၊ ဇွဲ၌ ဝီရိယလည်းပါသည်၊ လုံ့လလည်းပါသည်၊ သတ္တိလည်းပါသည်၊ အဓိဋ္ဌာနလည်းပါသည်၊ ဇွဲ၏ဆုလာဘ်ကား အောင်မြင်မှုမှတပါး အခြားမရှိ။

ပညာကို အလေးပေးသော ပညာဓိကဘုရားအလောင်းတို့သည် လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်း ကြာမြင့်သည်အထိ ပါရမီဖြည့်ကြသည်၊ သဒ္ဓါတရားအလေးပေးသော သဒ္ဓါဓိကဘုရားအလောင်းတို့သည် ရှစ်အသင်္ချေနှင့်ကမ္ဘာတစ်သိန်း ကြာမြင့်သည်အထိ ပါရမီဖြည့်ကြသည်၊ ဝီရိယကို အလေးပေးသော ဝီရိယာဓိကဘုရားအလောင်းတို့သည် တစ်ဆယ့်ခြောက်အသင်္ချေနှင့်ကမ္ဘာတစ်သိန်း ကြာမြင့်သည်အထိ ပါရမီဖြည့်ကြသည်၊ အဘယ်မျှကောင်းသောဇွဲပါနည်း၊ သာမန်လူသားတို့အဖို့ တွေးပင်မတွေးဝံ့စရာ၊ ကြံစည်ပင် မကြံစည်ဝံ့စရာ၊ အနှိုင်းမရှိ၊ အတုမရှိသောဇွဲပါပေတည်း၊ ကြည်ညိုနိုင်ဖို့၊ အတုယူအားကျဖို့ဖြစ်ပါသည်။

အောင်မြင်မှု၏ နောက်ဆုံးလျှို့ဝှက်ချက်က သည်းခံမှုဖြစ်

သည်၊ လောကီရေးရာ၌ ခန္တီအားကောင်းသူတွေ အောင်မြင်ကြသည်၊ လောကုတ်၌ အထူးပြောဖွယ်မရှိ၊ မဟာစည်ဆရာတော်ဘုရားကြီး ခန္တီပါရမီပြည့်သည်၊ မင်းကွန်းဆရာတော်ဘုရားကြီး ခန္တီပါရမီပြည့်သည်၊ မဟာစည်ဆရာတော်က "တချို့က မဟုတ်ရင် မခံဘူးလို့ ပြောကြတယ်၊ သည်းခံတယ်ဆိုတာ မဟုတ်တာကိုဘဲ သည်းခံရတာလေ၊ ဟုတ်တာက သည်းခံဖို့မှ မလိုတာပဲ၊ သည်းခံတယ်ဆိုတာ သူက ကိုယ့်ကိုသည်းခံရတယ်ဆိုတာ မကောင်းဘူး၊ ကိုယ်က သူ့ကို သည်းခံလိုက်ရတာပဲ ကောင်းပါတယ်" ဟု မိန့်ခဲ့သည်။

ချင်းချင်းဆက်ဆံ
သည်းညည်းခံ
အမှန်လိုအပ်သည်။
ကျေးဇူးမကင်း ပြစ်မကင်း
ချင်းချင်းရှိတတ်သည်။
ကျေးဇူးမြော်မြင် ပြစ်မတင်
ကြည်လင်ချမ်းမြေ့သည်။
ချမ်းသာလိုရာ များသူငါ
မေတ္တာခန္တီရှိရမည်။
(မစိုးရိမ်ဦးတိဿ၊ ဝက်လက်)

ခန္တီအထမြောက်ဖို့အတွက် စိတ်ရှည်ဖို့ လိုသည်၊ မေတ္တာထားနိုင်ဖို့ လိုသည်၊ စိတ်ရှည်သူသာ သည်းခံနိုင်သည်၊ မေတ္တာဓာတ်ခံအားကောင်းသူသာ သည်းခံနိုင်သည်၊ "ခန္တီစ-မနိုင်လို့ သည်းခံရခြင်းလည်းကောင်း" ဟု တချို့က သရော်သလိုဆိုကြသည်၊ မနိုင်လို့ သည်းခံရခြင်းက ခန္တီအစစ်မဟုတ်၊ ခန္တီအစစ်က မေတ္တာပါရသည်၊ သဘော

ထားကြီးမှု အခြေပြုရသည်၊ စိတ်နေမြင့်မြတ်မှု အခြေပြုရသည်၊ ခန္တီဟူသည် စိတ်၏ ခံနိုင်ရည်ရှိမှုတစ်မျိုးဖြစ်သည်၊ ထို့ကြောင့် ခန္တီသည် ဒုက္ခကို ခံနိုင်ရည်ရှိသလို သုခကိုလည်း ခံနိုင်ရည်ရှိရသည်၊ အကောင်းအဆိုးလောကဓံရှစ်ပါးကိုလည်း ခံနိုင်ရည်ရှိရသည်။

စိတ်ရှည်၊ ဇွဲသန်၊ သည်းညည်းခံ ပြုရန်အရာရာ၊ လူတိုင်းတစ်ခုခုကိုတော့ ပြုနေကြသည်၊ သာသနာပြု၊ စာပြု၊ ကျမ်းပြု၊ အများကောင်းကျိုးပြု၊ တိုင်းပြု၊ ပြည်ပြု စသည်စသည်၊ မည်သည့်အရာကိုပဲ ပြုသည်ဖြစ်စေ၊ စိတ်ရှည်ဖို့ လိုပါသည်၊ ဇွဲသန်ဖို့ လိုပါသည်၊ သည်းညည်းခံဖို့ လိုပါသည်၊ စိတ်ရှည်သူတို့၊ ဇွဲသန်သူတို့၊ သည်းညည်းခံနိုင်သူတို့ အောင်မြင်မှုပန်းတိုင်သို့ ရောက်ကြသည်။ ။

## နိဝရဏ - ပိတ်ဆို့ခြင်း

သယ်န်းကျွန်း၌ အခြေချခဲ့သည်မှာ ဆယ့်ရှစ်နှစ်ကျော်ကြာခဲ့ပြီ၊ ၁၉၉၂ ခုနှစ်၊ ဇွန်လပိုင်းက သယ်န်းကျွန်းကို ရောက်ခဲ့သည်၊ အနေကြာလာတော့လည်း ကိုယ့်နေရာလေးသည်သာ ကိုယ့်အတွက် အကောင်းဆုံး၊ တခြားတစ်နေရာကို ညဥ့်အိပ်ညဥ့်နေသွားဖို့ဆိုသည်မှာ အတော်ဝန်လေးသည်၊ ကိုယ့်နေရာလေးသည်သာ ကိုယ့်အတွက် ဝိမုတ္တိသုခအပြည့်အဝ၊ ထို့ကြောင့် အစဉ်အလာ ဘာသာရေးအခမ်းအနားပွဲကြီးလမ်းကြီးတွေကို အတတ်နိုင်ဆုံးရှောင်သည်၊ ရပ်ထဲရွာထဲ ဆွမ်းစားကွမ်းစား လိုက်ဖို့ကို အတော်ဝန်လေးသည်၊ မလွှဲသာမှ မျက်နှာနာမှသာ လိုက်ဖြစ်သည်။

သယ်န်းကျွန်းဆိုသည်မှာ ဟိုရှေးယခင်က အတော်စိတ်ဝင်စားစရာမကောင်းသော သယ်န်းကျွန်းဖြစ်ခဲ့ဟန်ရှိသည်၊ သူငယ်ချင်းတစ်ပါးက သူ့ဆီကို လိပ်စာတောင်းသူရှိလျှင် သယ်န်းကျွန်းလိပ်စာနှင့် ပေးခဲ့သတဲ့၊ အဘယ်ကြောင့်ဆိုသော် အများစုက သယ်န်းကျွန်းဆိုလျှင် အထင်က ခပ်သေးသေး၊ သယ်န်းကျွန်းဆိုလျှင် အများစုက စိတ်မဝင်စားကြ၊ သယ်န်းကျွန်းဆိုလျှင် ရထားလမ်းဘေးက တဲအိုတဲ

စုတ်လေးတွေပဲ ပြေး၍ မြင်ယောင်ကြသည်၊ ထို့ကြောင့် သဃ်န်းကျွန်း ဆိုလျှင် ဘယ်သူမှ သိပ်မလာချင်ကြ၊ မြို့ထဲကအပြန် တချို့တက္ကစီ သမားတွေတောင် သဃ်န်းကျွန်းဆိုလျှင် သိပ်မလိုက်ချင်သူတွေ ယခု ထိ တွေ့နေရဆဲ။

ယခု သဃ်န်းကျွန်းသည် ဟိုလွန်ခဲ့သောအနှစ်နှစ်ဆယ်က သဃ်န်းကျွန်းမဟုတ်တော့၊ စံပြဆေးရုံကြီး ကောင်းမှကောင်း၊ စံပြဈေး ကြီး ကောင်းမှကောင်း၊ သဃ်န်းကျွန်းဈေးကြီးလည်း မကြာမီကောင်း တော့မည်၊ မေခမလိခအိမ်ရာ၊ ရွှေကိန္နရီအိမ်ရာ၊ သုမင်္ဂလာအိမ်ရာ၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာအိမ်ရာ၊ နှင်းဥယျာဉ်အိမ်ရာစသည် စသည် လုံးချင်းအိမ်ရာတွေ ကောင်းမှကောင်း၊ သို့သော် ထိုအိမ်ရာ တွေနားဖြတ်သွားလျှင် ဗမာစကား ပီပီသသကိုတော့ ကြားရခဲသည်၊ လမ်းမတန်းတွေ၊ ရပ်ကွက်အတွင်းတွေမှာလည်း အထပ်မြင့်တိုက်တွေ၊ ဇဝနစီးတီးမတ်နှင့် ဝေဇယန္တာ၊ ကွစ္စိတံ (orange)ကုန်တိုက်နှင့် စည်စည်ကားကား၊ လွန်ခဲ့သောအနှစ်နှစ်ဆယ်က သဃ်န်းကျွန်းနေသူ တို့သည် စူပါဆလွန်းလောက်သာ အမြင့်ဆုံးထား၍ စီးနိုင်ကြသည်၊ ယခုတော့ ရပ်ကွက်တိုင်းလိုလိုမှာ လင်ခရူဇာလည်းမရှား၊ ပါဂျဲဒိုို လည်းမရှား၊ အကောင်းစားကားတွေတဝီဝီနှင့်၊ ထိုမြင်ကွင်းတွေအရ အကောင်းဘက်မှနေ၍ ရှုမြင်နိုင်သည်ကတော့ အမှန်ပင်။

သဃ်န်းကျွန်းသည် ဟိုရှေးယခင်ကလိုမျိုး အနုတ်စုတ်ကုတ် စုတ်သဃ်န်းကျွန်းမဟုတ်တော့၊ အတိုင်းအတာတစ်ခုအထိ ခေတ်မီ သော၊ တိုးတက်သော၊ ဖွံ့ဖြိုးသော၊ နေချင့်စဖွယ်နေရာတွေ မြောက် မြားစွာရှိသော သဃ်န်းကျွန်းဖြစ်၍လာခဲ့ပြီ၊ မြို့သစ်တွေအပါအဝင် ရန်ကုန်မြေပုံသစ်ကို ကြည့်လျှင် သဃ်န်းကျွန်း ၁၆ ရပ်ကွက်၊ သုမန

လမ်းထိပ်နှင့် သုမင်္ဂလလမ်းဆုံရာသည် ရန်ကုန်မြို့လယ်ဟူ၍ သတ်မှတ်နိုင်သည်။

သို့သော်. . . မြို့ထဲမှအပြန် လေးထောင့်ကန်လမ်းမကြီး ဇဝနစီးတီးမတ်လမ်းဆုံ၊ ၄၉ ကားလိုင်းပြေးဆွဲရာ တောင်ဥက္ကလာဘက်အချိုး၊ သုမင်္ဂလလမ်း၊ ဇဝနမှတ်တိုင်မှာ သယ်န်းကျွန်းရောက်ကတည်းက ယခုထက်တိုင် တွေ့ကြုံခံစားနေရသည့် ဒုက္ခဝေဒနာကတော့ လမ်းပိတ်ဆို့မှုပင်၊ မှတ်တိုင်ဆိုသော်လည်း လိုင်းကားများအောက်ချရပ်စရာ နေရာသီးသန့်မရှိ၊ ထိုအခါ ၄၉၊ ၃၆၊ ၉၆ စသောလိုင်းကားတွေက လမ်းပေါ်မှာပဲ ပိတ်၍ရပ်နေကြသည်၊ လမ်းမကြီးဘက်ကလာသော အိမ်စီးကားတွေမှာလည်း ဘာမှမပြောရဲ၊ သူတို့မထွက်မချင်း နောက်ကနေ သည်လိုပဲ ခန္တီစ-မနိုင်လို့ သည်းခံရခြင်းနှင့် ကျိတ်မှိတ်ခံခဲ့ရသည်မှာ ကာလကြာလေပြီ။

အလိုက်သိမှု၊ ကိုယ်ချင်းစာတတ်မှု၊ လူလူချင်းလေးစားတတ်မှု၊ ထိုသဘောတရားသုံးမျိုးတို့မှ ဆင့်ပွားလာသော အားနာတတ်မှုတို့သည် လူ့ယဉ်ကျေးမှုမဏ္ဍိုင်ဖြစ်သည်၊ ထိုသဘောတရားတွေကင်းဆိတ်နေသူတို့သည် လူရိုင်းတို့သာတည်း၊ အလိုက်မသိတတ်သူမျိုးနှင့် ကြုံရသောအခါ၊ ကိုယ်ချင်းစာတရား ခေါင်းပါးသူမျိုးနှင့် ဆုံရသောအခါ၊ လူလူချင်းလေးစားသမှု မရှိသူမျိုးနှင့် တွေ့ရသောအခါ၊ အားနာသင့်သည်မျိုး၌ အားမနာတတ်သူ၊ အားနာရကောင်းမှန်းမသိသူတို့နှင့် ပေါင်းသင်းဆက်ဆံရသောအခါ တစ်ဘက်လူမှာ စိတ်အနှောင့်အယှက် တော်တော်ဖြစ်ရသည်၊ စိတ်ကသိကအောက် တော်တော်ဖြစ်ရသည်၊ တော်တော်စိတ်ဆင်းရဲရသည်။

ကားလမ်းမတွေမှာ "ဘာကြောင့်ရပ်ရပ် ဘေးချရပ်" ဆို

သော ဆိုင်းဘုတ်တွေ တွေ့ဖူးပါလိမ့်မည်၊ ဤကား သူ့အခွင့်အရေး လေးစားဖို့ပင်ဖြစ်သည်၊ မိမိကားက လမ်းပေါ်ပိတ်ရပ်ထားလျှင် နောက်ကားမှာ အနှောင့်အယှက်ဖြစ်ပေလိမ့်မည်၊ ကားမောင်းသူများ အနေနှင့် လမ်းပေါ်ကားရပ်ဖို့ကြုံတိုင်း အဘယ်အကြောင်းကြောင့် ရပ်သည်ဖြစ်စေ လမ်းဘေးချ၍ ရပ်ရမည်၊ သူ့အခွင့်အရေး လေးစားရမည်၊ ယာဉ်စည်းကမ်းလည်း ဟုတ်သည်၊ ပြည်သူ့နီတိလည်း ဟုတ်သည်၊ ယဉ်ကျေးမှုလည်း ဖြစ်သည်၊ အသိတရားဟူသည် ထိုမှစ၍ သိရမည်။

ဝိုင်းနှင့် ခြံနှင့် ကားနှင့်နေသူတို့၏ ခြံတံခါးဝမှာ "ကားအဝင် အထွက်ရှိသည်၊ ခြံရှေ့၌ ကားပိတ်မရပ်ရ" ဟူသော ဆိုင်းဘုတ်ကို လည်း လမ်းမတွေဘေးအများစုမှာ တွေ့ဖူးပါလိမ့်မည်၊ အလိုက်မသိ တတ်သူတွေ၊ တစ်ဖက်သားကို လေးစားရကောင်းမှန်းမသိသူတွေ ကြောင့် ဤသို့ စာနှင့်ပေနှင့် ရေးနေရခြင်း ဖြစ်ပေလိမ့်မည်။

တစ်ခါက အညာမှာ ခရီးသွားစဉ်က တောလမ်းမြေနုလမ်း တစ်နေရာမှာ ဘုရားဖူးကားတန်းကြီး တောင့်ခံနေသည်၊ ရှေ့ကို သိပ်မရွေ့နိုင်ကြ၊ ကျော်တက်လို့လည်း မဖြစ်၊ ရှေ့ဆုံးမှာက ချက် ပလက် ထရပ်ကားကုန်တင်ကားကြီးက တစ်လိမ့်ချင်းလိမ့်နေသည်၊ လမ်းကျဉ်းသည်ဆိုသော်လည်း ကုန်တင်ကားကြီးက လမ်းဘေးနည်း နည်းချပေးလျှင် နောက်ကားတွေ ကျော်တက်၍ ရှောင်ရှားသွား နိုင်သည်၊ သို့သော် ထိုကုန်တင်ကားကြီးမောင်းသူက အလိုက်မသိ၊ ကိုယ်ချင်းစာစိတ်မရှိ၊ စာနာမှုမရှိ၊ ငဲ့ညှာမှုမရှိ၊ အားနာမှုမရှိ၊ သူ့ နောက်မှာတော့ သိန်းထောင်ချီတန်သောကားတွေ၊ တစ်ထောင်နီး ပါးမျှတန်သောကားတွေ၊ ဘုရားဖူးကားတွေ၊ ခရီးသည်တင်ကားတွေ

မှာဖြင့် ဖုံအလိမ်းလိမ်းနှင့် ဒုက္ခဝေဒနာမျိုးစုံကို စုပြုံခံစားနေကြရသည်။

တစ်ခါတစ်ခါ မိမိကျောင်းရှေ့ ကားပိတ်ရပ်ထားသည်ကို တွေ့ရလျှင် စိတ်ထဲမှာ မကြိုက်မနှစ်သက်၊ မနှစ်မြို့မှု ဖြစ်မိသည်ကတော့ အမှန်၊ "တော်တော်အလိုက်မသိတဲ့ကောင်တွေ၊ တော်တော်မိုက်ရိုင်းတဲ့ကောင်တွေ" ဟု စိတ်ထဲမှာ ကောက်ချက်ချမိတာကလည်း အမှန်၊ လိုင်းကားစီးသည့်အခါမျိုးမှာလည်း အပေါက်ပိတ်မရပ်မိဖို့ အထူးသတိထားရမည်၊ အပေါက်ပိတ်ရပ်မိလျှင်တော့ စပယ်ယာ၏ ကျိန်ဆဲမှု၊ ငေါက်ငန်းမာန်မဲမှု သေချာပေါက်ခံရဖို့ရှိသည်၊ သူတပါး၏ ရှေ့မှ သို့မဟုတ် သူတပါး၏ ရပ်တည်ခွင့်၊ ရှင်သန်ခွင့်၊ လှုပ်ရှားခွင့်ကို ပိတ်ပင်ခြင်း၊ ပိတ်ဆို့ခြင်းသည် လောကအတွက်လည်း မကောင်း၊ သံသရာအတွက်လည်း မကောင်းချေ။

ဘုရားကတော့ ပိတ်သင့်သည်ကို ပိတ်ဖို့၊ ဖွင့်သင့်သည်ကို ဖွင့်ဖို့ အမြဲတိုက်တွန်းမှာကြားသည်၊ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဒွါရခြောက်ပါး၊ တံခါးခြောက်ပေါက် လုံခြုံအောင် ပိတ်ဆို့ထားဖို့ အမြဲသတိပေးမှာကြားသည်၊ မျက်စိပေါက်မှလည်း လောဘဒေါသစသည့်အကုသိုလ်တွေ မဝင်စေဖို့ (မဖြစ်စေဖို့)၊ နားပေါက်စသည်တို့မှလည်း လောဘဒေါသစသည့် အကုသိုလ်တွေ မဝင်စေဖို့ (မဖြစ်စေဖို့)၊ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ-မြင်လျှင်မြင်ကာမျှ၊ သုတေ သုတမတ္တံ-ကြားလျှင်ကြားကာမျှ ရှေ့မဆက်ဖို့၊ ဤမှာပဲ အဆက်ဖြတ်ဖို့ သတိပေးမှာကြားသည်၊ ဤကား ပိတ်သင့်သည်ကို ပိတ်ဖို့အတွက်ဖြစ်သည်။

ဖွင့်သင့်သည်ကို ဖွင့်ဖို့ရာ၌ နီဝရဏငါးပါး ဟောကြားတော်မူသည်၊ နီဝရဏဟူသည် ပိတ်ဆို့ထားသောတရားများဖြစ်သည်၊

ကာမစ္ဆန္ဒနီဝရဏ-ရာထူးဂုဏ်သိန်စည်းစိမ်ဥစ္စာ အာရုံငါးပါး ကာမဂုဏ်တရားတို့ကို လိုချင်တပ်မက်သောလောဘသည် အပိတ်အဆို့တစ်ပါးဖြစ်သည်၊ ဗျာပါဒနီဝရဏ-ဒေါသဗျာပါဒသည် အပိတ်အဆို့တစ်ပါးဖြစ်သည်၊ ထိနမိဒ္ဓနီဝရဏ-ထိုင်းမှိုင်းခြင်း၊ လေးလံခြင်းသည် အပိတ်အဆို့တစ်ပါးဖြစ်သည်၊ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ-စိတ်ပျံ့လွင့်ခြင်း၊ စိတ်မတည်ငြိမ်ခြင်း၊ နောင်တပူပန်ခြင်းသည် အပိတ်အဆို့တစ်ပါးဖြစ်သည်၊ ဝိစိကိစ္ဆာနီဝရဏ-ဟုတ်မှန်သောသဘောကို စုံစမ်းသော်မဆုံးဖြတ်နိုင်ခြင်းကြောင့် ပင်ပန်းရသောသဘောရှိသော ဝိစိကိစ္ဆာသည် အပိတ်အဆို့တစ်ပါးဖြစ်သည်၊ အဝိဇ္ဇာနီဝရဏ-ဟုတ်မှန်သောသဘောကို မသိတတ်သောမောဟသည် အပိတ်အဆို့တစ်ပါးဖြစ်သည်။

မိမိတို့သည် သူများပိတ်ထားတာကိုတော့ မြင်ကြသည်၊ ပြောကြသည်၊ မိမိကိုယ်တိုင်ကလည်း ပိတ်ထားတာပါလား ဆိုတာကိုတော့ မသိကြ၊ မမြင်ကြ၊ မပြောကြ၊ အမှန်ကတော့ မိမိတို့လမ်းကို မိမိတို့ကိုယ်တိုင် ပိတ်ထားခြင်းဖြစ်သည်၊ မိမိတို့ထွက်ပေါက်ကို မိမိတို့ကိုယ်တိုင် ပိတ်ထားခြင်းဖြစ်သည်၊ မိမိတို့၏ လောဘဒေါသမောဟတွေ၊ မိမိတို့၏အတ္တတွေ၊ မာနတွေ၊ မိမိတို့၏ ဣဿာတွေ၊ မစ္ဆရိယတွေက မိမိတို့၏လမ်းကို ပိတ်ထားသည်၊ မိမိတို့၏ထွက်ပေါက်ကို ပိတ်ထားသည်၊ မိမိကိုယ်ကို ပြန်ပိတ်သလို သူများကိုလည်း ပိတ်ထားသည်၊ ပိတ်ထားရာရောက်သည်။

ဘုရားက လောဘဒေါသစသည်တို့ မဝင်နိုင်အောင် ဣန္ဒြေခြောက်ပါး၊ တံခါးခြောက်ပေါက်ကို ပိတ်ခိုင်းသည်၊ သတ္တဝါတွေက ထိုလောဘဒေါသစသည်တို့နှင့်ပဲ တံခါးခြောက်ပေါက်ကို ပိတ်ထား

သည်၊ မျက်စိကလည်း ထိုလောဘဒေါသစသည်တို့နှင့် ပိတ်ဆို့နေခြင်းကြောင့် အမှန်ကို မမြင်၊ အမှန်ကို မသိ၊ နားကလည်း ထိုလောဘဒေါသစသည်တို့နှင့် ပိတ်ဆို့နေခြင်းကြောင့် အမှန်ကို မကြား၊ အမှန်ကို မကြားလို၊ မနာလို၊ အမှန်ကို မသိ၊ အမှန်ကို မမြင်နိုင်၊ အမှန်ကို မကြားနိုင်၊ အမှန်ကို မလုပ်နိုင်၊ အမှန်ကို မပြောနိုင်၊ အမှန်ကို မတွေးနိုင်ခြင်းသည် ထိုလောဘဒေါသမောဟစသည်တို့က ပိတ်ဆို့ထားခြင်းကြောင့်ဖြစ်သည်။

မိမိတို့သည် ကိုယ့်ကိုယ်ကိုယ် ချောင်ပိတ်ထားသည်၊ ကိုယ့်ကိုယ်ကိုယ် ချောင်၌ ပိတ်မိနေအောင် မိမိကိုယ်တိုင်က ပိတ်ထားခြင်းဖြစ်သည်၊ စိတ်တံခါး ပိတ်မထားပါနှင့်၊ စိတ်တံခါးကို ဖွင့်ထားပါ၊ ကိုယ့်ထွက်ပေါက်ကို ကိုယ်ကိုယ်တိုင်ဖောက်ထွက်ပါ၊ စိတ်တံခါး၌ ပိတ်ထားသော အပိတ်အဆို့ လောဘ ဒေါသ မောဟ အတ္တ မာနစသည်တို့ကို ဖယ်ပါ၊ ခွာပါ၊ တံခါးပွင့်လာပါလိမ့်မည်၊ ထွက်ပေါက်တွေ့ရပါလိမ့်မည်။

ပိတ်ထားသောစိတ်တံခါးကို မည်သို့ဖွင့်မည်နည်း၊ သီလနှင့်ဖွင့်ပါ၊ မှန်ပါသည်၊ သီလသော့တစ်ချောင်းတည်းနှင့် ဖွင့်လို့ရပါသည်၊ သီလဟူသည် သူတော်ကောင်းတို့၏ အလေ့အထ၊ သူတော်ကောင်းတို့၏ အလေ့အကျင့်၊ သူတော်ကောင်းတို့၏ အမူအကျင့်ဖြစ်သည်၊ ချစ်ခင်ခြင်း၊ ကြင်နာခြင်း၊ သနားခြင်း၊ ကိုယ်ချင်းစာတရားထားရှိခြင်း၊ ကူညီခြင်း၊ ရိုင်းပင်းခြင်း၊ စောင့်ရှောက်ခြင်း၊ သူတပါးကောင်းကျိုးဆောင်ရွက်ခြင်း၊ ဤသို့ ရိုးရှင်းသောအကျင့်မြတ်တို့ဖြင့်သာ အပိတ်အဆို့တို့ကို ဖယ်ခွာနိုင်ပါသည်၊ ထွက်ပေါက်ကို ရှာတွေ့နိုင်ပါသည်၊ ထွက်ပေါက်ကို လမ်းညွှန်နိုင်ပါသည်၊ စိတ်တံခါး ပိတ်မထားကြပါနှင့်၊ စိတ်တံခါး ဖွင့်ထားကြပါ။ ။

## ပညာသည်သာ မြတ်နိုးအပ်သောအရာ

ရွှေသည် ချစ်စရာကောင်းသည်၊ ငွေသည် ချစ်စရာကောင်းသည်၊ ဂုဏ်သည် ချစ်စရာကောင်းသည်၊ ရာထူးဌာနန္တရသည် ချစ်စရာကောင်းသည်၊ စည်းစိမ်ဥစ္စာသည် ချစ်စရာကောင်းသည်၊ လုပ်ပိုင်ခွင့်အာဏာသည် ချစ်စရာကောင်းသည်၊ ထိုထိုအရာတို့ထက် ပို၍ ချစ်စရာကောင်းသည်က ပညာသာဖြစ်သည်။

ရွှေသည် မြတ်နိုးအပ်သောအရာဖြစ်သည်၊ ငွေသည် မြတ်နိုးအပ်သောအရာဖြစ်သည်၊ ဂုဏ်သည် မြတ်နိုးအပ်သော အရာဖြစ်သည်၊ ရာထူးဌာနန္တရသည် မြတ်နိုးအပ်သောအရာဖြစ်သည်၊ စည်းစိမ်ဥစ္စာသည် မြတ်နိုးအပ်သောအရာဖြစ်သည်၊ လုပ်ပိုင်ခွင့်အာဏာသည် မြတ်နိုးအပ်သောအရာဖြစ်သည်၊ ထိုထိုသို့သော မြတ်နိုးဖွယ်တို့ထက် ပို၍ မြတ်နိုးအပ်သောအရာကား ပညာသာဖြစ်သည်။

ပညာဟူသည် မူရင်းက ပါဠိဝေါဟာရဖြစ်သည်၊ မြန်မာက မွေးစားစကားလုံးအဖြစ် မွေးစား၍ ယူထားသည်၊ မြန်မာလိုလည်း

ပညာဟုပင် ခေါ်ဝေါ်နေကြသည်၊ သူ၏အဓိပ္ပာယ်ကား နက်နဲကျယ်ဝန်းလှသည်၊ ပညာကို တိပိဋကပါဠိမြန်မာအဘိဓာန်က "အထူးထူး၊ အပြားပြားအားဖြင့် ဝေဖန်၊ ပိုင်းခြား၊ စဉ်းစား၊ ဆင်ခြင် သိမြင်တတ်သော သဘောတရား၊ အသိ၊ အလိမ္မာ၊ ဉာဏ်ပညာ" ဟု ဖွင့်သည်။

ပညာ၌ ပ,က "အထူးထူး၊ သို့မဟုတ် အပြားပြား" ဟု အဓိပ္ပာယ်ထွက်သည်၊ ညာ,က သိခြင်းဖြစ်သည်၊ အထူးထူးအပြားပြား ဝေဖန်၍ သိခြင်းသည် ပညာဖြစ်သည်၊ အထူးထူးအပြားပြား ပိုင်းခြား၍သိခြင်းသည် ပညာဖြစ်သည်၊ အထူးထူးအပြားပြား စဉ်းစား၍ သိခြင်းသည် ပညာဖြစ်သည်၊ အထူးထူးအပြားပြား ဆင်ခြင်၍သိခြင်းသည် ပညာဖြစ်သည်။

ပညာသည် ဝေဖန်သည်၊ ပညာသည် ပိုင်းခြားသည်၊ ပညာသည် စဉ်းစားသည်၊ ပညာသည် ဆင်ခြင်သည်၊ ပညာသည် အသိဖြစ်သည်၊ ပညာသည် အလိမ္မာဖြစ်သည်၊ ပညာသည် ဉာဏ်ဖြစ်သည်၊ ထို့ကြောင့် ပါဠိသက်ဝေါဟာရအဘိဓာန်က ပညာကို ဖွင့်ပြရာတွင် "အသိဉာဏ်၊ အပြားအားဖြင့်သိတတ်သောဉာဏ်၊ ဆည်းပူးရသော အသိဉာဏ်၊ အသိဉာဏ်ကို ရရာရကြောင်းရှာဖွေဆည်းပူးအပ်သော အတတ်" ဟု ဖွင့်သည်။

အသိ၊ အလိမ္မာ၊ ဉာဏ်၊ ပညာဟူသည် အဓိပ္ပာယ်ကတော့ အတူတူပင်ဖြစ်သည်၊ အသိသည် ဉာဏ်၊ ဉာဏ်သည် အသိ၊ အသိသည် ပညာ၊ ပညာသည် အသိ၊ ဉာဏ်သည် ပညာ၊ ပညာသည် ဉာဏ်၊ အရာရာ၌ ကောင်းစွာထိုးထွင်း၍ သိတတ်သော အသိ၊ အလိမ္မာသည် "ဇာနာတီတိ ဉာဏံ" ဟူသော ဝစနတ္ထအရ "ဉာဏ်" ဟု ခေါ်ရသည်။

ထိုဉာဏ်သည် အရာရာ၌ မဖြစ်ဖြစ်အောင် ကြံဆောင်တတ်

သော အနက်သဘောရှိသောကြောင့် "ဓီ" ဟု ခေါ်၏၊ "ဓီ" ဟု ခေါ်ဆိုအပ်သောဉာဏ်သည် အရာရာ၌ မဖြစ်ဖြစ်အောင် ကြံဆောင်တတ်၏။

ထိုဉာဏ်သည် လွန်စွာထင်ရှားကျော်စောတတ်သော အနက်သဘောရှိသောကြောင့် "ပညာ" ဟု အမည်ရ၏၊ ပညာတွေတတ်လျှင် ထင်ရှား၏၊ ကျော်ကြား၏၊ ပညာရှိလျှင် ပို၍ ထင်ရှားကျော်ကြား၏။

ထိုဉာဏ်သည် အရာရာ၌ ကောင်းစွာသိတတ်သော အနက်သဘောကြောင့် "ဗုဒ္ဓိ မတိ မုတိ ဝိဇ္ဇာ မန္တာ" ဟု အမည်ရ၏၊ ဉာဏ်သည် ညစ်ညူးစေတတ်သောကိလေသာတို့ကို သတ်တတ်သော အနက်သဘောရှိသောကြောင့် "မေဓာ" ဟု အမည်ရ၏။

ထိုဉာဏ်သည် ကောင်းသောအကျိုးစီးပွား၌ မွေ့လျော်တတ်သောအနက်သဘောရှိသောကြောင့် "ဘူရိ" ဟု အမည်ရ၏၊ ဉာဏ်သည် ကောင်းသောအကျိုးစီးပွား၌ မွေ့လျော်တတ်၏၊ ထိုဉာဏ်သည် သိသင့်သိထိုက်သောတရားတို့၌ ကောင်းစွာ ဖြစ်တတ်သောကြောင့် "ယောနိ" ဟု အမည်ရ၏။

ထိုဉာဏ်သည် သိအပ်သောတရားတို့ကို ရှေ့ရှုထင်စေတတ်သောအနက်သဘောကြောင့် "ပဋိဘာန" ဟု အမည်ရ၏၊ ထိုဉာဏ်သည် မတွေဝေတတ်သော အနက်သဘောကြောင့် "အမောဟ" ဟု အမည်ရ၏၊ အဘိဓာန်စာကိုယ်နှင့်တကွ ထိုထိုသုတ္တန်ပါဠိတော်တို့၌ ဤသို့ မိန့်ဆိုတော်မူအပ်၏။

ဓမ္မသင်္ဂဏီစသောပါဠိတော်တို့၌ ဤသို့ မိန့်တော်မူအပ်၏၊ ဉာဏ်ပညာသည် ပဇနနာ-အပြားအားဖြင့် သိတတ်၏၊ ဝိစယ=

ပဝိစယ=ဓမ္မဝိစယ-ကောင်းမြတ်သောအကျိုးစီးပွားကို ပွားစေတတ်၏၊ သလ္လက္ခဏာ=ဥပလက္ခဏာ=ပစ္စုလက္ခဏာ- ကောင်းစွာမှတ်သားတတ်၏၊ ကောသလ္လံ-ပညာရှိဟူသောအမည်ကို ခံယူစေခြင်းငှာ စွမ်းနိုင်၏၊ နေပုညံ-သိမ်မွေ့သောသူဟူသောအမည်ကို ခံယူစေခြင်းငှာ စွမ်းနိုင်၏၊ ဝေဘဗျာ-အထူးဖြစ်တတ်သောအနက်သဘောရှိ၏။

ထိုဉာဏ်ပညာသည် စိန္တာ-မဖြစ်ဖြစ်အောင် ကောင်းစွာကြံဆောင်တတ်၏၊ မေဓာ-ကိလေသာတို့ကို မိုးကြိုးစက်ပမာ ကောင်းစွာနှိပ်စက်တတ်၏၊ ပရိဏာယိကာ-ထိုးထွင်း၍သိခြင်းသို့ ညွတ်တတ်၏၊ ဝိပဿနာ-အထူးသဖြင့် ရှုတတ်၏၊ ပတောဒေါ-နှင်တံနှင့်တူ၏၊ ဣန္ဒြိယံ-ယှဉ်ဘက်တရားတို့အပေါ်၌ အစိုးရ၏၊ ဗလံ-ဆန့်ကျင်ဘက်တရားတို့ကြောင့် မတုန်လှုပ်တတ်သောသဘောရှိ၏၊ သတ္ထံ-အမြောက်စိန်ပြောင်းစသောလက်နက်နှင့်တူ၏၊ ရတနာ-နှစ်သက်မွေ့လျော်ခြင်းကိုဖြစ်စေတတ်၏၊ အာလောကော=ဩဘာသော= ပဇ္ဇောတော-ဆီမီးရောင်တို့ထက် ဆထက်ထမ်းပိုး တိုး၍ ထွန်းလင်းတောက်ပ၏။

ထိုဉာဏ်ပညာသည် လောကီပညာ၊ လောကုတ္တရာပညာဟူ၍ နှစ်မျိုးရှိ၏၊ လူ့ချမ်းသာစသော ချမ်းသာအမျိုးမျိုးကို ပေးစွမ်းနိုင်သော လောကီကုသိုလ်ဉာဏ်ပညာနှင့်တကွ ဤလောက၌ နာယူသင်ကြားမှတ်သားအပ်သော လက်မှုပညာ၊ နှုတ်မှုပညာတို့သည် လောကီပညာမည်၏၊ မဂ်ဖိုလ်နှင့်ယှဉ်သောပညာသည် လောကုတ္တရာပညာမည်၏။

တစ်နည်း. . . ကမ္မဇပညာနှင့် ဝိရိယဇပညာဟူ၍ နှစ်ပါးရှိ၏၊ ရှေးဘဝက ဆည်းပူးအားထုတ်ခဲ့သော ကောင်းမှုကံ၏အစွမ်းဖြင့် ပဋိသန္ဓေနေသည်ကစ၍ ပဋိသန္ဓေစိတ်နှင့် ယှဉ်တွဲပါလာသော

အသိအလိမ္မာဉာဏ်ပညာသည် ကမ္မဇပညာမည်၏၊ လက်ရှိဘဝပဝတ္တိအခါ၌ ဝီရိယဖြင့် ကြိုးစားအားထုတ်၍ သင်ကြားဆည်းပူးအပ်သော အသိအလိမ္မာဉာဏ်ပညာသည် ဝီရိယဇပညာမည်၏။

ပါဠိတော်တို့၌ သုတမယပညာ၊ စိန္တာမယပညာ၊ ဘာဝနာမယပညာဟူ၍ သုံးမျိုးပြ၏၊ နာယူမှတ်သားသင်ကြား၍ သိခြင်းသည် သုတမယပညာဖြစ်၏၊ ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားဆင်ခြင်၍ သိခြင်းသည် စိန္တာမယပညာဖြစ်၏၊ ပွားများအားထုတ်မှုကြောင့် သိခြင်းသည် ဘာဝနာမယပညာဖြစ်၏၊ အာဠဝကဘီလူးက "ပညာရဖို့ အဘယ်သို့ကျင့်ရပါမည်နည်း" ဟု ဘုရားကို မေးလျှောက်တော့ ဘုရားက "ပညာရဖို့ နားထောင်ရမည်" ဟု မိန့်ခဲ့၏၊ ပညာရဖို့အတွက် မျက်စိထက်နားကိုပို၍ အသုံးပြုရ၏၊ မျက်စိအရှုံး နားအဆုံးဟူသောစကားကို သတိပြုအပ်၏။

အာဠဝကဘီလူးက " လောကမှာ အဘယ်ပုံအဘယ်နည်း အသက်မွေးခြင်းသည် အကောင်းဆုံးဖြစ်ပါသနည်း" ဟု မေးလျှောက်တော့ ဘုရားက "ပညာနှင့်အသက်မွေးခြင်းသည် အကောင်းမြတ်ဆုံးဖြစ်သည်" ဟု ဖြေကြားခဲ့သည်၊ ဤနေရာ၌ အဋ္ဌကထာဆရာက ဖွင့်တာက "ပစ္စုပ္ပန်သံသရာ နှစ်ဘက်မျှ၍မြင်သော၊ သို့မဟုတ် သူ့ဖို့ ကိုယ့်ဖို့ နှစ်ဖို့မျှ၍မြင်သောဒွိစက္ခုပုဂ္ဂိုလ်တို့၏ အသက်မွေးခြင်းသည် အကောင်းဆုံးဖြစ်သည်" ဟု ဖွင့်ပြသည်၊ ထို့ကြောင့် ပညာဟူသည် ပစ္စုပ္ပန်သံသရာ မျှ၍မြင်ခြင်း၊ သူ့ဖို့ ကိုယ့်ဖို့ မျှ၍မြင်ခြင်းဟု ဆိုရမည်၊ ထိုပညာနှင့်အသက်ရှင်ခြင်းသည် အကောင်းဆုံးဖြစ်သည်။

အာဠဝကဘီလူးက "လောကမှာ စင်ကြယ်အောင် အဘယ်ကဲ့သို့နေထိုင်ရပါမည်နည်း" ဟု မေးလျှောက်တော့ ဘုရားက "လော

ကမှာ စင်ကြယ်အောင် ပညာနှင့်သာ နေထိုင်ပါ" ဟု မိန့်ခဲ့ပြန်သည်၊ သာမန်ကြည့်လျှင်တော့ ဘဝမှာစင်ကြယ်ဖို့ သီလနှင့် နေထိုင်ရမည် ဟု အများစု ဖြေကြလိမ့်မည်ထင်သည်၊ ဘုရားကတော့ သီလနှင့် နေထိုင်ပါဟု မမိန့်ခဲ့၊ ပညာနှင့် နေထိုင်ပါဟု မိန့်သည်၊ ထူးတော့ထူး သည်။

"တက်ကပ်မှာ ပညာ၊ ဆုတ်ကပ်မှာ ဥစ္စာ" ဟု ဆိုကြသည်၊ ယခု ဆုတ်ကပ်ခါသမယဆိုတော့ ပညာထက် ဥစ္စာကို အလေးထား လာကြသည်၊ ပညာရေးသမားနှင့် စီးပွားရေးသမားနှစ်ဦးတွင် စီးပွား ရေးသမားကိုသာ အလေးထားလာကြသည်၊ ငွေရှိလျှင် မည်သည့် နေရာမဆို လူရာဝင်သလို ဖြစ်လာသည်၊ လူမျက်နှာကို မကြည့်၊ ငွေမျက်နှာကိုသာ ကြည့်လာကြသည်၊ ဆုတ်ကပ်မှာ ငွေက ပို၍ မျက်နှာ ပွင့်၊ ပို၍ အလေးသာလာသည်ကတော့ အမှန်ပင်ဖြစ်သည်။

သို့သော် စီးပွားရေးသမားက ငွေနှင့်သိက္ခာနှစ်ခုတွင် သိက္ခာ ကို အလေးမထား၊ ငွေကိုသာ အလေးထားသည်၊ အရာရာကို စီးပွား ရေးမျက်စိနှင့် ကြည့်တတ်သောအကျင့်ရှိသည်၊ အရာရာကို စီးပွား ရေးတွက် တွက်တတ်သောအကျင့်ရှိသည်၊ ဘယ်သူသေသေ ငတေမာ ပြီးရောဝါဒသည် စီးပွားရေးသမားအများစုထံမှ လာသည်၊ ထို့ကြောင့် စီးပွားရေးသမားဘဝက စင်ကြယ်ဖို့ခက်သည်။

စီးပွားရေးသမားက သိက္ခာကို ကျချင်ကျပါစေ၊ ငွေကိုတော့ အကျမခံ၊ ပညာရေးသမားက ငွေကိုသာ အကျခံမည်၊ သိက္ခာကိုတော့ အကျမခံ၊ စီးပွားရေးသမားက လောဘဦးစီး၍ အလုပ်လုပ်သည်၊ ပညာရေးသမားက အလောဘဦးစီး၍ အလုပ်လုပ်သည်၊ ပညာရေး သမားက ငွေနှင့်သိက္ခာနှစ်ခုတွင် သိက္ခာကိုသာ အလေးထားသည်၊

ငွေကို အလေးမထား၊ ပညာရေးသမားက ပညာမာန်ရှိသည်၊ "လျှာပေါ် မြက်ပေါက်စေတော့" ဟူသော ခံယူချက်သည် ပညာရေးသမားတို့၏ထံမှ လာသည်၊ ပညာရေးသမားက စည်းစိမ်တော့ ချို့တဲ့ချင်ချို့တဲ့ပေမည်၊ ကိုယ်ကျင့်တရားကတော့ မချို့တဲ့၊ ပညာရေးသမားက စည်းစိမ်တော့ ရှိချင်မှရှိမည်၊ ချမ်းသာကတော့ ရှိသည်၊ [အနဝဇ္ဇသုခ-အကုသိုလ်ကင်းသောချမ်းသာ၊ အာနဏျသုခ-ဝင်္ဂကြွေးကင်းသော ချမ်းသာ]။

ဥဂ္ဂသုတ္တန်၌ ရွှေငွေဥစ္စာပစ္စည်းများစွာ ပေါကြွယ်ဝသူကို သူဌေးအစစ်ဟု ဘုရားမသတ်မှတ်၊ သဒ္ဓါ သီလ ဟိရီ ဩတ္တပ္ပ သုတ စာဂ ပညာ သူတော်ဥစ္စာခုနစ်ပါး ပြည့်စုံသူကိုသာ သူဌေးအစစ်ဟု ဘုရားသတ်မှတ်သည်၊ သူတော်ဥစ္စာခုနစ်ပါးနှင့် ပြည့်စုံဖို့ဟူရာ၌ အသိဉာဏ်ပညာဦးစီးသော ပညာရေးသမားသာ ပြည့်စုံနိုင်သည်၊ ပညာရေးသမား၏စိတ်နှလုံးက သူတော်ဥစ္စာခုနစ်ပါးတို့နှင့် ပြည့်ဝ၍ အမြဲဖြူစင်သန့်ရှင်းစင်ကြယ်နေသည်၊ ထို့ကြောင့် ပညာသည်သာ မြတ်နိုးအပ်သော အရာဖြစ်ပေသည်။ ။

## လူသစ် စိတ်သစ် နှစ်သစ်

အတွေးမှားနေသူသည်
အနှစ်မဲ့ကို အနှစ်ရှိဟုထင်၏။
အနှစ်ရှိကို အနှစ်မဲ့ဟု ထင်၏။
ထို့ကြောင့် အစစ်အမှန်
အနှစ်သာရကို မတွေ့ရှိနိုင်ပေ။
အတွေးမှန်သူသည်
အနှစ်ရှိသည်ကို
အနှစ်ရှိသည်ဟု သိ၏။
အနှစ်မဲ့သည်ကို
အနှစ်မဲ့ဟု သိ၏။
ထို့ကြောင့် အစစ်အမှန်
အနှစ်သာရကို တွေ့ရှိနိုင်လေ၏။

(ဓမ္မပဒ)

နှစ်စဉ် ဇန်နဝါရီလတစ်ရက်နေ့သည် ခရစ်နှစ် နှစ်သစ်ကူးဖြစ်၍ ဧပြီလ ၁၇ ရက်၊ သို့မဟုတ် ၁၈ ရက်သည် မြန်မာနှစ်သစ်ကူးဖြစ်သည်၊ သင်္ကြန်အကြပ်နေ့က တစ်ရက်တည်းဆိုလျှင် ဧပြီလ ၁၇ ရက်သည် ပုံမှန်နှစ်ဆန်းတစ်ရက်နေ့ကျသည်၊ တစ်ခါတရံ သင်္ကြန်အကြပ်က နှစ်ရက်ဖြစ်သွားလျှင် နှစ်ဆန်းတစ်ရက်က ၁၈ ရက်နေ့ဖြစ်သွားသည်၊ မြန်မာနှစ်သစ်ကူးသည် အဘယ်ကြောင့် မြန်မာရက်နှင့် မသတ်မှတ်ပါသနည်း။

၁၂ လကို တစ်နှစ်ဟု သတ်မှတ်ထားရာ ၁၂ လ ကုန်တိုင်း၊ ကုန်တိုင်း နှစ်ကူးလျှင် နှစ်သစ်ကူးဟု ခေါ်ကြသည်၊ ကျန်ခဲ့သောနှစ်ကို နှစ်ဟောင်း၊ ပြောင်းရမည့်နှစ်ကို နှစ်သစ်၊ ထိုသို့ သတ်မှတ်ကြသည်၊ ထိုနှစ်သစ်ကူးပွဲတော်ကိုလည်း သူ့လူမျိုး၊ သူ့နိုင်ငံ၊ သူ့ဘာသာ၊ သူ့ဓလေ့အရ ပျော်ပွဲရွှင်ပွဲများဆင်နွှဲ၍ နှစ်သစ်ကို ကြိုဆိုကြသည်၊ နှစ်တွေက နှစ်ကူးတိုင်း၊ ကူးတိုင်း သစ်ခဲ့သည်၊ လူကကော လိုက်၍ သစ်ပါရဲ့လား၊ စိတ်ကကော လိုက်၍ သစ်ပါရဲ့လား။

လူအများစု အသစ်ကို နှစ်သက်ကြသည်၊ အပြင်ထွက်လျှင် အဝတ်အစားအသစ်တွေ ဝတ်ဆင်၍ ထွက်ကြသည်၊ ဖိနပ်အသစ်လေးကို ချ၍စီးသည်၊ အခြားအသုံးအဆောင်ပစ္စည်းလေးတွေကိုလည်း အသစ်ကိုပဲ သုံးစွဲကြသည်၊ ငွေကြေးတတ်နိုင်သူများက အိမ်သစ်၊ တိုက်သစ်နှင့် နေကြသည်၊ မော်ဒယ်လ်မြင့်ကားအသစ်ကို ဝယ်စီးကြသည်၊ ပစ္စည်းဟူသမျှအားလုံး အသစ်ကျပ်ချွတ်ကို သုံးစွဲကြသည်၊ လူကသာ မသစ်ချင်နေမည်၊ စိတ်ကသာ မသစ်ချင်နေမည်၊ ပစ္စည်းကိုတော့ အသစ်မှ သုံးကြသည်၊ သုံးနှစ်သားအရွယ်ကလေးငယ်တစ်ယောက်၊ သူ့ကို မုန့်ဖိုးပိုက်ဆံပေးလျှင် "သားက အဟောင်း

တွေ၊ အစုတ်အပြဲတွေ မလိုချင်ပါဘူး၊ အသစ်မှ လိုချင်တာ" ဟု ပြောလေ့ရှိသည်၊ ထိုအရွယ်ကလေးကစ၍ အသစ်မှုကြိုက်သည်။

အသစ်တွေ ဘယ်လိုကောင်းသော်လည်း အဟောင်းကို တလည်လည်ဟူသော ဆိုစကားကလည်း ရှိသေးသည်၊ ဆန်ဟောင်းနှင့်ဆန်သစ်၊ ဆန်ဟောင်းက ဈေးပိုသည်၊ ရှေးဟောင်းပစ္စည်းတွေ တော်တော်တန်ဖိုးကြီးသည်၊ မကြာမီက ဂျာနယ်တစ်စောင်မှာ ဖတ်လိုက်ရသည်၊ အင်္ဂလန်မှာ အိမ်ရှင်းရင်း အမှိုက်ပုံထဲကနေ ထွက်လာသည့် ၁၈ ရာစုလောက်က တရုတ်ပန်းအိုးတစ်လုံး လေလံတင်၍ ရောင်းချရာ ပေါင် ၂၄ သန်းရသတဲ့၊ နားတောင် မလည်နိုင်အောင်ပင်၊ ထိုပစ္စည်းက ဘယ်လောက်များအသုံးကျ၍ ဤမျှတန်ဖိုးရှိနေပါသနည်း၊ ရှေးဟောင်းဘုရားဆင်းတုတွေ အလွန်တန်ဖိုးကြီးသည်၊ ရှေးဟောင်းပန်းချီကားတွေ အလွန်တန်ဖိုးကြီးသည်၊ ထို့ကြောင့် ကြာလေ ကောင်းလေ၊ ဟောင်းလေ သစ်လေဟူသော ဆိုရိုးစကားက ပေါ်လာလေသလား။

"နိစ္စံ နဝါဝ သင်္ခါရာ" ဟူသော ဒေသနာပါဠိအရ ဥပါဒ်ဌီ ဘင်ဟူသော ခဏသုံးပါးနှင့်ကြည့်က အားလုံးဖြစ် တည် ပျက်၊ ဖြစ် တည် ပျက်မို့ အဟောင်းဟူ၍ ဘာတစ်ခုမျှမရှိ၊ အားလုံး အသစ်ချည်းသာတည်း၊ ထိုပါဠိကို တောင်မြို့ဆရာတော်က အနက်ပြန်ရာတွင် "သင်္ခါရာ-ရုပ်နာမ်သင်္ခါရတရားတို့သည်၊ နိစ္စံ နဝါဝ-အမြဲဖြစ်လျက် အသစ်စက်စက်တို့ချည်းသာတည်း" ဟု အနက်မြန်မာပြန်ခဲ့သည်၊ ဖြစ် တည် ပျက် ပျောက်၊ ဖြစ် တည် ပျက် ပျောက်မို့ ဖြစ်သမျှ ရုပ်တွေနာမ်တွေသည် အဟောင်းအဟောင်းဟူ၍ ဘာတစ်ခုမျှ မရှိ၊ အားလုံး အသစ်အသစ်တွေချည်းပင်ဖြစ်သည်၊ အတွေးအမြင်၌

ဆရာတစ်ယောက်က "အတွေးသစ်ဆိုတာ မရှိ" ဟူ၍ ရေးထားရာ ဤဒေသနာပါဠိကို သတိပြုဖို့သင့်သည်။

ရပ်ကွက်တစ်ခု၌ မျက်နှာစိမ်းတွေ ပြောင်းရွှေ့လာလျှင် လူသစ်တွေဟု ပြောကြသည်၊ လုပ်ငန်းခွင်တစ်ခုခုမှာလည်း နောက်မှနောက်မှ ရောက်လာသူတွေကို လူသစ်တွေဟု ပြောကြသည်၊ တချို့ လူသစ်တန်းဟု ခေါ်သည်လည်းရှိသည်၊ တချို့ သိပ်မမြင်ဘူးသော မျက်နှာစိမ်းများကိုလည်း မျက်နှာသစ်ဟု ခေါ်ကြသည်၊ နေရာအသစ်ကြောင့် လူသစ်ဖြစ်ရလေသလော၊ အလုပ်အသစ်ကြောင့် လူသစ်ဖြစ်ရလေသလော၊ တချို့ ပြီးခဲ့သော အကောင်းအဆိုးအခြေအနေတွေကို ထားခဲ့ပြီး အလုပ်သစ်တစ်ခုစလုပ်လျှင် ဘဝသစ်ပြန်စသည်ဟု ဆိုကြသည်၊ အမိဝမ်းက ကျွတ်ကျွတ်ချင်းအနေအထားကိုတော့ ဘဝသစ်ဟု မခေါ်ဝေါ်၊ အမှန်က အမိဝမ်းက ကျွတ်ကျွတ်ချင်း ထိုအခိုက်အတန့်က ဘဝသစ်စခဲ့သည်မဟုတ်လော။

အဟောင်းအဟောင်းတွေ၌ အကောင်းအကောင်းတွေ ရှိသည်မှန်သော်လည်း အများစုကတော့ အသစ်မှ ကြိုက်ကြသည်ကား အမှန်ပင်၊ "နောက်ဘုန်းကြီးက နှစ်ချက်ခေါက်လိမ့်မည်၊ နောက်လာတဲ့ မောင်ပုလဲ ဒိုင်းဝန်ထက်ကဲ" ဟု ဘယ်လိုပင် သတိပေးနေသော်လည်း အသစ်အသစ်ကိုတော့ မျှော်လင့်ကြသည်၊ အသစ်အသစ်ကိုတော့ ခုံမင်ကြသည်၊ အသစ်အသစ်မှ ကြိုက်သူတွေ မိမိတို့ကိုယ်တိုင်ကော ဘာတွေများသစ်ပါသနည်း၊ လူကော သစ်ပါ၏လော၊ စိတ်ကော သစ်ပါ၏လော၊ နှစ်သစ်တွေ၊ နှစ်သစ်တွေ နှစ်တိုင်းကျော်ဖြတ်ခဲ့ကြသည်၊ လူကား သစ်,မသစ်၊ စိတ်ကား သစ်,မသစ်၊ ပြန်လည်ဆန်းစစ်ဖြစ်ပါ၏လော။

နှစ်ကတော့ နှစ်ကူးတိုင်း၊ နှစ်ကူးတိုင်း သစ်နေပေလိမ့်မည်၊ လူကလည်း အလုပ်ပြောင်းတိုင်း၊ နေရာပြောင်းတိုင်း သစ်ချင်သစ်နေပေလိမ့်မည်၊ ကာလာချိန်းတိုင်း၊ ကာလာချိန်းတိုင်း သစ်နေပေလိမ့်မည်၊ နှစ်သစ်ချင်သစ်၊ မသစ်ချင်နေ၊ လူသစ်ချင်သစ်၊ မသစ်ချင်နေ၊ စိတ်ကတော့ သစ်နေဖို့ လိုအပ်သည်၊ စိတ်သာရှင်စော ဘုရားဟော၊ အရာရာ စိတ်သာပဓာနမို့ စိတ်သစ်ဖို့သာ အရေးကြီးသည်။

"အာရမ္မဏံ စိန္တေတီတိ စိတ္တံ" ဟူသောဝိဂြိုဟ်အရ အာရုံကို ကြံစည်တတ်၊ တွေးတောတတ်သောကြောင့် "စိတ်" ဟုခေါ်ရသည်၊ စိတ်ကို အတွေးများနှင့် တည်ဆောက်ထားသည်၊ "လူ ကြံရင်းသေ၊ ငှက်ပျံရင်းသေ" ဟူသောဆိုရိုးစကားကို ကြည့်လျှင်လည်း လူဟူသည်မှာ အတွေးသမား အကြံသမားတွေသာဖြစ်သည်၊ တစ်ခုခုတော့ သူကြံနေသည်၊ တစ်ခုခုတော့ သူတွေးနေသည်၊ ထိုသို့ တွေးရင်း ကြံရင်းနှင့်ပဲ လူသည် အသက်ထွက်ရသည်၊ ထို့ကြောင့် "လူ ကြံရင်းသေ" ဟု ဆိုရိုးစကားထားခဲ့ကြသည်။

နှစ်သစ်၊ လူသစ် ဘာတွေ ဘယ်လိုပဲ သစ်သစ်၊ အရေးကြီးတာကတော့ စိတ်သစ်ဖို့သာ လိုရင်းဖြစ်သည်၊ စိတ်သစ်မှသာ လောကသစ်ကို တွေ့ရှိလိမ့်မည်၊ စိတ်ဟောင်းချည်းနှင့်သာ တလည်လည်ဆိုလျှင်တော့ ခေတ်ဟောင်းကိုပဲ ပြန်ရောက်ဦးမည်၊ လောကဟောင်းကိုပဲ ပြန်ရောက်ဦးမည်၊ စိတ်ကို အတွေးက ပြဋ္ဌာန်းတာဆိုတော့ စိတ်သစ်ဖို့အတွက် အတွေးသစ်ရပါလိမ့်မည်၊ အတွေးသစ်မှသာ စိတ်ကလည်း သစ်ပါလိမ့်မည်။

အတွေးကို ပါဠိလို သက်ပ္ပဟုလည်းခေါ်၏၊ ဝိတက်ဟုလည်း သုံး၏၊ ဝိတက်ကိုတော့ အများသိကြပါသည်၊ ထိုအတွေးသည် သမ္မာ

နှင့်မိစ္ဆာနှစ်မျိုးသာရှိ၏၊ အတွေးက သမ္မာဖြစ်လျှင် မှန်ကန်၏၊ သမ္မာဖြစ်လျှင် သစ်၏၊ အတွေးက မိစ္ဆာဖြစ်လျှင် မှားယွင်း၏၊ မိစ္ဆာဖြစ်လျှင် ဟောင်းနွမ်း၏၊ ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသာဝိတက် သုံးမျိုးတို့သည် မိစ္ဆာဝိတက်များဖြစ်ကြ၏၊ သူတို့နှင့်ဆန့်ကျင်ဘက် နေက္ခမ္မဝိတက်၊ အဗျာပါဒဝိတက်၊ အဝိဟိံသာဝိတက်သုံးမျိုးတို့သည် သမ္မာဝိတက်များဖြစ်ကြ၏။

သတ္တဝါတွေ (မိမိတို့တတွေ) သံသရာတလျှောက်လုံး အဘယ်အတွေးတွေများ တွေးခဲ့ကြပါသနည်း၊ ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသာဝိတက်တို့သာ အတွေးများခဲ့ကြ၏၊ ထို့ကြောင့် ထိုဝိတက်သုံးမျိုးတို့သည် သံသရာအဆက် ဘဝအဆက်ဆက် တွေးလာခဲ့ကြသဖြင့် ဟောင်းနေ၊ ဆွေးနေ၊ မြွေနေသော အတွေးဟောင်းများသာ ဖြစ်ကြလေ၏၊ ရှေးဟောင်းပစ္စည်းတွေ အဘယ်မျှပင် ဟောင်းနေပါစေ ဤအတွေးဟောင်းများလောက်တော့ ဟောင်းလိမ့်မည်မဟုတ်ပေ၊ ရှေးဟောင်းပစ္စည်းတွေက နှစ်ပရိစ္ဆေဒ ခန့်မှန်းတွက်ချက်၍ ရသေး၏၊ ဤအတွေးဟောင်းတွေက နှစ်ပရိစ္ဆေဒမည်သို့မျှ ခန့်မှန်းတွက်ချက်၍ မရပေ၊ ဘုရားရှင်ကပင် အနမတဂ္ဂသံသရာဟု ဟောထားသဖြင့် အတွေးဟောင်းတို့၏ခြေရာကို မည်သို့မျှကောက်၍ မရပေ၊ အဟောင်းချင်းယှဉ်ပြိုင်လျှင် အနိုင်ရမှာကတော့ အတွေးဟောင်းများသာ ဖြစ်ကြ၏။

ကာမဝိတက်ဟူသည် ကာမကိုတွေးခြင်းဖြစ်၏၊ ကာမဟူသည် လိုချင်စရာ တပ်မက်စရာ ဆွဲဆောင်မှုအပြင်းစား သက်ရှိသက်မဲ့အာရုံငါးမျိုးလုံးကို ခေါ်၏၊ ရဖို့တွေးခြင်း၊ ယူဖို့တွေးခြင်း၊ သာယာခံစားဖို့တွေးခြင်း၊ ငါ့ဖို့တွေးခြင်း၊ ငါ့မိသားစု ငါ့အသိုင်းအဝိုင်း ငါ့နီး

စပ်ရာ ငါ့အုပ်စုအတွက်တွေးခြင်းစသော အတ္တနယ်နိမိတ်အတွင်းမှ တွေးခြင်းဟူသမျှသည် ကာမဝိတက်များပင်ဖြစ်ကြ၏၊ ဂုဏ်ရဖို့ တွေးခြင်း၊ လာဘ်ရဖို့တွေးခြင်း၊ ထင်ပေါ်ကျော်ကြားဖို့တွေးခြင်းတို့ သည်လည်း ကာမဝိတက်များပင်ဖြစ်သည်၊ အချီးကျူးခံရဖို့ ဂုဏ်ပြု ခံရဖို့ အပူဇော်ခံရဖို့ အပသာခံရဖို့ အလေးအမြတ်ပြုခံရဖို့ ကျော် ကြားအောင်မြင်ဖို့ တွေးခြင်းများသည်လည်း ကာမဝိတက်၏ အနွယ် များပင်ဖြစ်ကြ၏၊ ကာမဝိတက်ဟူသည် နယ်ကျယ်လှ၏၊ ကာမဘုံ သားအများစုကလည်း ကာမကိုသာ စိတ်ဝင်စားကြလေတော့ ကာမ ဝိတက်နှင့်ပဲ အချိန်ကုန်ကာ အတွေးဟောင်းထဲမှ ရုန်းမထွက်နိုင်ဘဲ ရှိကြလေ၏။

ဗျာပါဒဝိတက်ဟူသည် သတ်ဖြတ်ဖို့ ဖျက်ဆီးဖို့ သူတပါး ပျက်စီးရာပျက်စီးကြောင်းကို တွေးတောခြင်းဖြစ်၏၊ ဝိဟိံသာဝိတက် ဟူသည် ညှဉ်းပန်းနှိပ်စက်ဖို့ ဒုက္ခပေးဖို့ ချောက်တွန်းဖို့ တွေးတော ခြင်းဖြစ်၏၊ ဤဝိတက်နှစ်ခုကတော့ အဖြစ်နည်းနိုင်ပါ၏၊ အဖြစ်များ တာကတော့ ကာမဝိတက်သာဖြစ်၏၊ ကာမဘုံသားသည် ကာမကို သာ သူ့အဓိကစိတ်ဝင်စား၏၊ သူ့စိတ်ထဲ၌ ကာမသည်သာအရှိများ၏၊ ကာမတစ်ခုခုကိုသာ အမြဲနေရာပေးထား၏၊ ထို့ကြောင့် သူသည် ကာမ ကိုသာ အတွေးများ၏။

အတွေးသစ်ဟူသည် နေက္ခမ္မဝိတက်၊ အဗျာပါဒဝိတက်၊ အဝိဟိံသာဝိတက်ဟူသော သမ္မာသင်္ကပ္ပ၊ သမ္မာဝိတက် သုံးမျိုးဖြစ်၏၊ ကာမဝိတက်က လောဘနှင့်တွေးခြင်းဖြစ်၏၊ ရဖို့ ယူဖို့ ပိုင်ဆိုင်ဖို့သာ တွေး၏၊ နေက္ခမ္မဝိတက်က အလောဘနှင့်တွေးခြင်းဖြစ်၏၊ စွန့်လွှတ် အနစ်နာခံဖို့ ကူညီရိုင်းပင်းဖို့သာ တွေး၏၊ ကာမဝိတက်က ငါ့ဖို့သာ

တွေး၏၊ နေက္ခမ္မဝိတက်က သူ့ဖို့ပါထည့်၍တွေး၏၊ ကာမဝိတက်က အသာစံဖို့တွေး၏၊ နေက္ခမ္မဝိတက်က အနာခံဖို့တွေး၏၊ ကာမဝိတက်က အတ္တဟိတကို တွေး၏၊ နေက္ခမ္မဝိတက်က ပရဟိတကို တွေး၏၊ အဗျာပါဒဝိတက်က မေတ္တာနှင့်ယှဉ်၍ တွေး၏၊ အဝိဟိံသာဝိတက်က ကရုဏာနှင့်ယှဉ်၍ တွေး၏။

ဤနေက္ခမ္မ၊ အဗျာပါဒ၊ အဝိဟိံသာဟူသော သမ္မာဝိတက် သုံးမျိုးသည် အမြဲတမ်းတွေးနေနိုင်သည်မဟုတ်၊ တစ်ခါတစ်ခါမှသာ တွေးဖြစ်၏၊ ထို့ကြောင့် သူတို့သည် ဟောင်းသွားနွမ်းသွားသည်ဟူ၍ မရှိ၊ အမြဲတမ်းသစ်လွင်တောက်ပြောင်နေ၏၊ ဥပမာ-အပြင်ထွက်မှ သို့မဟုတ် ပွဲလမ်းရှိမှ ထုတ်၍ဝတ်သော ဝတ်ကောင်းစားကောင်း များနှင့်တူ၏၊ ကာမ၊ ဗျာပါဒ၊ ဝိဟိံသာဟူသော မိစ္ဆာဝိတက်သုံးမျိုး ကတော့ အိမ်မှာအမြဲဝတ်နေသော အဝတ်အစားအဟောင်းများနှင့် တူကြ၏။

စိတ်ဟူသည်မှာ သူ့ချည်းသက်သက် အသစ်လည်းမဟုတ်၊ အဟောင်းလည်းမဟုတ်၊ စိတ်ကို အတွေးများကသာ ချယ်လှယ်လေ တော့ လောဘဒေါသစသည်တို့ မောင်းနှင်ရာနောက်လိုက်ကာ လောဘနှင့်ပေါင်းတွေး၊ ဒေါသနှင့်ပေါင်းတွေးဆိုလျှင်တော့ အတွေး ဟောင်းတွေကိုသာ ထပ်ချည်းတလဲလဲတွေးနေသဖြင့် စိတ်ကလည်း မည်သို့မျှ သစ်၍မလာနိုင်ပေ၊ သစ်လွင်တောက်ပ၍ မလာနိုင်ပေ၊ စိတ်ဟောင်း၊ စိတ်နွမ်း၊ စိတ်ဆွေးတို့သာ ဖြစ်နေကြပေလိမ့်မည်။

စိတ်သစ်ဖို့ဆိုလျှင် လောဘ ဒေါသတွေနှင့်သာ အမြဲပေါင်း သင်းမနေဘဲ တစ်ခါတစ်ခါ လောဘနှင့်ခွဲ၊ ဒေါသနှင့်ခွာကာ အလော ဘနှင့်တွဲ၊ အဒေါသနှင့်ပေါင်းပေးရမည်၊ ငါ့ဖို့မှ သူ့ဖို့သို့၊ ငါဥစ္စာမှ

သူ့ဥစ္စာသို့၊ ငါ့ဟာမှ သူ့ဟာသို့၊ ငါ့အကျိုးစီးပွားမှ သူ့အကျိုးစီးပွားသို့၊ အတ္တမှ အနတ္တသို့၊ အတ္တမှ ပရသို့၊ အတ္တဟိတမှ ပရဟိတသို့၊ အနည်းစုမှ အများစုသို့၊ အကျဉ်းမှ အကျယ်သို့၊ အတိုမှ အရှည်သို့၊ အပူမှ အအေးသို့၊ မငြိမ်းချမ်းရာမှ ငြိမ်းချမ်းရာသို့၊ မကျေမနပ်မှ ကျေကျေနပ်နပ်သို့၊ မစုမစည်းမှ စုစုစည်းစည်းသို့၊ စိတ်အေးအေးထားကာ ခေါင်းအေးအေးထားကာ စဉ်းစား၍၊ ဆင်ခြင်၍၊ မြော်မြင်၍၊ တွေးပေးမည်ဆိုပါက အတွေးများသစ်၍ စိတ်ပါသစ်ပါလိမ့်မည်၊ ထိုအခါ နှစ်သစ်နှင့် လိုက်ဖက်ညီစွာ လူသစ်၊ စိတ်သစ်၊ ဖြစ်လာပါလိမ့်မည်၊ လူသစ်စိတ်သစ်နှင့်သာ ခေတ်သစ်ကို ထူထောင်နိုင်ပါလိမ့်မည်။ ။

# အောင်မြင်မှုနှင့် ပထမမဏ္ဍိုင်

"အောင်မြင်မှုဆိုတာ ဘာပါလဲ" ဟု လူငယ်တစ်ယောက်က မေးလာသည်၊ သူရည်ရွယ်သောအောင်မြင်မှုက သာမန်လောကရေးရာ၊ လောကီရေးရာအောင်မြင်မှုဖြစ်သည်၊ "အောင်မြင်ကျော်ကြားဟု တွဲသုံးတော့ ကျော်ကြားရင် အောင်မြင်တာပေါ့ကွာ" ဟု လွယ်လွယ်ပဲ အဖြေပေးလိုက်သည်၊ သေချာစိစစ်ကြည့်တော့ လောကသားတို့ သိမှတ်သော အောင်မြင်ဟူသည် ပါဠိတော်အသုံးအနှုန်းအရ လာဘ သက္ကာရ သိလောကဖြစ်သည်၊ လောကစကားအရ ဂုဏ် လာဘ် ပကာသနပင်ဖြစ်သည်၊ ခြုံငုံကြည့်လိုက်တော့ အကောင်းလောကဓံ လေးမျိုးပင်ဖြစ်သည်။

လာဘ-လာဘ်ရလျှင်၊ ငွေရေးကြေးရေးပြည့်စုံလျှင်၊ စီးပွားရေးပြည့်စုံလျှင် အောင်မြင်သည်၊ ယသ- ကိတ္တိယသ-နာမည်ကောင်းရလျှင်၊ လူသိများလျှင်၊ ကောင်းသတင်း ကျော်ကြားလျှင် အောင်မြင်

သည်၊ ပရိဝါရယသ-အခြံအရံပရိသတ် ပေါများလျှင်၊ ထောက်ခံသူ၊ အားပေးသူပေါများလျှင် အောင်မြင်သည်၊ ပသံသာ-ချီးကျူးခံရလျှင် အောင်မြင်သည်၊ သုခ-ကိုယ်စိတ်နှစ်ပါးချမ်းသာလျှင် အောင်မြင်သည်၊ ဤသို့ ယေဘုယျဆိုနိုင်သည်၊ စင်စစ် ဤလောကဓံလေးပါးသည် အလုပ်၏ ဆုလာဘ်၊ အလုပ်လုပ်ခြင်း၏ အသီးအပွင့်များသာ ဖြစ်ကြသည်။

ခြုံငုံကြည့်လိုက်လျှင် လာဘအတွက်၊ ယသအတွက်၊ ပသံသာအတွက်၊ သုခအတွက် လှုပ်ရှားရုန်းကန်နေကြသူက အများစုဖြစ်သည်၊ လူတိုင်း လာဘ်ကို နှစ်သက်သည်၊ ယသကို နှစ်သက်သည်၊ ပသံသာကို နှစ်သက်သည်၊ သုခကို နှစ်သက်သည်၊ ထို့အပြင် လိုလားသည်၊ တောင့်တသည်၊ တပ်မက်သည်၊ စွဲလမ်းသည်၊ ပုထုဇဉ်အဖို့ ထိုလေးမျိုးကို လွန်ဆန်ဖို့ကတော့ ခက်သည်။

ထိုအကောင်းလောကဓံလေးပါးအတွက် သို့မဟုတ် တစ်ပါးပါးအတွက် ပညာရှာကြသည်၊ ဥစ္စာရှာကြသည်၊ လုပ်ပိုင်ခွင့်တွေ ရှာကြသည်၊ ရပိုင်ခွင့်တွေ ရှာကြသည်၊ ခံစားခွင့်တွေ ရှာကြသည်၊ ထိုအခွင့်အလမ်းတွေအတွက် တောင်သူလယ်သမား၊ ကုန်သည်ပွဲစား၊ လခစားဝန်ထမ်းစသည်စသည် အခြားအခြား ကိုယ်တတ်ရာတတ်ရာ၊ ကျွမ်းရာကျွမ်းရာ၊ စွမ်းရာစွမ်းရာ လက်မှုပညာ၊ နှုတ်မှုပညာ၊ အခြားပညာများစွာတို့ဖြင့် လုပ်ကြရသည်၊ လုပ်ပြကြရသည်၊ ကိုယ်လုပ်သည့်အလုပ် အတိုင်းအတာတစ်ခုအထိပေါက်မြောက်လျှင် အောင်မြင်သည်ဟု သတ်မှတ်ကြသည်။

ယခု ပြည်ပ၌အခြေချနေသောဆရာသမား မိမိငယ်စဉ်က ပြောခဲ့သည်ကို မှတ်မိနေသည်၊ "အောင်မြင်မှု၊ ကျော်ကြားမှု၊ ချမ်းသာ

မှုဆိုတာ တစ်ကဏ္ဍစီပဲ၊ အဓိကကတော့ ချမ်းသာဖို့ပဲ” ဟူ၍ဖြစ်သည်၊ အောင်မြင်သူတိုင်း မကျော်ကြား၊ ကျော်ကြားသူတိုင်း မအောင်မြင်၊ အောင်မြင်သူတိုင်း မချမ်းသာ၊ ချမ်းသာသူတိုင်း မအောင်မြင်ဟူသော ဘဝအနေအထားများလည်းရှိသည်၊ အကောင်းလောကဓံလေးပါးကို အောင်မြင်မှုဟုဆိုရသော်လည်း ယေဘုယျသာဖြစ်သည်၊ အားလုံးပြည့်စုံဖို့တော့ မဖြစ်နိုင်၊ တစ်ခုခု၌ အားသာချက်၊ အားနည်းချက်၊ လိုအပ်ချက်၊ ချို့ယွင်းချက်ကတော့ မလွဲမသွေရှိနိုင်သည်။

လာဘဟူသည် ရသင့်၊ ရထိုက်၊ ရစရာ၊ ရရှိခြင်းဖြစ်သည်၊ လာဘ်ဟုခေါ်ကြသည်၊ လာဘ်ဟူသည် ယေဘုယျအားဖြင့် ပစ္စည်းဥစ္စာ၊ ငွေကြေးဥစ္စာနှင့် တိုက်ရိုက်ပတ်သက်သည်၊ သို့သော် ရသင့်၊ ရထိုက်၊ ရစရာကို လာဘ်ဟုဆိုတော့ ဥစ္စာဓနအပြင် ရသင့်၊ ရထိုက်တာတွေက များစွာရှိသည်၊ ပညာလည်း ရသင့်ရထိုက်သောလာဘ်ကြီးတစ်ပါးဖြစ်သည်၊ ပညာဟူသည် အတတ်ပညာ၊ အသိပညာ၊ ဘဝပညာ အားလုံးပါဝင်သည်၊ ကျန်းမာရေးလည်း ရသင့်ရထိုက်သောလာဘ်ကြီးတစ်ပါးဖြစ်သည်၊ “အရောဂျပရမာ လာဘာ-လာဘ်အားလုံးတွင် ကျန်းမာခြင်းသည်သာ အကောင်းဆုံးလာဘ်” ဟု ဘုရားမိန့်ခဲ့သည်၊ ကျန်းမာဟူရာ၌ ရုပ်ကျန်းမာ၊ စိတ်ကျန်းမာ နှစ်မျိုးလုံးသက်ဆိုင်သည်၊ မိုင်းပါဝါဟုဆိုသော စိတ်တန်ခိုးသတ္တိလည်း ရသင့်ရထိုက်သော လာဘ်ကြီးတစ်ပါးဖြစ်သည်၊ မိတ်ကောင်းဆွေကောင်းဆိုတာလည်း ရသင့်ရထိုက်သော လာဘ်ကြီးတစ်ပါးဖြစ်သည်၊ ကုသိုလ်ကလည်း ရသင့်ရထိုက်သော လာဘ်ကြီးတစ်ပါးဖြစ်သည်။

လောက၌၊ လောကီ၌ ရှိသင့်ရှိထိုက်တာမှန်သမျှ ရသင့်ရထိုက်တာတွေချည်းဖြစ်သည်၊ ရသင့်ရထိုက်တာမှန်သမျှ လာဘ်ပင်

ဖြစ်သည်၊ လာဘ်အားလုံး၏အထိန်းအကွပ်ကတော့ ကုသိုလ်ဖြစ်သည်၊ လာဘ်အားလုံးကတော့ ကုသိုလ်နှင့်တွဲနေရမည်၊ ဥပမာ ဥစ္စာလည်း ရရမည်၊ ကုသိုလ်လည်း ရရမည်၊ ဥစ္စာသာရ၍ ကုသိုလ်မရလျှင် သို့မဟုတ် ဥစ္စာနှင့် အကုသိုလ်တွဲလျက်ရလျှင် ထိုဥစ္စာသည် မိမိအတွက် တန်ဖိုးရှိသော လာဘ်မဟုတ်၊ အာမခံချက်ရှိသော လာဘ်မဟုတ်၊ အမှန်တကယ် အားကိုးထိုက်သော လာဘ်မဟုတ်။

ဥစ္စာနှင့်အကုသိုလ် တွဲ၍ရထားလျှင်၊ တွဲ၍ယူထားလျှင် နောက်ဆုံး ဥစ္စာကတော့ ကုန်ချိန်တန် ကုန်၊ ပျက်ချိန်တန် ပျက်၊ ပျောက်ချိန်တန် ပျောက်သွားလိမ့်မည်၊ အကုသိုလ်ကတော့ မကုန်၊ မပျက်၊ မပျောက်ဘဲ မိမိသန္တာန်၌ အစဉ်တစိုက် ထက်ချပ်မကွာ လိုက်ပါလာလိမ့်မည်၊ ထို့ကြောင့် "ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ" ဟူသော လာဘ်မျိုးသာ မက်မောသင့်သည်၊ "ကုသိုလ်မရ၊ ဝမ်းသာဝ" သောလာဘ်မျိုးကို မမက်မောသင့်၊ အထင်လည်းမကြီးသင့်။

ယသရှိလျှင် အောင်မြင်သည်၊ ယသမရှိ၊ အယသဖြစ်လျှင် မအောင်မြင်၊ ကျရှုံးသည်၊ ယသကား ပရိဝါရယသနှင့် ကိတ္တိယသ ဟူ၍ နှစ်မျိုးရှိသည်၊ ပရိဝါရယသဟူသည် အခြံအရံပရိသတ်၊ ထောက်ခံသူ၊ အားပေးသူ၊ အများပြည်သူဖြစ်သည်၊ ကိတ္တိယသကား နာမည်ကောင်းရခြင်း၊ ကောင်းသတင်းကျော်စောခြင်းဖြစ်သည်၊ အောင်မြင်ကျော်ကြားဟူသည့်အတိုင်း ကျော်ကြားမှုသည် အောင်မြင်မှုဖြစ်သည်၊ လာဘကို အဓိကအထောက်အကူပြုတာက ယသပင်ဖြစ်သည်၊ ယသရှိမှ လာဘရှိသည်၊ ကျော်ကြားမှု၏နောက်တွင် ငွေတွေစီးဝင်လာသည်၊ ကျော်ကြားမှုသည် ငွေတွင်းဖြစ်သည်။

ပရိဝါရယသအတွက် အဓိကလိုအပ်ချက်ကလည်း ကိတ္တိ

ယသပင်ဖြစ်သည်၊ ပရိဝါရခေါ် ပရိသတ်တွင် တချို့က ရုပ်ကို ပမာဏပြုသည်၊ ပမာဏပြုဟူသည် လေးစားခြင်း၊ ဂရုပြုခြင်းဖြစ်သည်၊ အထက်ပါပါဠိတော်အဆိုကို အဋ္ဌကထာဖွင့်ရာတွင် ရုပ်ကို ပမာဏပြုတာက သုံးပုံနှစ်ပုံ(၆၃. ၃ ရာခိုင်နှုန်းခန့်) ရှိသည်၊ ထုတိဃောသ၊ ကိတ္တိသဒ္ဒ-ကျော်စောသံကို ပမာဏပြုတာက ငါးပုံလေးပုံ (၈၀ ရာခိုင်နှုန်း)ရှိသည်ဟု ဖွင့်သည်၊ ဤအဖွင့်ကိုထောက်က ပရိဝါရယသသည် ကိတ္တိယသကို အလေးဂရုပြုကြောင်း ထင်ရှားသည်၊ ဆိုလိုတာက ပရိသတ်ဟူသည် ကျော်ကြားမှုကို ပို၍ စိတ်ဝင်စားကြောင်း၊ အထင်ကြီးကြောင်း ပေါ်လွင်သည်။

ဘုရားရှင်က ဓမ္မပဒတွင် "ယသနှစ်ပါးတိုးပွားဖို့ဆိုလျှင် လုံ့လဝီရိယကောင်းမွန်စွာနှင့် ကိုယ့်ဆိုင်ရာအလုပ် ကြိုးစားလုပ်ရမည်၊ သတိရှိရမည်၊ ကံသုံးပါးစင်ကြယ်ရမည်၊ ဆင်ခြင်တုံတရားရှိရမည်၊ ဆိုင်ရာကျင့်ဝတ်တို့ကို စောင့်ထိန်းရမည်၊ တရားသောအသက်မွေးမှု ရှိရမည်" ဟု မိန့်ခဲ့သည်၊ အောင်မြင်ရေးအတွက် အကြောင်းခုနစ်ချက်ဖြစ်သည်၊ စစ်မှန်သော အောင်မြင်မှုရလိုသူသည် ထိုခုနစ်ချက်နှင့် ပြည့်စုံရမည်။

လူတိုင်း၌ ကဲ့ရဲ့ခံရမှု၊ ချီးကျူးခံရမှုနှစ်မျိုးက မလွတ်နိုင်သော်လည်း ကဲ့ရဲ့သူက နည်းနည်း၊ ချီးကျူးသူက များများဆိုလျှင် အောင်မြင်သည်ဟုသာ ဆိုရမည်၊ သုခက ကာယသုခ၊ စိတ္တသုခဟု နှစ်မျိုးရှိသည်၊ ကာယသုခက လာဘ၊ ပရိဝါရယသတို့နှင့် ဆက်စပ်လျက်ရှိသည်၊ စိတ္တသုခက ကိတ္တိယသ၊ ပသံသာတို့နှင့် ဆက်စပ်လျက်ရှိသည်၊ လာဘနှင့်ပရိဝါရယသက ကာယသုခအတွက် အထောက်အကူဖြစ်သည်၊ ကိတ္တိယသနှင့် ပသံသာက စိတ္တသုခအတွက် အထောက်

အကူဖြစ်သည်၊ ပသံသာဟူသည်မှာလည်း ကိတ္တိယသပင်ဖြစ်သည်။

ပထမအရွယ်မှာ ပညာရှာ၊ ဒုတိယအရွယ်မှာ အလုပ်လုပ်၊ ပထမအရွယ်မှာ ပညာကို ပေါက်ပေါက်မြောက်မြောက်ဖြစ်အောင် သင်ယူရမည်၊ ပညာတတ်လေကောင်းလေ ကောင်းတာကတော့ အမှန်ပင်ဖြစ်သည်၊ သို့သော် သင်တန်းတွေ အောင်လက်မှတ်တွေနှင့်တော့ အချိန်တွေမကုန်သင့်၊ တလည်လည်ဖြစ်မနေသင့်၊ ဒုတိယအရွယ်မှာတော့ ကိုယ်တတ်ရာ၊ ကျွမ်းရာ၊ စွမ်းရာ၊ အဆင်ပြေရာ အလုပ်တစ်ခုခုကို လုပ်ကြရလိမ့်မည်။

ပညာသင်ရာ ပညာရှာရာမှာပဲဖြစ်စေ၊ အလုပ်လုပ်ရာ ဥစ္စာရှာရာမှာပဲဖြစ်စေ ဗုဒ္ဓဟောကြား သမ္မဒါလေးပါးကတော့ လွတ်၍မရပေ၊ ထထကြွကြွလုံ့လဝီရိယ ပြည့်စုံကောင်းမွန်ရမည်၊ အရာရာ၌ ထိန်းထိန်းသိမ်းသိမ်းရှိရမည်၊ မိတ်ကောင်းဆွေကောင်း အမှီကောင်းရှိရမည်၊ အရာရာမှာ မဖွံ့မပင့်ပဒါကျကျ မျှမျှတတရှိရမည်၊ ပညာသင်ချိန် ပညာကို ကြိုးစားသင်၍ အလုပ်လုပ်ချိန် အလုပ်ကိုကြိုးစားလုပ်လျှင် လာဘ၊ ယသ၊ ပသံသာ၊ သုခဟူသော ပညာ၏ဆုလာဘ်၊ အလုပ်၏အသီးအပွင့်တွေက မိမိလုပ်အားနှင့်လျော်ညီစွာ မိမိမျက်မှောက် ရောက်ရှိလာလိမ့်မည်၊ သို့သော် . . .

အလုပ်တိုင်း၌ အလုပ်နှင့်ဆက်စပ်သူ ပရိသတ်ဆိုတာက ရှိလာသည်၊ ကျောင်းဆရာ၌ ကျောင်းသား၊ ကျောင်းသားမိဘရှိသည်၊ ဆရာဝန်၌ လူနာရှိသည်၊ စာရေးဆရာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ လုံးချင်းစသည်တို့၌ စာဖတ်ပရိသတ်ရှိသည်၊ အနုပညာရှင်၌ ကြည့်ရှုသူပရိသတ်ရှိသည်၊ ဈေးရောင်းသူ၌ ဈေးဝယ်သူ ဖောက်သည်ပရိသတ်ရှိသည်၊ "ဈေးရောင်းကောင်းလိုပါက ရောင်းသူဘက်က မကြည့်နှင့်၊

ဝယ်သူဘက်ကကြည့်” ဟု အောင်မြင်နေသောစီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ဆိုပါသည်။

အဓိပ္ပာယ်ကား မိမိတို့အလုပ်အောင်မြင်ဖို့ရာ၌ အလုပ်နှင့်တိုက်ရိုက်ဆက်စပ်လာသူ ပရိသတ်၊ သို့မဟုတ် ပြည်သူကို မဏ္ဍိုင်ပြုရမည်၊ အများနှင့်သက်ဆိုင်သောအလုပ်တိုင်း၊ အလုပ်တိုင်းအတွက် အများပြည်သူသည်သာ ပထမမဏ္ဍိုင်ဖြစ်သည်၊ အများပြည်သူကို ပထမမဏ္ဍိုင်ပြု၍ဖြစ်ပေါ်လာသော လာဘ၊ ယသ၊ ပသံသာ၊ သုခတို့သည်သာ စစ်မှန်သောအောင်မြင်မှုဖြစ်သည်။

လူ့အရေးများစွာတို့တွင် အဓိကအရေးကား နိုင်ငံတော်၏အရေးဖြစ်သည်၊ နိုင်ငံတော်၏အရေးအောင်မြင်မှ ကျန်လူမှုရေးအားလုံး အောင်မြင်သည်၊ အဆင်ပြေချောမွေ့သည်၊ နိုင်ငံတော်ဟူသည် ပြည်သူဖြစ်သည်၊ ပြည်သူရှိသဖြင့် နိုင်ငံတော်ဟူ၍ရှိသည်၊ ပြည်သူမရှိလျှင် နိုင်ငံတော်ဟူ၍ မရှိနိုင်၊ ထို့ကြောင့် နိုင်ငံတော်ဟူသည် အခြားမဟုတ်၊ ပြည်သူသာဖြစ်သည်၊ နိုင်ငံတော်အစိုးရဟူသည်မှာလည်း [government 0f the people, by the people, for the people. ပြည်သူ၏အကျိုးစီးပွားအတွက် ပြည်သူနှင့်အတူ (ပြည်သူ့ဆန္ဒနှင့်အညီ) ပြည်သူကိုအုပ်ချုပ်သူ] အရ ပြည်သူသာ ပဓာနဖြစ်သည်၊ ယခုခေတ် ရေပန်းစားသော ဒီမိုကရေစီဟူသည်မှာလည်း အခြားမဟုတ်၊ ပြည်သူအုပ်ချုပ်သော [ပြည်သူ့ဆန္ဒနှင့်အညီ အုပ်ချုပ်သော] စနစ်သာဖြစ်သည်။

နိုင်ငံတော်၊ နိုင်ငံတော်၏အချုပ်အခြာအာဏာဟု ဆိုကြရာ၌ တရားဥပဒေပြုရေးအာဏာ၊ တရားစီရင်ရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာဟူသော အာဏာသုံးရပ်ကို အချုပ်အခြာအာဏာဟု

ဆိုကြသည်၊ ယင်းအာဏာသုံးရပ်ကို မဏ္ဍိုင်ကြီးသုံးရပ်ဟုလည်း ဆိုကြသည်၊ အချုပ်အခြာအာဏာသည် ပြည်သူမှဆင်းသက်လာရမည်ဟု ပညာရှင်တို့က ဆိုသဖြင့် ပြည်သူကသာ ပထမမဏ္ဍိုင်ဖြစ်သည်၊ ယင်းအာဏာသုံးရပ်က ဒုတိယ၊ တတိယ၊ စတုတ္ထမဏ္ဍိုင်များ ဖြစ်ကြသည်၊ လောက၌ လူထုနှင့် တိုက်ရိုက်ဆက်စပ်သော အလုပ်မှန်သမျှ လူထုကို ပထမမဏ္ဍိုင်ပြုမှ အောင်မြင်သလို အုပ်ချုပ်ရေးစနစ်မှာလည်း ပြည်သူလူထုကို ပထမမဏ္ဍိုင်နေရာထားမှသာ အောင်မြင်သော အုပ်ချုပ်ရေးစနစ်ဖြစ်သည်၊ ယင်းကိုပင် ဒီမိုကရေစီဟုခေါ်သည်။

"ဘုရားအဆူဆူ ဒါနကူမှ သုံးလူသင်းကျစ် ဧကန်ဖြစ်၍ အမြိုက်တရား ဟောဖော်ကြားလျက် အများဝေနေ ကျွတ်လွတ်စေ၏" ဟု ကျေးဇူးရှင် တောင်မြို့ဆရာတော် ကိုယ်ကျင့်အဘိဓမ္မာ၌ ဆိုသည့်အတိုင်း ဂေါတမဗုဒ္ဓအလောင်းတော်သည် ပါရမီတော်တွေ ဖြည့်ကျင့်ရာ၌ သုမေဓာရှင်ရသေ့ဘဝမှာ ဒါနနှင့် နိဒါန်းပျိုးခဲ့၍ ဝေဿန္တရာဘဝမှာ ဒါနနှင့် နိဂုံးသတ်သည်၊ ဘုရားအဆူဆူကို ဒါနက ကူညီသလို ဂေါတမဗုဒ္ဓကိုလည်း ဒါနက များစွာကူညီခဲ့သည်။

အလောင်းတော်ဝေဿန္တရာသည် ဆယ့်ခြောက်နှစ်သား အရွယ်မှာ မဒ္ဒီဒေဝီကို ထိမ်းမြားလက်ဆက်၍ နန်းတက်တော်မူသည်၊ ဝေဿန္တရာမင်း၏ဘုန်းတန်ခိုးကြောင့် ဆင်ဖြူတော်ပစ္စယ ပေါ်လာရသတဲ့၊ ဆင်ဖြူတော်ကြောင့် တိုင်းပြည်၌ ရာသီဥတုမှန်ကန်၊ ဆန်ရေစပါးပေါများကာ တိုင်းပြည်အေးချမ်းသာယာရှိသည်ဟု ယုံကြည်ကြသတဲ့။

ထိုစဉ်အခါ၌ ဝေဿန္တရာမင်းသည် စေတုတ္တရာပြည်ကြီးတွင် ဘုန်းမီးနေလတောက်ပလျက်ရှိသော်လည်း တစ်ဘက်က ကာလိင်

တိုင်းမှာတော့ သုံးနှစ်သုံးမိုး မိုးခေါင်သဖြင့် ဆန်ရေစပါးပြတ်လတ် တိုင်းသူပြည်သားတွေ ငတ်ပြတ်ဒုက္ခရောက်နေကြသည်၊ ပြည်သူလူထု၏ တောင်းဆိုမှုကြောင့် ကာလိင်္ဂမင်းကြီးက ဝေဿန္တရာမင်းထံ ဆင်ဖြူတော်ကို အလှူခံဖို့ ပုဏ္ဏားများကိုလွှတ်လိုက်သည်။

ဝေဿန္တရာမင်းသည် နဂိုကမှ အလှူဒါနရက်ရောသူဖြစ်တော့ ဘယ်သူမှမတိုင်ပင်ဘဲ ဆင်ဖြူတော်ကို လွယ်လွယ်ပဲလှူလိုက်သည်၊ ဆင်ဖြူတော်မှာ အဖိုးဖြတ်လို့ရသောရတနာက နှစ်ဆယ့်နှစ်သိန်းဖိုး ဆင်ယင်ထားသတဲ့၊ အဖိုးမဖြတ်နိုင်သောပတ္တမြားက ခြောက်လုံးဆင်ယင်ထားသတဲ့၊ ထိုအဆင်တန်ဆာတွေပါ အားလုံးလှူလိုက်သည်။

ထိုအခါ ပြည်သူလူထုက "ဆင်ဖြူတော်ကြောင့် ငါတို့တိုင်းပြည်မှာ မိုးလေဝသရာသီဥတုမှန်ကန်ပြီး ဆန်ရေစပါးပေါများကာ အေးချမ်းသာယာရှိနေတာ၊ အခု မင်းကြီးက အဲဒီဆင်ဖြူတော်ကို တိုင်းတစ်ပါးကို လှူလိုက်တယ်၊ မကျေနပ်ဘူး" ဆိုပြီး ဟစ်တိုင်ကနေ အော်ကြသတဲ့၊ ခမည်းတော်သိဉ္စည်းမင်းကြီးက တောင်းပန်သော်လည်း လက်မခံကြ၊ ဝေဿန္တရာမင်းကို တိုင်းပြည်ကနှင်ထုတ်ဖို့အထိ တောင်းဆိုကြသတဲ့။

ပြည်ငြင်းတော့ မင်းမခံနိုင်၊ နောက်ဆုံး ဘယ်လိုမှ တောင်းပန်မရလို့ မင်းကျင့်တရားဆယ်ပါးတွင် အဝိရောဓန-အများပြည်သူနှင့် မဆန့်ကျင်ရဟူသောကျင့်ဝတ်အရ ပြည်သူ့ဆန္ဒကို လိုက်လျောပြီး တိုင်းပြည်က နှင်ထုတ်၊ နယ်နှင်ဒဏ်ပေးလိုက်ရသည်၊ ပဒေသရာဇ်ခေတ်၊ သက်ဦးဆံပိုင်စနစ်ဖြစ်သည်၊ သို့သော် သိဉ္စည်းမင်းကြီးသည် အာဏာကို ပထမနေရာ၌မထားဘဲ ပြည်သူကိုသာ ပထမ

နေရာ၌ထားကာ ပြည်သူကိုသာ ပထမမဏ္ဍိုင်ပြုခဲ့လေသည်။

အောင်မြင်မှုဟူသည် အများပြည်သူပရိသတ် ပထမမဏ္ဍိုင်နှင့် တိုက်ရိုက်ဆက်စပ်သည်၊ ဘုရားသော်မှ ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ ပရိသတ်လေးပါးစုံညီမှ ပရိနိဗ္ဗာန်ပြုခဲ့သည်၊ မာရ်နတ်က ပထမ ပရိနိဗ္ဗာန်ပြုဖို့လျှောက်တော့ ထိုပရိသတ်လေးပါး ပရိယတ်၊ ပဋိပတ် အဖက်ဖက်က ပြည့်စုံမှုမရှိသေးသမျှ ငါ ပရိနိဗ္ဗာန်မပြုနိုင်သေးဟု မိန့်ခဲ့သည်၊ နောက်ပြည့်စုံသောအခါ မာရ်နတ်က ပရိသတ်လေးပါး ဘုရားအလိုကျပြည့်စုံပြီးဖြစ်ကြောင်း လျှောက်ထားသဖြင့် ပရိနိဗ္ဗာန်ပြုဖို့ ဆုံးဖြတ်ချက်ချ အာယုသင်္ခါရလွှတ်တော်မူခဲ့သည်၊ ဗုဒ္ဓေါ လောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ-လောက၌ ဘုရားပွင့်လာခြင်းသည် သတ္တဝါအားလုံး၏ အကျိုးစီးပွားအတွက်ဖြစ်သည်၊ ဘုရားပွင့်ခြင်းသည်ပင် အများပြည်သူကို ပထမမဏ္ဍိုင်ပြု၍ ပွင့်ခဲ့လေသည်။ ။

## စာလုံးပေါင်းသတ်ပုံ

၁၉၉၅ - ၂၀၀၀ ခုနှစ်ဝန်းကျင်ဆီက မြန်မာသတင်းစာနှစ်စောင်မှာ ဆောင်းပါးရှင်တွေက ဆရာကြီးဦးရွှေအောင်၏စာတွေကို ဖတ်ပြီး ဆရာကြီး၏အတွေးအခေါ်တွေကို လိုရာဘက်ဆွဲသုံးသောဆောင်းပါးတွေ တော်တော်များများ ရေးခဲ့ကြသည်ကို မှတ်မိနေသည်၊ ထိုစဉ်က ဆောင်းပါးတွေမှာ ပါဠိတွေညှပ်၍ တော်တော်သုံးကြသည်၊ သုံးသမျှပါဠိတွေကလည်း အလွဲအမှားတွေ များလွန်းလှသည်၊ ကြာလာတော့ သည်အတိုင်း ကြည့်မနေနိုင်လို့ သတင်းစာအယ်ဒီတာချုပ်နှစ်ဦးထံ စာရေး၍ တောင်းပန်အကြံပြုရသည်။

"စာတစ်လုံး ဘုရားတစ်ဆူ" ဟု အဆိုရှိသဖြင့် ပါဠိစာတစ်လုံးမှားယွင်းခြင်းသည် ဘုရားကို ထိခိုက်ကြောင်း၊ ဘုရားက "ပါဠိသတ်ပုံမှားယွင်းခြင်းနှင့် ပါဠိအနက်ပြန်ပုံ မှားယွင်းခြင်းနှစ်မျိုးသည် သာသနာကွယ်ကြောင်းနှစ်ပါး" ဟု မိန့်ခဲ့သဖြင့် ပါဠိသတ်ပုံမှားယွင်းခြင်းသည် သာသနာတော်အတွက် အလွန်အန္တရာယ်ကြီးကြောင်း၊ ဓမ္မန္တရာယ်ထိုက်နိုင်ကြောင်း၊ ထို့ကြောင့် ပါဠိသုံးမည်ဆိုလျှင်

ပါဠိကျွမ်းကျင်သူတို့ထံ မေးမြန်းသင့်ကြောင်း ရှင်းလင်းရေးသား၍ စာပို့လိုက်သည်၊ အဲဒီကနောက်ပိုင်း သတင်းစာဆောင်းပါးတွေမှာ ပါဠိအသုံးအနှုန်း မတွေ့ရသလောက် ဖြစ်သွားသည်၊ မိမိစေတနာ သက်ရောက်မှုရှိသဖြင့် ဝမ်းသာရသည်။

မြန်မာစာ၏ အခက်အခဲက သတ်ပုံအဓိကဖြစ်မည်ထင် သည်၊ ရှေးသတ်ပုံက တစ်မျိုး၊ နောက်ပိုင်းခေတ်သတ်ပုံက တစ်မျိုး၊ မြန်မာစာထဲမှာ ပါဠိသက်ဝေါဟာရတွေက ရောညှပ်ပါနေတော့ နောက်ပိုင်း ဘုန်းကြီးစာနှင့်ဝေးသူတို့အဖို့ ပါဠိသတ်ပုံနှင့် ကြုံလာ သောအခါ တော်တော်အခက်တွေ့နေကြသည်၊ ပါဠိဆင့်တွေ ပါလာ လျှင် ပို၍ဆိုးတော့သည်။

ယနေ့ (၁၄. ၂. ၂၀၁၁) ထုတ်သော ဂျာနယ်တစ်စောင်မှာ ဆောင်းပါးခေါင်းစီးက “အတ္တာ ဟိ အတ္တနော **နတ္ထော**” ဟူ၍ ဖြစ် သည်၊ အမှန်က “နတ္ထော” မဟုတ်၊ “**နာထော**” သာဖြစ်သည်၊ “အတ္တာ ဟိ အတ္တနော နတ္ထော” ဟုဆိုလျှင် မိမိသည် မိမိအတွက် အကျိုးမရှိဟု အနက်အဓိပ္ပာယ်ထွက်သည်၊ “အတ္တာဟိ အတ္တနော နာထော” ဟု ဆိုမှ မိမိသည်သာ မိမိ၏ကိုးကွယ်ရာဟု အဓိပ္ပာယ် ထွက်သည်၊ ဆရာကြီးက သည်ပါဠိကို ခဏခဏသုံးသည်၊ သုံးတိုင်း လည်း မှားနေသည်၊ တစ်ခါကလည်း ဆရာကြီးက အတ္တာ ဟိ အတ္တနော နာထော နှင့် အတ္တသမံ ပေမံ နတ္ထိ ကို အဓိပ္ပာယ်လွဲမှားစွာ ဖော်ပြခဲ့သည်ကို ဖတ်ရဖူးသည်၊ သမ္ဗပ္ပလာပကိုလည်း သမ္ဗပလ္လာပဟု မှားယွင်းခဲ့သည်ကိုလည်း တွေ့ရဖူးသည်၊ အမှန်ကတော့ ပါဠိနှင့် မနီး စပ်သူတို့အဖို့ ပါဠိက “ကြားဖူးနား၀” အဆင့်သာ ရှိပါလိမ့်မည်၊ ထို့ကြောင့် စာရေးတုန်း သတိရလို့ ကောက်သုံးသောအခါ အမှားမှား

အယွင်းယွင်းဖြစ်ကြရပုံပေါ်သည်။

မကြာမီက မိမိအပတ်စဉ်ရေးနေသော အတွေးသစ်ဂျာနယ်မှာ မိမိက "လာဘ သက္ကာရ သိလောက" အကြောင်းရေးရာတွင် အယ်ဒီတာက "သက္ကာရ" ကို "သက္ကာယ" ဟု ပြင်လိုက်သည်၊ ပါဠိကိုတော့ ဘုန်းကြီးထက် ပို၍ မတတ်ချင်ပါနှင့်၊ "သက္ကာရ" က ပူဇော်သက္ကာရကို ဆိုလိုသည်၊ "သက္ကာယ" က "လောဘသက္ကာယ၊ သက္ကာယဒိဋ္ဌိ" တို့မှ လာသည်၊ တစ်ခါက မိမိက "ဗျာပါရ" အကြောင်းကို ရေးသည်၊ ကွန်ပျူတာသမားက "ဗျာပါဒ" ဟု ပြင်လိုက်သည်၊ "ဗျာပါရ" က ကြောင့်ကြဗျာပါရဖြစ်သည်၊ "ဗျာပါဒ" က ဒေါသဗျာပါဒဖြစ်သည်၊ ကိုယ်မတတ်၊ မကျွမ်းသည့်ကိစ္စမှာ ရမ်းဆရာလုပ်၍ မဖြစ်။

ပြည်အသံလွှင့်ဌာနတစ်ခုကလည်း "ဓနသဟာယ" ကို "ဓနသဟာရ" ဟု လျှာလိပ်ပြီး ရကောက်သံနှင့် အသံထွက်နေသည်ကို မကြာမကြာကြားနေရသည်၊ အများပြောပြောနေသော "ဗလက္ကာယ" ပြုခြင်းဆိုရာ၌ သတ်ပုံအမှန်က "ဗလက္ကာရ" ဖြစ်သည်၊ အဓိပ္ပာယ်က ဗလအားကိုးနှင့် နိုင်ထက်ကလူပြုခြင်း၊ အနိုင်ကျင့်ခြင်းဖြစ်သည်၊ "သျှင်ပါကူ" ဆေးခန်းဟု ဆိုသည်၊ အမှန်က "သျှင်ဗာကူ" ဖြစ်သည်၊ [ ဗာကုလ ဒွိ+ကုလ] အမျိုးနှစ်ခု၊ မိဘနှစ်စုံရှိသူဟု အဓိပ္ပာယ်ထွက်သည်၊ "ပယောဂ" ကို တချို့က "ပရောဂ" ဟု ရေးနေကြသည်၊ ပါဠိ၌ "ပရောဂ" ဟူ၍ မရှိ၊ "ပယောဂ"သာရှိသည်။

"အရောဂျံ ပရမံ လာဘံ" ဟု အများနှုတ်ကျိုးနေသော ပါဠိမှာလည်း အမှန်က "အရောဂျပရမာ လာဘာ" ဟူ၍ ဖြစ်သည်၊ ဆဋ္ဌသံဂါယနာတင်စဉ်က ရှေးမူ "အရောဂျံ ပရမံ လာဘံ"ကို တောင်မြို့ဆရာတော်က သဒ္ဒါအထောက် အထားခိုင်ခိုင်လုံလုံနှင့်

" အရောဂျပရမာ လာဘာ" ဟု ပြင်ပေးသတဲ့၊ ဒါကို တချို့ကလည်း လက်မခံကြဘူးတဲ့၊ နောက်ဆဋ္ဌမူ (ဆဋ္ဌသံဂါယနာတင်စာမူ) ကျမ်းစာအုပ်တွေ ထွက်လာတော့ တောင်မြို့ဆရာတော်၏ ပြင်ဆင်ချက်ကပဲ အတည်ဖြစ်ပြီး "အရောဂျပရမာ လာဘာ" ဟူ၍ ထွက်လာလေသည်။

အများနှုတ်တက်နေကြသည့် နောက်တစ်ခုက "ပုထုဇ္ဇနော ဥမ္မတ္တကော-ပုထုဇဉ်ဆိုတာ အရူးပဲတဲ့၊ တကယ့်ပါဠိအရှိက "ဥမ္မတ္တကော ဝိယ ဟိ ပုထုဇ္ဇနော-ပုထုဇဉ်က အရူးနှင့်တူသည်ဟု ဆိုသည်၊ အရူးဟု ရာနှုန်းပြည့်ဆိုခြင်းမဟုတ်၊ အရူးနှင့်တူသည်ဟုသာ ဆိုခြင်းဖြစ်သည်၊ နောက်တစ်ခု မှားနေတာက "ကာလံ ဒေသံ အဂ္ဂံ ခနံ"၊ အမှန်က "ကာလံ ဒေသံ အတ္တံ ခနံ" ဟူ၍ဖြစ်သည်၊ အဓိပ္ပာယ်က ဥစ္စာခနေ၏တန်ဖိုးကို ကာလနှင့်ဒေသ-အချိန်အခါနှင့် နေရာဌာနက ပိုင်းဖြတ်သည်ဟူ၍ ဖြစ်သည်။

နဝကမ္မကို တချို့က နဝကာမဟု ရေးကြသည်၊ နဝကမ္မဟူသည် ရဟန်းတော်တို့၏ အမှုကိစ္စအသစ်ပစ္စည်းလေးပါးကို ဆိုလိုသည်၊ အသပြာငွေကို ပစ္စည်းလေးပါးအတွက် ရည်မှန်း၍လှူဒါန်းခြင်းကို နဝကမ္မဟုဆိုသည်၊ နဝကာမ-ကာမအသစ်အတွက်ဆိုလျှင်တော့ သေပြီဆရာဟု ဆိုရတော့မည်။

ပါဠိကို အတော်အသင့် မလေ့လာဘူးသော စာရေးဆရာ အယ်ဒီတာတို့အဖို့ တခါတလေမှ တွေ့ရသော ပါဠိပါဌ်ဆင့် ခက်ရာခက်ဆစ်တွေကို နိုင်နင်းဖို့ဆိုသည်မှာ လွယ်တော့လည်း မလွယ်ပါ၊ ပါဠိတတ်ကျွမ်းသော ဆရာတော်များထံ၊ သို့မဟုတ် လူပျံတော်များထံ မေးစမ်းပြီးမှသာ အသုံးပြုသင့်ပါသည်၊ သို့မဟုတ် ပါဠိသက်ဝေါဟာရ အဘိဓာန်ကို ကြည့်သင့်ပါသည်၊ သို့သော် ပါဠိသက်ဝေါဟာရ အဘိ

ဓာန်မှာလည်း လုံးကောက်ဝေါဟာရလောက်သာ ပါရှိသဖြင့် အကောင်းဆုံးကတော့ ပါဠိကျွမ်းကျင်သော ဆရာတော်တို့ထံ မေးမြန်းပြီးပါမှ အသုံးပြုလျှင် ပို၍ သင့်တော်ပါလိမ့်မည်။

သည်နောက်ပိုင်းခေတ် စလုံး၊ ဆလိမ် မကွဲသည့်ပြဿနာကလည်း တော်တော်ကျယ်ပြန့်သည်၊ ငယ်ငယ် အမရပူရ ဂန္ဓာရုံမှာနေစဉ်က ကဆုန်လဆန်းအခါ ရွှေဘိုဝက်လက်နယ်တစ်ဝိုက်မှ အလှူခံရရှိလာသော ဆန်အိတ်တွေ ထမ်း၍ချရသည်၊ ဂိုဒေါင်ထဲ ပို့ရသည်၊ ကိုရင်ကြီးတစ်ပါးက "စန်အိတ်. . . စန်အိတ်" နှင့် အသံထွက်လို့ ဆရာတော်ဦးစန္ဒောဘာသက "ဒီကိုရင်က အခြောက်လိုလို ဘာလိုလိုနဲ့၊ ဆန်အိတ်တောင် ပီသအောင် မခေါ်နိုင်ဘူး" ဟု မာန်မဲသည်ကို ကြားခဲ့ဖူးသည်။

သူငယ်ချင်းတစ်ပါး၊ သာမဏေကျော်၊ သ. စ. အ၊ ဘီအေ၊ သူ သီလပေးလျှင် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ. . . ဓမ္မံ သရဏံ ဂစ္ဆာမိ" စသည်ဖြင့် "ဂစ္ဆာမိ" ကို "ဂစ္စာမိ" ဟု အမြဲတမ်းအသံထွက်သည်၊ အဘယ်ကြောင့် စလုံး၊ ဆလိန် မကွဲကြပါသနည်း၊ စလုံး၊ ဆလိန် ရောနေကြပါသနည်း၊ ဟိုတစ်နေ့က နာမည်ကြီး စာရေးဆရာတစ်ယောက်၏လက်ရေးမူမှာ "မိဘကျေးဇူး စပ်ဖြစ်အောင် စပ်ပါ" ဟု တွေ့ရတော့ အံ့ဩမိသည်။

နောက်တစ်ခု တဝမ်းပူ စသတ်ပါခြင်းနှင့်၊ မပါခြင်းကိစ္စ၊ ရှေးမူကတော့ တယောက်ကို တယောက်စသည်ဖြင့် ဘယ်ဟာမှ စသတ်မပါ၊ ရှင်းပါသည်၊ နောက်ပိုင်းတော့ တဝမ်းပူမှန်လျှင် စသတ်ပါသည်က များလာသည်၊ အမှန်တကယ် ဖြစ်သင့်သည်က သချာသဘောဆောင်မှ တဝမ်းပူကို စ,သတ်သင့်ပါသည်၊ သချာသဘော

မဆောင်လျှင် စ,မသတ်သင့်ပါ၊ ရဟန်းတစ်ပါး၊ လူတစ်ယောက်၊ တိရစ္ဆာန်တစ်ကောင်၊ အိမ်တစ်အိမ်၊ ရွာတစ်ရွာ၊ မြို့တစ်မြို့၊ ပန်းကန်တစ်လုံး၊ ရေတစ်ခွက်စသည် ယေဘုယျအားဖြင့် တစ်နှောင် နှစ်သုံးလေးစသည်ဖြင့် ဧကဝုစ်ကိန်းအပြင် ဗဟုဝုစ်ကိန်းရှိပါမှသာ တဝမ်းပူကို စ,သတ်သင့်ပါသည်၊ ဧကဝုစ်ကိန်းသာ ရှိ၍ ဗဟုဝုစ်ကိန်းမရှိနိုင်သော စကားလုံးမျိုးမှာ များသောအားဖြင့် စ,မသတ်သင့်ပါ။

မှတပါး၊ အခြားတပါးစသည်၌ သုံးသော တပါးသည် သချာသဘောမဆောင်သောကြောင့် စ,မသတ်သင့်ပါ၊ တချို့ကို တစ်ချို့ဟူ၍ စ,မသတ်သင့်ပါ၊ တဝမ်းပူ စ, သတ်သင့်၊ မသတ်သင့်၌ အချုပ်နားလည်ဖို့ကတော့ သချာသဘော ဆောင်မဆောင်၊ ဧကဝုစ်ကိန်း၊ ဗဟုဝုစ်ကိန်း ကွဲပြားမှုရှိမရှိကို စဉ်းစားဖို့သာ အဓိကဖြစ်ပါသည်၊ သချာသဘောဆောင်၍ ဗဟုဝုစ်ကိန်းရှိပါက စ, သတ်လိုက်ပါ၊ သချာသဘောလည်း မဆောင်၊ ဗဟုဝုစ်ကိန်းလည်း မရှိနိုင်လျှင် များသောအားဖြင့် စ,မသတ်သင့်ပါ။

လူကုံတံနှင့် လူကုံထံဟု သတ်ပုံနှစ်မျိုးတွေ့ရသည်၊ ရှေးသတ်ပုံက လူကုံတံဖြစ်သည်၊ ယခုခေတ်သတ်ပုံက လူကုံထံဖြစ်သည်၊ ဆရာကြီးရွှေဥဒေါင်း၏ စာအုပ်တစ်အုပ်မှာ ဖတ်ရတာကတော့ "လူဂုဏ်တန်" ဟူ၍ ဖြစ်သည်၊ ပညာဂုဏ်၊ ရာထူးဂုဏ်၊ ဥစ္စာဂုဏ်စသည် ဂုဏ်သရေရှိလူတန်းစားကို ခေါ်ဝေါ်သောအသုံးအနှုန်းဖြစ်လေတော့ လူဂုဏ်တန်ဟူသော စာလုံးပေါင်းသတ်ပုံကို ပို၍ နှစ်သက်မိသည်။

အမြဲသုံးနေကျ မှားတတ်သောသတ်ပုံတွေ များစွာရှိသည်၊ "ဂရုဏာ" ဟု ရေးလျှင် မှားသည်၊ "ကရုဏာ" ဟု ရေးမှ မှန်သည်၊ "ကိုယ့်ကိုယ်ကို" ဟု ရေးလျှင် မှားသည်၊ "ကိုယ့်ကိုယ်ကိုယ်" ဟု

ရေးမှ မှန်သည်၊ "ဝမ်းကြောင်း" ဟု ရေးလျှင် မှားသည်၊ "ဝမ်းကျောင်း" ဟု ရေးမှ မှန်သည်၊ "ကုန်ခမ်း" ဟု ရေးလျှင် မှားသည်၊ "ကုန်ခန်း" ဟု ရေးမှ မှန်သည်၊ "စွဲလန်း" ဟု ရေးလျှင်မှားသည်၊ "စွဲလမ်း" ဟု ရေးမှ မှန်သည်၊ "နှမျော" ဟု ရေးလျှင် မှားသည်၊ "နှမြော" ဟု ရေးမှ မှန်သည်၊ "လုံးပမ်း" ဟု ရေးလျှင် မှားသည်၊ "လုံးပန်း" ဟု ရေးမှ မှန်သည်၊ "ကြိုးပန်း" ဟု ရေးလျှင် မှားသည်၊ "ကြိုးပမ်း" ဟု ရေးမှ မှန်သည်၊ "အိမ်ယာ" ဟု ရေးလျှင် မှားသည်၊ "အိမ်ရာ" ဟု ရေးမှ မှန်သည်၊ "အိပ်ရာ" ဟု ရေးလျှင် မှားသည်၊ "အိပ်ယာ" ဟု ရေးမှ မှန်သည်၊ "အာရုဏ်" ဟု ရေးလျှင် မှားသည်၊ "အရုဏ်" ဟု ရေးမှ မှန်သည်။

ဥပါဒ်နှင့်ဥပဒ် နှစ်မျိုးရှိသည်၊ ဥပါဒ်က ဥပ္ပါဒမှ လာသည်၊ ဖြစ်ခြင်းဟု အနက်ထွက်သည်၊ ဥပဒ်က ဥပဒ္ဒဝမှ လာသည်၊ ဘေးဥပဒ်ဟု အနက်ထွက်သည်၊ "ပြဿဒ်" ဟု ရေးလျှင် မှားသည်၊ "ပြာသာဒ်" ဟု ရေးမှ မှန်သည်၊ ပါသာဒကနေ လာသည်၊ "ဝသန္တ" ဟု ရေးလျှင် မှားသည်၊ "ဝဿာန" ဟုရေးမှ မှန်သည်၊ "ဂိမာန်" ဟု ရေးလျှင် မှားသည်၊ "ဂိမှာန်" ဟုရေးမှ မှန်သည်၊ "သုဿန်" ဟု ရေးလျှင် မှားသည်၊ "သုသာန်" ဟုရေးမှ မှန်သည်၊ သုသာနကနေ လာသည်၊ "ပင်ကိုယ်" ဟု ရေးလျှင် မှားသည်၊ "ပင်ကို" ဟု ရေးမှ မှန်သည်၊ "သီရိ" ဟု ရေးလျှင် မှားသည်၊ "သိရီ" ဟု ရေးမှ မှန်သည်၊ "ဟီရိ" ဟု ရေးလျှင် မှားသည်၊ "ဟိရီ" ဟု ရေးမှ မှန်သည်၊ နှိုက်ချွတ်ရှာဖွေရေးရလျှင် မှားတတ်သောသတ်ပုံတွေ များစွာရှိပါသေးသည်၊ သတ်ပုံနိုင်နင်းဖို့ကတော့ တကယ့်မြန်မာစာဆရာကြီးတွေသာ နိုင်နင်းပါလိမ့်မည်။

ဝေါဟာရသတ်ပုံမှ ဘဝသတ်ပုံကို ငဲ့စောင်းကြည့်မိသည်၊ သတ်ပုံဟူသည် သတ်မှတ်ထားသော စည်းစနစ်ကျစွာ အံဝင်ခွင်ကျ ဖြစ်ခြင်းဖြစ်သည်၊ ဘဝမှာလည်း သတ်ပုံမှန်ဖို့ ကာရန်ညီဖို့ အရေးကြီးသည်၊ ပညာတွေ သင်ကြသည်၊ ဘဝသတ်ပုံ မှန်ဖို့ဖြစ်သည်၊ ဘဝကာရန်ညီဖို့ဖြစ်သည်၊ ဘဝသတ်ပုံမှန်ခြင်းဟူသည် လူ့ဝန်းကျင်နှင့် အံဝင်ခွင်ကျ လူမှန်နေရာမှန်ဖြစ်၍ လူ့လောကကို ကောင်းကျိုးပြုကာ လူ့လောကကို စည်ပင်သာယာစေခြင်းပင်ဖြစ်သည်၊ ဘဝကာရန်ညီခြင်းဟူသည် ကိုယ့်ဘဝ သူ့ဘဝ သက်ဆိုင်သူအားလုံးတို့၏ဘဝကို လှပစွာ၊ ချောမွေ့စွာ၊ ပြေပြစ်စွာ ထုဆစ်ပုံဖော်နိုင်ခြင်းပင်ဖြစ်သည်။

# ဓမ္မပိယစာပေ
# ပညာရေးပဒေသာပင်အလှူရှင်များ

၃၃ သိန်းကျပ်အလှူရှင်
ဦးချစ်လှိုင်+ဒေါ်ခင်မိမိ သမီး ဒေါ်ခင်ကေခိုင်မော်
၂၅ သိန်းကျပ် အလှူရှင်
ဦးထွန်းလင်း+ဒေါ်ရင်ရင်စိုး မိသားစု
၂၀ သိန်းကျပ် အလှူရှင်
ဦးတင်ထူး+ဒေါ်နွဲ့နွဲ့ဝင်း မိသားစု
၁၈ သိန်းကျပ် အလှူရှင်
ဒေါ်အေးကြိုင်(ခ)ဒေါ်ကြိုင်ကြိုင်
၁၃ သိန်းကျပ် အလှူရှင်
ဦးပု+ဒေါ်ကြည် မိသားစု
ဒေါ်သုမနစာရီ၊ ဦးမင်းစိန်+ဒေါ်နုနု
သား ဦးအောင်ချို၊ ကိုချိုထွန်း + မခင်နွယ်နွယ် မိသားစု
၁၁ သိန်းကျပ် အလှူရှင်
ကိုညီညီမောင်+မဇာခြည်နွယ်
၈ သိန်းကျပ် အလှူရှင်
ဦးစိုးနိုင်+ဒေါ်စိမ့်ဟန်နီ မိသားစု
၆ သိန်းကျပ် အလှူရှင်
ဦးသောင်းညာဏ်+ဒေါ်ခင်လှ မိသားစု၊ မန္တလေး *
ဦးကိုကိုလတ်+ဒေါ်သင်းသင်း သား မောင်လင်းထက်လတ်

**၅၀၀,၀၀၀ ကျပ် အလှူရှင်**

ဒေါ်ရှုအင်(ခ)ဒေါ်အေးရီ * ဦးကိုကို+ဒေါက်တာရီရီဟန်

**၄၀၀,၀၀၀ ကျပ် အလှူရှင်**

သမားတော်ကြီးဦးဉာဏ်လွင်+ဒေါ်ငွေငွေ မိသားစု *

* ဦးချစ်ထွေး+ဒေါ်ခင်ညွန့် သမီးကြီး ဒေါ်ယဉ်ယဉ်သန်း မိသားစု

**၃၀၀,၀၀၀ ကျပ် အလှူရှင်များ**

ဒေါ်နီနီသင်း * မောင်ဖြိုးထက်မင်းဟန် * ဒေါ်တင်မေထွတ် *

**၂၅၀,၀၀၀ ကျပ် အလှူရှင်**

Drခင်မောင်ထွေး (မောင်ဥဩ ဆေး ၁)

*ဦးစိုးဝင်း+ဒေါ်နီလာရွှေ မိသားစု* Drမြမြခိုင် မိသားစု

**၂၀၀,၀၀၀ ကျပ် အလှူရှင်များ**

မငယ်လေး ( USA ) * ဦးထက်အောင်ကို+ဒေါ်စန္ဒာငြိမ်း *

ကိုရာကျော်ငြိမ်း * ဦးကျော်ထွတ်+ဒေါ်စန်းစန်းဝင်း

*ဦးဆန်ပန်အားရည်စူး၍ သမီး ဒေါ်နန်းထွန်း*

ကိုလှထူး+မကျင်ကျင်နိုင်( USA ) *

ဒေါက်တာမြင့်ဦး+မရီကို(UK)* ဦးငွေရွှေ+ဒေါ်မြင့်မြင့်နိုင် မိသားစု *

**၁၅၀,၀၀၀ ကျပ် အလှူရှင်များ**

ဒေါ်မြထူး * Drစိုးလွင်+ဒေါ်လှလှချော မိသားစု

* ဦးချစ်ဆွေ+ဒေါ်ကျင်ရွှေ သမီး စမ်းစမ်းအေး

ဦးမျိုးဦး+ဒေါက်တာဝေဝေနွယ် သမီး ကြည်ပြာနွယ်

အေးဇာနွယ်* Dr.ဘုန်းမြင့်အေး+ဒေါ်ရီရီခင် (HK)

**၁၀၀,၀၀၀ ကျပ် အလှူရှင်များ**

မော်လမြိုင် ရွှေတောင်ကုန်းဆရာတော် *

ရွှေနေဦးဇော်ဝင်း+ဒေါ်ခင်အေးမြင့် မိသားစု * ဒေါ်အုန်းကြည် *

ဦးစိုးသီ+ဒေါ်ခင်ခင်အေး * ဒေါ်သောင်းလှ(မန္တလေး) ဦးတာ မိသားစု *

ဒေါ်အေးသိန်း၊ သမီး သူဇာစန်း * ဒေါ်ခင်ညွန့်၊ ဒေါ်မေသီတာသန်း
*ဒေါ်ခင်မြဝင်း * ဒေါ်ခင်အေးမြင့် ညီအစ်မတစ်စု * ဒေါ်လဲ့လဲ့မြင့်
သား ပြည့်ဖြိုးမောင် * ဦးမြင့်ကျော်+ဒေါ်မာမာချို သမီး အိအိန္ဒြာကျော်
ဦးညွန့်လွင်+ဒေါ်နုနုအောင် မိသားစု * ဦးမြင့်ဦး+ဒေါ်ညိုညိုသန်း
မိသားစု * ဦးကျော်သင်း+ဒေါ်တင်ရီ * ဦးအေးကြင်+ဒေါ်စန်းစန်းရီ
* ဦးစိုးအောင်+ဒေါ်တင်နှစ် သမီး စိုးစိုးဝင်း *
* ဦးဒေါက်+ဒေါ်စံပယ်ဖြူ * မိဘနှစ်ပါးဦးထား၍ မသင်းသင်းမော်*
မရည်မွန်နိုင်( USA) * ဦးသိန်းဇော်+ဒေါ်ခင်ဆွေအေး မိသားစု*
ဦးခင်မောင်သွင်+ဒေါ်သန်းသန်းနွယ် သား မောင်သူရ*
မောင်ကျော်ခိုင်+မဖြူဖြူစိုးမောင်(နောင်ချို) * ဦးခိုင်စိုး+ဒေါ်ခင်စန်းမြင့်
သား စိုးသက်ပိုင် * (ဦးကျော်ညွန့်)+ဒေါ်လှမြင့် မိသားစု
*ဦးရဲမြင့်+ဒေါ်နွဲ့နွဲ့ရီ သမီး ဝင့်ဝါဖူး * ဓမ္မစကျွဲယောဂီများ(L.A)
သုတအောင်စာပေနှင့် ကန်ဇွန်းအင်းပညာရေးမိသားစု(မြိတ်မြို့)
* ဗိုလ်မှူးသိန်းမြင့်အား ရည်စူး၍ ဒေါ်ခင်မြင့်၊ သမီး မဥမ္မာခင်

၈၀,၀၀၀ ကျပ် အလှူရှင်များ

ဦးဇော်သိန်း+ဒေါ်ကြူကြူလှိုင်မိသားစု
*ဦးဝင်းနိုင်+ဒေါ်မာမာ * ဦးဖေသန်း+ဒေါ်နွဲ့နွဲ့လှိုင် မိသားစု

၅၀,၀၀၀ ကျပ် အလှူရှင်များ

ကိုသန်းထွဋ်အောင်+မစန်းစန်းမြင့် သမီး စန္ဒီမြင့်အောင်*
ဒေါ်လှလှဟန် မိသားစု * ဦးခင်မောင်ဦး+Dr.ကြူကြူလွင် *
မစွတာဝမ်+မစန်းစန်းဌေး ( HK ) * ဦးမြင့်အောင်+ဒေါ်ခင်တီ
*ဒုရဲအုပ်အောင်သိန်း * ဦးလွင်ဦး+ဒေါ်အေးအေးသန်း
*ဒေါက်တာရဲနိုင်+ဒေါ်ခင်လေးရီ * မောင်သန့်ဇင်ထူး+မသက်မာဇင်
* ဦးမျိုးညွန့်လင်း+ဒေါ်ပြုံးပြုံးဟန်* ဒေါ်တင်တင်လှိုင်၊ မောင်လှိုင်ဦး၊
မောင်ဂျယ်နီ * ကိုသန်းနိုင်+မခင်ခင်စန်း *ဒေါ်နွယ်နီစိန်၊ ဒေါ်ရီရီဝေ*

မောင်ကျော်စန်းလင်း ✱ ဦးဟန်ဝင်း+Dr.တင်တင်ဝင်း ✱ ဒေါ်စိုးစိုးအေး
✱ဦးသိန်းစိန်+ဒေါ်ဖြူဖြူဝင်း ✱ ဂျွန်ကျော်ထင်ဘုန်းအေး✱
ဦးလှတင်+ဒေါ်လှလှဝင်း ✱ ဦးဝင်းမြင့်+ဒေါ်အေးအေးတင်
✱ ဦးညွန့်ရွှေ+ဒေါ်ညွန့်ရီ သမီးဖြူဆုမွန် ✱ မမဥ္ဇူ မမာလာ ✱
✱ရွှေနေဒေါ်ငွေငွေ ✱ ဦးပညာမိက(သာယာဝတီ)✱
Dr.ကျော်ဇေယျ+Dr.ညွန့်ညွန့်ဝေ မိသားစု
✱ Peterစည်သူဘုန်းအေး+Sarah (နယူးဇီလန်)
✱ ဦးသိန်းအောင်+ဒေါ်ဝင်းဝင်းမေ ✱ ဆရာမဒေါ်မြင့်မြင့်ငွေ ✱
Dr.Bryce+Dr.Alice မျိုးမမသင်း မိသားစု ✱ဒေါ်ဘေဘီ၊
ဒေါ်တင်မေရီ ✱ ဦးဝင်းမော်+ဒေါ်ခင်သန်းဦးမိသားစု ✱
ဒေါက်တာတင်ဝါဝါဝင်း✱ ဦးမင်းညို+ဒေါ်မေမေလှ မိသားစု

**၃၀,၀၀၀ ကျပ် အလှူရှင်များ**

ဒေါ်တိုးတိုးခိုင် ✱ ဦးအောင်ဒိုင်း+ဒေါ်မြမြလွင် မိသားစု ✱ ဒေါ်စုစုမြင့်
✱ဒေါ်သဇင်မိုး ✱ ဦးကျင်စိန် (သမီး) Dr. စုစုလှိုင် ✱
ဒေါ်လှလှအေး+သား လူမွန်ငြိမ်းအေး ✱ ဦးဝင်းလှိုင်✱
ဦးကျော်ငွေ+ဒေါ်လှရီ မိသားစု✱ ဒေါ်အေးသန်း ✱
ဦးသိန်းအောင်+ဒေါ်ယဉ်လှိုင် ✱ မောင်အောင်ကိုမင်း ✱
ဦးညွန့်ဝင်း+ဒေါ်ခင်မာကြူ သား ဗိုလ်ကြီးစိုးသူရဝင်း ✱
ဦးစိုးမြင့်+ဒေါ်သက်သက်တင်မိသားစု✱
ဦးစိန်မင်း+ဒေါ်ငြိမ်းငြိမ်းဟန်✱ ကိုအောင်မျိုးကျော်+မသင်းသင်း✱
မနန်းလေးလေး✱ Dr.အေးအေးနိုင် ✱
ဦးထင်ကျော်+ဒေါ်စူစီစိန် မိသားစု ✱

**၂၀,၀၀၀ ကျပ် အလှူရှင်များ**

ဒေါ်စိုးစိုးထွန်း ✱ ကိုအောင်နိုင်ထွန်း ✱ ဆရာမကြီးဒေါ်လှလှမြင့် ✱
✱ဦးကျော်ကျော်+ဒေါ်တိုးတိုးလွင်မိသားစု ✱ဦးအောင်သန်းမြင့်

*ဦးလှမိုး+ဒေါ်မြသီတာ* Dr. အောင်စိုး+ Dr. လဲ့လဲ့အောင်*
ဦးတင်မြင့်* ဦးဝင်းဖေ+ဒေါ်ယဉ်ယဉ်အောင် မိသားစု *
မောင်ကျော်ဇီဝ* ဒေါ်သိန်းသိန်း * ဦးထွန်းကြည်+ဒေါ်ဘေဘီညွန့်*
ဒေါ်ငွေးငွေးကြည် မိသားစု * ဒေါ်ဝင်းဝင်းရီ *
ဒေါ်ကျင်စိန် မိသားစု * ဒေါ်ရီရီဝင်း မိသားစု*
ကိုဇော်ထွန်း+မနွယ်နီဇော်၊ သား-မောင်ဟိန်းဇော်နောင်၊
သမီး-မမြတ်မဥ္ဇူသင်း * ဒေါ်တင်တင်ခိုင် *

**၁၅,၀၀၀ ကျပ် အလှူရှင်များ**

မလှနွယ်ဝင်း၊ မစုမော်မော်သန်း *ဒေါ်ကြင်ယုံ သမီး အေးအေးမာ *
ဦးချစ်ထွန်း+ဒေါ်ဇင်မာဝင်း သမီးဖြူဖြူဇင် *
*ကိုသီဟသူ+မထွဋ်သီရိဝင်း*
ဦးအောင်နိုင်စိုး+ဒေါ်အေးအေးမူ မိသားစု

**၁၀,၀၀၀ ကျပ် အလှူရှင်များ**

ဦးပဏ္ဍိစ္စ (ဓမ္မပိယ) * မအိအိခိုင် (စက်ဘုပ္ပ) * ဒေါ်အေးအေးမြင့် *
ဦးစံရွှေ+ဒေါ်သန်းယဉ် မိသားစု* အရှင်အဂ္ဂဉာဏ *
ဦးထွန်းမြင့်+ဒေါ်သန်းသန်းအေးမိသားစု *ဦးမောင်မောင်သန်း
*ဒေါ်ရီရီသန်း မိသားစု * ဒေါ်ခင်မိမိလေး*ဒေါ်တင်တင်ခိုင် *
မောင်ဇော်မျိုးလှိုင် * ဒေါ်အေးအေးလွင်*မဝင့်ဝါဖူး * ညီညီ၊ မိုးမိုး
*ကိုအောင်အောင်+မသင်းသင်းဟန် *မနှင်း *စာရေးဆရာမကြီး
ဒေါ်ခင်စောတင့် * ဒေါ်တင်တင်စိန် * ဒေါ်လဲ့လဲ့ကျော် *
ဒေါ်ခင်စန်းမြင့်* ကိုထွန်းနိုင်ဝင်း * ဆရာမဒေါ်စန်းစန်း*ဒေါက်တာ
ခင်ဝင်းနွယ် *ဒေါ်ထွန်းမြင့် သား မောင်ငြိမ်းချမ်း+မထွန်းပပ
*ဦးအေးသောင်း+ဒေါ်စော * ဒေါ်ကျင်စိန် *
*ဦးသန်းမောင်+ဒေါ်ဝင်းမေ (ရွှေဘို) *ဒေါ်မြင့်မြင့် မိသားစု
*ဒေါ်သီတာ *စာရေးဆရာ မောင်မြင့်ထွန်း *ဦးဝင်းစိုး+ဒေါ်စန်းကျင်

* ဦးလှရွှေ+ဒေါ်သင်းမြ *မောင်ကောင်းဆက်မင်း+မအေးမြယမုံ *
ဒေါ်နွဲ့အေးမိသားစု* ဦးဝင်းမြင့်ဟိန်း+ဒေါ်သီသီမော်မိသားစု*
ဒေါ်ဝင်းကြည်၊ ဒေါ်မြင့်မြင့်စန်း* ဒေါ်တင်တင်ချို * ဒေါ်စန်းစန်းလွင်*
ဦးမောင်မောင်ကြီး+ဒေါ်စန်းကြည် * ဦးလှအောင်+ဒေါ်နုနုရီ *
ဒေါ်မာမာမြင့်*မအေးအေးအောင် မအေးအေးမွန် မရေကြည်စိုး
မထက်ထက်မိုးဖြူ*မောင်ရဲလင်း+ဒေါက်တာအိအိသူ( USA )ဒေါ်ဝင်းစိန်
ဒေါ်စန်းမြိုင်* ကိုသန်းထွေးမိသားစု(ရှိုင်းဟုပ်) * ဒေါ်လှရီ မိသားစု*
ဦးရွှေသန်း+ ဒေါ်နုနုခင် မိသားစု * ဒေါ်သီတာထွန်း မိသားစု* .
ဦးကျော်ဝင်းစိန်+ဒေါ်အေးနှင်းအောင် မိသားစု (ကျောက်ဆည်)
မဇွန်ဇာအောင် * ဒေါက်တာ မောင်မောင်အုန်း+ဒေါ်ပါစီအုန်း*
ဒေါ်ရီရီသန်း မိသားစု * ဦးရန်လင်း+ဒေါ်စန္ဒီရွှေ မိသားစု*
*ဦးမြင့်နောင်+ဒေါ်ကျင်ငွေး မိသားစု*အဖဦးစိုင်းလူအားရည်စူး၍
လှေအေးခမ်း * ဦးလှရွှေ+ဒေါ်သင်းမြမိသားစု *
ဒေါ်သိန်းသိန်း မောင်နှမတစ်စု*
ဦးတင်မောင်ငြိမ်း+ဒေါ်မြမြစန်း မိသားစု*

**၅,၀၀၀ ကျပ် အလှူရှင်များ**


အောင်မြင့်မြတ် *ဒေါ်ခင်သန့်မူ မိသားစု*ဒေါ်ကြင်စိန်
*ဦးတင်မောင်ရီ+ဒေါ်ချိုချိုသန်း မိသားစု*မောင်ရဲဇော်နိုင်ထွန်း
*မဆွေဆွေမာ*ဒေါ်ခိုင်မာအောင်*မကြူကြူခိုင်ဝင်းနှင့်သူငယ်ချင်းတစ်စု
*မောင်နန္ဒမင်းထက်+မဝါဝါထွန်း
*ဦးစိုးဝေ+ဒေါ်ယဉ်နု* မမို့မို့သက်နှင့် သူငယ်ချင်းတစ်စု
*ဦးချစ်မောင်+ဒေါ်ကြည်ဝင်း မိသားစု *ဒေါ်ခင်မာအေး မိသားစု
*ဦးမောင်မောင်ရီ+ဒေါ်ခင်အေး မိသားစု*ဦးကျော်အောင်+ဒေါ်ခင်စန်း
*ဒေါ်ဘေဘီသော် *ဦးစိန်ဝင်း+ဒေါ်ဝင်းဝင်းကြည် မိသားစု
*အေးအေးအောင်နှင့် သူငယ်ချင်းများ* ဦးညွန့်လှ+ဒေါ်စန်းကြည်

* မောင်အောင်ဆန်းမင်းနှင့် မဝင်းဝါဝါဖြိုး * ရှင်နန္ဒဝံသ *
* မစောစောဦး * ဦးကိုလေး+ဒေါ်ချိုချိုဝင်း *
ကိုအောင်မြင့်စိုး+မခင်သစ္စာ* ဒေါ်သန္တာဝင်းလတ် (စံပြဆေးရုံ)
*ဦးအုန်း+ဒေါ်ခင်လှမြင့် * ဦးစိုင်းသော်ဝင်း+ဒေါ်ဥမ္မာနေထွန်း
ဦးနိုင်အေး+ဒေါ်ကလျာနေထွန်း* ဒေါ်ချယ်လီထွန်း *
ဒေါ်တိုးကြည်* ဒေါ်စုစုလှိုင် * ဦးရဲထွန်း+ဒေါ်လွင်လွင်မာ *
ဒေါ်ဝင်းဝင်းမေ * ဦးကျော်သန်း+ ဒေါ်ခင်ဌေးဝင်း*
မရွှေဝတ်ရည်လင်း * ကိုဝင်းဌေးဦး၊ မောင်မျိုးထွန်းအားရည်စူး၍
ဦးတင်မြင့်+ဒေါ်အေးအေးစိုး * မောင်ထူးဝေလွင်၊ မောင်ဖြိုးငြိမ်းကျော်*
နှစ်ဘက်မိဘများရည်စူး၍ ဦးကျော်ကြီး+ဒေါ်စန်းစန်းမော် မိသားစု *
မိဘများအားရည်စူး၍ ဦးကြူဟောင်+ဒေါ်ကျင်မေ၊ သား-ဦးအောင်မြိုင်-
သမီး-ဒေါ်ကြည်လှိုင်၊ သား-ကိုမြင့်စိန် *
ဖခင်ကြီးအားအမှူးထား၍ မိခင်ကြီးအားရည်စူး၍ ဒေါ်တိုးတိုးခိုင် *
မိဘများအားရည်စူး၍ ဦးစိန်မင်း+ဒေါ်ညိမ်းညိမ်းဟန်၊ သား-
မောင်သူရထက်နိုင် မိသားစု * ဦးမင်းအောင်အားရည်စူး၍
မထက်ထက်ဖြိုးသွယ် * မိဘနှစ်ပါးအားရည်စူး၍ ဒေါ်ဝင်းစိန် *
ဖခင်ဦးတင်လတ် မိခင်ဒေါ်တင်ရီတို့ကိုရည်စူး၍ သမီး မဥ္ဇူ *
ဦးကျော်ဝင်+ဒေါ်ခင်စန်းဝင် *မောင်ဇော်ဝင်းထွန်း* (၇. ၅. ၂၀၁၁)

# ထွက်ပြီးစာအုပ်များ

၁။ ဒသနရှုခင်း ၁
၂။ ဒသနရှုခင်း ၂
၃။ ဒသနရှုခင်း ၃
၄။ ဘာ၀နာကထာ
၅။ ဘ၀ဒဿန
၆။ စကားကြီးအခွန်းတစ်ရာ
၇။ နိဗ္ဗာန်သွားလမ်း မြတ်ပဋ္ဌာန်း
၈။ အမြင့်ဆုံးကုသိုလ်၊ အမြတ်ဆုံးတရား
၉။ ပါရမီဖြည့်ဖက် ရွေးရေစက်
၁၀။ အချစ်ဆုံးမို့ အပြစ်မဖုံးစေချင်
၁၁။ ပညာရှိမှမင်္ဂလာရှိမည်
၁၂။ ပညာတတ်တာ မင်္ဂလာ
၁၃။ ချမ်းသာချင်သလား ဒါဆောင်ထား
၁၄။ ပေးတာကမ်းတာ မင်္ဂလာ
၁၅။ ရေမြင့်မှ ကြာမြင့်မည်
၁၆။ တရားကျင့်တာမင်္ဂလာ
၁၇။ ဗုဒ္ဓနှင့် ဗုဒ္ဓဂုဏ်ရည်
၁၈။ စိတ်တံခါး ပိတ်မထားပါနှင့်
၁၉။ ဆယ့်နှစ်လရာသီ ပွဲတော်များ
၂၀။ အမြတ်ဆုံးဥစ္စာ စိတ်ချမ်းသာ
၂၁။ ဘာ၀နာကထာ (ဒုတိယအကြိမ်)
၂၂။ (၈+၉+၁၀) ပေါင်းချုပ်
၂၃။ ကျွန်လည်း မဖြစ်လိုပါ ကျွဲလည်း မနစ်လိုပါ
၂၄။ လွမ်းလို့သာ ကျန်ရစ်ခဲ့ပါစေလေ
၂၅။ တောင်သမံအင်းကမ်းနံဘေးမှ လွမ်းတေးတစ်ပုဒ်

၂၆။ မင်္ဂလာရှုခင်း
၂၇။ နားလည်မှုမှ ပြေလည်မှုသို့
၂၈။ ဒို့နိုင်ငံတော်
၂၉။ ထေရဝါဒဗုဒ္ဓသာသနာ
၃၀။ ချမ်းသာသောလူ ဆင်းရဲသောစိတ်
၃၁။ အဆင်းမရှိသောလမ်းမှ အဆင်းရှိသောပန်း
၃၂။ လွမ်းလို့ကျန်ရစ်ခဲ့မှာကိုတော့ အားမနာပါနှင့်လေ
၃၃။ လူ့ဘဝအနှစ်သာရနှင့် ဘဝဒဿနများ
၃၄။ သုတစာပေနှင့်ရသစာပေ
၃၅။ ပညာသယံဇာတ
၃၆။ ဒဿနရှုခင်း (၁)
မှတ်ဖွယ်မှတ်ရာ ဗုဒ္ဓဘာသာ
၃၇။ ဒဿနရှုခင်း (၂)
အလိုတော်ပြည့်တဲ့နေ့နှင့် အခြားဒဿနများ
၃၈။ ဒဿနရှုခင်း (၃)
ဘဝ၊ ဓမ္မ၊ သံဝေဂဒဿနစာစုများ
၃၉။ မှတ်ဖွယ်မှတ်ရာပဋ္ဌာန်းဒေသနာ
၄၀။ လူ စွမ်း ကောင်း
၄၁။ အ,သောသူသည် ချစ်သည်၊ ချစ်သောသူသည် အ,သည်
၄၂။ နိဗ္ဗာန်သွားလမ်း မြတ်ပဋ္ဌာန်း (ဒုတိယအကြိမ်)
၄၃။ ဘာဝနာကထာ (ဒုတိယအကြိမ်)
၄၄။ အောင်မြင်မှုနှင့် ပထမမဏ္ဍိုင်



အရှင်သံဝရာလင်္ကာရ
ဓမ္မပိယဆရာတော်
အောင်မြင်မှုနှင့် ပထမမဏ္ဍိုင်